# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက် ၂၀၂၁ ခုနှစ်၊ မေ ၁၃ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၂၂၂)


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)

# ရန်ကုန်အခြေခံပညာကျောင်းများ လာမည့်ပညာသင်နှစ်တွင် အခက်အခဲမရှိ သင်ကြားနိုင်ရေး အဆင်သင့်ဖြစ်နေ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများအားလုံး ပညာရေးဝန်ကြီးဌာန လမ်းညွှန်မှု၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ လာမည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ထက်၊ လယ်၊ မူကျောင်းများအားလုံး အခက်အခဲမရှိ ဖွင့်လှစ်သင်ကြားနိုင်ရေး အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❄



ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အထက-၆ (ယခင်စိန့်ပေါလ်ကျောင်း) ကို တွေ့ရစဉ်။

ဓာတ်ပုံ- မင်းထက်

## အမှန် အမှား ခွဲခြားဆင်ခြင် ဂုဏ်ယူနိုင်ကြပါစေ

ဆောင်းပါး စာ » ၆

## အကြမ်းဖက်မှုမှန်သမျှ ပြည်သူနှင့် ပူးပေါင်း ဖယ်ရှားရန် အရေးကြီးပြီ

ဆောင်းပါး စာ » ၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၅/ ၂၀၂၁) အား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၅/၂၀၂၁)ကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲအား မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ MOI Website၊ MOI Youtube နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်/ကောလိပ်/သိပ္ပံများ၏ နောက်ဆုံးနှစ်သင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

နေပြည်တော် မေ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် သင်ကြားပို့ချလျက်ရှိသည့် သင်တန်းအားလုံးကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေအရ ကျောင်းပိတ် ရပ်နားခဲ့ရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေး လုပ်ငန်းစဉ်များကြောင့် ရောဂါကူးစက်ပျံ့နှံ့မှု အတိုင်းအတာတစ်ရပ်အထိ ထိန်းချုပ်ဆောင်ရွက်နိုင်ပြီဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့၏ နောက်ဆုံးနှစ် သင်တန်းများအား မေ ၂၄ ရက်တွင် လည်းကောင်း၊ ဘွဲ့လွန်သင်တန်းများအား ဇွန် ၁ ရက်တွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အလားတူ သမဝါယမတက္ကသိုလ် (သန်လျင်) နှင့် သမဝါယမတက္ကသိုလ် (စစ်ကိုင်း) တို့၏ နောက်ဆုံးနှစ်သင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများကိုလည်းကောင်း၊ စိုက်ပျိုးရေးသိပ္ပံများ၏ နောက်ဆုံးနှစ်သင်တန်းများကိုလည်းကောင်း ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ထို့အပြင် ကောလိပ်သုံးခုကိုလည်း ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပျဉ်းမနား-တောင်တွင်းကြီး-ပျဉ်းမနား အမှတ် (၁၀၃) အဆန်၊ အမှတ် (၁၀၄) အစုန် RBE ရထားပြေးဆွဲမည်

နေပြည်တော် မေ ၁၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားသည် ရထားစီး ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် ရထားများ ပြေးဆွဲပေးလျက်ရှိရာ ယခုထပ်မံ၍ ပျဉ်းမနား-တောင်တွင်းကြီး လမ်းပိုင်း၌ အမှတ် (၁၀၃) အဆန်၊ အမှတ်(၁၀၄) အစုန် RBE ရထားအား ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မေ ၁၅ ရက်မှစ၍ ပျဉ်းမနား -တောင်တွင်းကြီး - ပျဉ်းမနား ခရီးစဉ်၌ အမှတ် (၁၀၃) အဆန်၊ အမှတ် (၁၀၄) အစုန် ရထားအား RBE (၂)တွဲဖြင့် စတင်ပြေးဆွဲပေးမည်ဖြစ်ပြီး အမှတ်(၁၀၃)အဆန် ရထားသည် ပျဉ်းမနားမှ နေ့စဉ် နံနက် ၆ နာရီ ထွက်ခွာပြီး တောင်တွင်းကြီးသို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါ ရထားသည် အမှတ် (၁၀၄) အစုန်ရထားအဖြစ် တောင်တွင်းကြီးမှ နေ့စဉ် မွန်းတည့် ၁၂ နာရီ ထွက်ခွာ၍ ပျဉ်းမနားသို့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ပြီး ဘူတာစဉ် ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့အလင်း

## တိုင်းဖျက်ပြည်ဖျက် ဆိုးရွားသည့်လုပ်ဆောင်ချက်

ကိုဗစ်-၁၉ ကပ်ရောဂါကို အကြောင်းပြု၍ စာသင်နှစ်တစ်နှစ် ဆုံးရှုံးသွားခဲ့ရပြီးနောက် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ရောဂါကူးစက်ပျံ့နှံ့မှု ရှိနေသေးသည့်တိုင်အောင် ကျောင်းများ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများ ပညာသင်ကြားမှုကာလရှည်ကြာ ဆုံးရှုံးနစ်နာမှု မရှိအောင် ဆောင်ရွက်ပေးခြင်းလည်း ဖြစ်သည်။ အကယ်၍သာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအခြေအနေ စိုးရိမ်ဖွယ်ဖြစ်လာလျှင်လည်း စာသင်ကျောင်းများဖွင့်လှစ်သင်ကြားမှုကို ပြန်လည်စဉ်းစားသုံးသပ်မှုပြုလုပ်ရလိမ့်မည်ဟု ယုံကြည်မိသည်။

မြန်မာနိုင်ငံတွင် လူဦးရေထူထပ်သိပ်သည်းမှု အမြင့်မားဆုံးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း အားလုံး၌ ကျောင်းသားကျောင်းသူဦးရေ တစ်သန်းကျော်ဝင်ရောက်ပညာသင်ယူကြတော့မည်ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာလည်း သန်းနှင့်ချီသည့် ပညာသင်အရွယ်ကလေးများ ပညာသင်ယူခွင့်မဆုံးရှုံးစေရန် မိဘနှင့်အုပ်ထိန်းသူများက အထူးအလေးပေးဆောင်ရွက်ကြရန်လိုသည်။ အခမဲ့ပညာရေးဖြစ်သည့်အတွက် မည်သည့်ငွေကြေးမျှ ကုန်ကျစရာမလို။ ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ပါးစပ်နှာခေါင်းစည်း၊ မျက်နှာကာသည့် Face Shield တို့ကိုပါ နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးထားရာ မိမိတို့နေထိုင်ရာနယ်မြေထဲရှိ ကျောင်းများ၌ ကျောင်းအပ်နှံရေး သီတင်းပတ်အတွင်း အပ်ဖြစ်အောင် အပ်ပေးကြရန်သာ လိုအပ်သည်။

ယမန်နှစ်က ကိုဗစ်-၁၉ ရောဂါကြောင့် ကျောင်းများပိတ်ခဲ့ရပြီးနောက် ယခုနှစ်တွင်မူ ကိုဗစ်က အရှိန်တန့်နေသယောင်ရှိသော်လည်း အဖျက်အမှောင့်များ၏ ခြိမ်းခြောက်နှောင့်ယှက်မှုများက ဖြစ်ပေါ်လာသည်။ စင်စစ်အားဖြင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတို့မှ ကလေးငယ်တို့၏ ပညာသင်ကြားမှုအပေါ် ခြိမ်းခြောက်စကား ဆိုကြခြင်းမှာမူ ယဉ်ကျေး၍ အထက်တန်းကျသည့် မည်သည့် နိုင်ငံသားမဆို လက်ခံမည်မဟုတ်သည့် နိမ့်ကျလှသော အပြုအမူပင်ဖြစ်သည်။ ဆင်ခြင်တုံတရား ကင်းမဲ့နေပြီဖြစ်သော အစွန်းရောက်အတွေးအခေါ်မျိုးဖြင့် ခြိမ်းခြောက်နှောင့်ယှက်သူက နှောင့်ယှက်၊ နိုင်ငံရပ်ခြားတွင် နေထိုင်သူ၊ ကျောင်းနေအရွယ် ကလေးမရှိသူ၊ ကိုယ့်ကလေးများကို နိုင်ငံတကာကျောင်း၊ ပုဂ္ဂလိကကျောင်းများ၌ ထားနေသူတချို့ကလည်း အလိုတူအလိုပါသံယောင်လိုက်ကာ ဘေးတီးပေးနေကြသည်ကိုလည်း တွေ့ရသည်။ အစိုးရဆန့်ကျင်ရေးဟုဆိုကာ ကလေးငယ်များ၏ ပညာသင်ယူခွင့် အခွင့်အရေးကို လိုက်လံပိတ်ပင်တားဆီးနေကြခြင်းမှာ ကလေးများအပေါ် အမြတ်ထုတ်ရန် ကြံရွယ်သည့် ရက်စက်ယုတ်မာမှုသက်သက်မျှသာဟု ဆိုရမည်ဖြစ်သည်။

“မိမိတို့အနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာတတ်မြောက်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ ယခင်အစိုးရများက ရေးဆွဲအတည်ပြုခဲ့သည့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းအတိုင်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်မဖွင့်လှစ်နိုင်ရေး နှောင့်ယှက်ဆောင်ရွက်နေမှုများသည် တိုင်းပြည်ဖျက်နေသည့်လုပ်ရပ်ဖြစ်ပြီး ဆိုးရွားသောလုပ်ဆောင်ချက်ဖြစ်ကြောင်း၊ အဆိုပါ အဖျက်လုပ်ငန်းဆောင်ရွက်နေမှုများကို ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်သွားရန်လိုကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁၀/၂၀၂၁) တွင် ပြောကြားခဲ့သည်။

အခြေခံပညာကျောင်းနေအရွယ်ကလေးများသည် များစွာငယ်ရွယ်နုနယ်သေးသည့် ကလေးများဖြစ်သည်။ ကလေးသူငယ်တို့၏ အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် လိုအပ်သလို ကလေးငယ်တို့၏ ကိုယ်ရောစိတ်ကိုပါ ထိခိုက်မှုမဖြစ်ပေါ်စေရန် ဝိုင်းဝန်းစောင့်ရှောက်ကြရမှာလည်း ဖြစ်သည်။ တိုင်းပြည်ပျက်စီးရေး ကြံစည်လုပ်ဆောင်နေမှုများအနက် ကလေးငယ်များကို ဦးတည်သည့် အဖျက်လုပ်ရပ်မှာမူ အဆိုးရွားဆုံးဖြစ်သည့်အလျောက် ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်မှုတွင် ပြည်သူအားလုံးပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

“ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့”

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

“၂၀၂၁-၂၀၂၂ ပညာသင်နှစ်”

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## နေ့အပူချိန်များ

နေပြည်တော် မေ ၁၂

နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ

### ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (ပထမ) အကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲ ကျင်းပ

ဟင်္သာတ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (ပထမ) အကြိမ် ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန့်နေ့နံနက်ပိုင်းက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း အမျိုးသားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းကို သင်တန်းနည်းပြဆရာတော်များ၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် သင်တန်းသား၊ သင်တန်းသူများက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မြစ်ကွေ့ပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဆန္ဒသိရီဘိဝံသက ငါးပါးသီလနှင့် ဩဝါဒကထာများကို ရွတ်ပွားချီးမြှင့်သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက သင်တန်းနည်းပြ ဆရာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။ အဆိုပါသင်တန်းတွင် မြို့နယ်သံဃနာယက ဆရာတော်ကြီးများ လမ်းညွှန်မှုဖြင့် အဖွဲ့ဝင်နည်းပြ ဆရာတော်များက သင်ကြားပြသပေးသွားမည်ဖြစ်ရာ ဟင်္သာတခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာရုံးများမှ သင်တန်းသား သင်တန်းသူ အမှုထမ်းငယ် ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ မေ ၁၁ ရက်မှ မေ ၂၀ ရက်အထိဖြစ်ကြောင်း သိရသည်။

အေးထွန်း(ဟင်္သာတ)

# မဲမသမာမှုများနှင့် အရေးယူဆောင်ရွက်မည့်အခြေအနေများအား နိုင်ငံသို့ အသိပေးသွားမည်

မိမိတို့သည် ကြားကာလတာဝန်ယူသည့် အဖွဲ့အစည်းတစ်ခုဖြစ်သဖြင့် အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်၍ ရသည်များကို နိုင်ငံအတွက် ကျယ်ကျယ်ပြန့်ပြန့် ဦးစားပေးစဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အပေါ်တွင် အခြေခံပြီးဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မဲစာရင်းမှားယွင်းမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်နှစ်ခုတွင် စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပြီး မဲမသမာမှုများနှင့် အရေးယူဆောင်ရွက်မည့် အခြေအနေများအား နိုင်ငံသို့ အသိပေးသွားမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၂၇/ ၂၀၂၁
၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်
( ၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက် )

**ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို အပ်နှင်းလျက် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးထားသည့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီး မင်းသန်း **အစား** ကြည်း ၂၅၇၇၅ ဗိုလ်မှူးကြီး ကျော်သူရ အား အစားထိုး ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ




# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ စည်းဝေး

**နေပြည်တော် မေ ၁၂**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၁) ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီမှ လုပ်ငန်းစဉ်များကို ပြင်ဆင်ချမှတ်ပေးခဲ့ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ လည်ပတ်နိုင်ရေးအတွက် ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များအတိုင်း မူဝါဒချမှတ်နိုင်ရေး၊ ဖြေလျှော့ပေးသင့်သည့် လုပ်ငန်းစဉ်များကို ဖြေလျှော့ပေးနိုင်ရေးနှင့် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆွေးနွေးခဲ့ကြ**

ဆက်လက်၍ အစည်းအဝေးတက်ရောက် လာကြသူများက ကိုဗစ်-၁၉ ကြောင့် စီးပွားရေးသက်ရောက်မှုများ ကုစားရေးအတွက် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများရှင်က တင်ပြချက်များအပေါ် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၊ မိုင်းဆတ်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် မေ ၁၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်သည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား မြစ်ကြီးနားတပ်နယ်မှ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့အပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် မိုင်းဆတ်တပ်နယ်မှ တာဝန်ရှိသူများက အဆိုပါမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# ငါးလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ခိုင်မာသည့် နည်းပညာပေးလုပ်ငန်းနှင့် ကျွမ်းကျင်မှုသင်တန်းကျောင်းများ တည်ထောင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းရန် လိုအပ်

**နေပြည်တော် မေ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရေလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တွေ့ဆုံပွဲကို မေ ၁၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



### ကြိုးပမ်းသွားမည်ဖြစ်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းဦးက မြန်မာနိုင်ငံ၏ စီးပွားရေးသည် လယ်ယာကဏ္ဍကို အခြေခံသည့် နိုင်ငံဖြစ်သည့်အလျောက် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် နိုင်ငံခြားဝင်ငွေ ရရှိရေးအပိုင်းတို့တွင် မွေးမြူရေး၏ အသားကဏ္ဍနှင့် ငါးကဏ္ဍသည်လည်း အရေးပါသော လုပ်ငန်းများအဖြစ် ပါဝင်နေပါကြောင်း၊ ရေလုပ်ငန်း၏ ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းနှင့် ရေချိုရေငန် မွေးမြူထုတ်လုပ်မှု နှစ်ခုလုံး တိုးတက်လာရေးအတွက် လိုအပ်သော ထိန်းကျောင်းကြပ်မတ်ခြင်းများ၊ အားပေးကူညီမှုများကို သက်ဆိုင်သူ အားလုံးတို့က ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် ပြည့်ဝသည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးလာရေး၊ ငါးလုပ်ငန်းနှင့် ပတ်သက်သည့် သုတေသနနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ခိုင်ခိုင်မာမာ လေ့လာဖော်ထုတ်နိုင်သည့် လုပ်ငန်း အဖွဲ့အစည်းများ တည်ထောင် ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပူးပေါင်းဆောင်ရွက်

လက်ရှိတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၌ သုတေသနဆိုင်ရာဌာနနှင့် ရန်ပုံငွေသီးခြား ခိုင်မာစွာမရှိသေးဘဲ ငါးလုပ်ငန်းစခန်းများတွင် အသေးစား သုတေသနငယ်များသာရှိနေပြီး သုတေသနဆိုင်ရာ ဘဏ္ဍာရေးခွဲဝေသုံးစွဲမှုမှာလည်း များစွာနိမ့်ကျနေဆဲဖြစ်သည်။ ပုဂ္ဂလိက ကဏ္ဍတွင်လည်း ယင်းတို့၏ လိုအပ်ချက်အတွက် သုတေသနအချို့ဆောင်ရွက် လုပ်ကိုင်မှုများ ရှိနေသော်လည်း ငါးကဏ္ဍတစ်ခုလုံးက အားထားရသည့် သုတေသနဖော်ထုတ်ချက်များ အသုံးပြုနိုင်ရန်၊ သဘာဝရေချိုရေငန်ငါးများဖြစ်သည့် ကျောက်ငါး၊ ငါးမြင်း၊ ငါးသလောက်၊ ငါးပြေမ စသည့် စီးပွားဖြစ် မွေးမြူထုတ်လုပ်နိုင်သည့် ငါးများနှင့် ပတ်သက်သည့် သုတေသနများ ဆောင်ရွက်ရန် များစွာလိုအပ်နေလျက်ရှိကြောင်း၊ ပုစွန်မွေးမြူရေးကို စီးပွားဖြစ် ဆောင်ရွက်ရာတွင်လည်း ပုစွန်သားပေါက်များအား အိမ်နီးချင်း ပြည်ပနိုင်ငံမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် မိမိတို့နိုင်ငံအတွင်း၌ ပုစွန်သားပေါက် ထုတ်လုပ်နိုင်ရေးကို အစိုးရနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

### စတင်ကြိုးပမ်းဆဲဖြစ်

ယခုအခါ မအူပင် ငါးလုပ်ငန်းစခန်းနှင့် တွံတေးငါးလုပ်ငန်းစခန်းများတွင် မြန်မာ့တိုင်းရင်းဒေသငါးမျိုးဖြစ်သော ငါးမြင်း၏ မျိုးပွားအင်္ဂါဖွံ့ဖြိုးချိန်၊ မျိုးပွားချိန်နှင့် ယင်း၏ ဘဝစက်ဝန်းကို သိရှိနိုင်ရန် စတင်ကြိုးပမ်းဆဲဖြစ်ကြောင်း၊ သို့ဖြစ်၍ ငါးမျိုးများ မပြုန်းတီးရေး၊ ရေရှည်တည်တံ့သော ငါးထုတ်လုပ်မှုဖြစ်စေရေး၊ ငါးရိက္ခာကို ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် အမျိုးသားပို့ကုန် မဟာဗျူဟာတစ်ရပ် ရေးဆွဲဆောင်ရွက်လျက်ရှိသော ရေထွက်ကုန်လုပ်ငန်းကဏ္ဍ၏ ပြည်ပထုတ်ကုန်တိုးမြှင့်ရေးကို ကာလတိုအတွင်း နှစ်ဆတိုးရေးအတွက် လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံငါး လုပ်ငန်းအဖွဲ့ချုပ်နှင့် ရေလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများကို ပြည်ထောင်စုဝန်ကြီး က တွေ့ဆုံဆွေးနွေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၂**

မတရားအသင်း ကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေး လွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး တို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




❊ *ရွှေဖုံးမှ*

"ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျောင်းများပြန်လည်ဖွင့်လှစ်ဖို့ ကြိုတင်ပြင်ဆင်တဲ့ လုပ်ငန်းတွေအနေနဲ့ ကျောင်းသားမိဘပြည်သူတွေသိဖို့ ကျောင်းအပ်နှံရေး ပိုစတာတွေ မြို့နယ်ကျောင်းတိုင်းမှာ ဖြန့်ဝေပြီး အများမြင်သာအောင် ကပ်ထားပြီးပါပြီ။ ကျောင်းလက်ခံတဲ့အချိန်မှာ အခကြေးငွေတွေ ကောက်ခံမယ်ဆိုတဲ့ သတင်းအမှားတွေကြောင့် မည်သည့်အခကြေးမှ ကောက်ခံခြင်းမရှိဘဲ အခမဲ့ ပညာသင်ကြားရေးဆိုတာသိအောင် ကြော်ငြာသင်ပုန်းကပ်ပြီး ကျောင်းတိုင်းမှာ ကြော်ငြာထားပါတယ်။ အဲဒီလို ကြော်ငြာသင်ပုန်းတွေ ကပ်တဲ့အခါမှာလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေနဲ့ ပူးပေါင်းပြီး အများမြင်သာအောင် လုပ်ဆောင်ထားပြီးပါပြီ၊ ကျောင်းတွေပြန်ဖွင့်တဲ့အခါမှာ လုံခြုံရေးက နံပါတ် ၁ ဖြစ်လို့လည်း အထူးစီမံ ဆောင်ရွက်နေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်နှင်းကြည်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများကို ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့်အတိုင်း ယခုမေလ ၂၄ ရက်မှ ၃၁ ရက်အထိ အခြေခံပညာကျောင်း တန်းစဉ်အသီးသီးကို ကျောင်းအပ်လက်ခံပေးမည်ဖြစ်ပြီး လာမည့် ဇွန် ၁ ရက်တွင် ၂၀၂၁-၂၀၂၂ နှစ်၏ ပညာသင်ကြားရေး လုပ်ငန်းစဉ်များကို စတင်လုပ်ဆောင်ရန် စီစဉ်လျက်ရှိသည်။ ယင်းသို့ ကျောင်းများ ဖွင့်လှစ်ရာတွင် အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီနှင့် ပူးပေါင်း၍ လုံခြုံရေးအတွက် အတွင်းစည်း၊ အပြင်စည်းများထားရှိကာ ဆောင်ရွက်မည်ဖြစ်ပြီး CDM လှုပ်ရှားမှုပါဝင်ခဲ့သော ရုံးဝန်ထမ်းများနှင့် သင်ကြားရေး ဆရာ ဆရာမများကိုလည်း မေ ၅ ရက်မှ စတင်ကာ ပြန်လည်ဝင်ရောက်လုပ်ကိုင်ရေး စိစစ်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးမှ ပညာရေးဝန်ကြီးဌာန၏ ရုံးဝန်ထမ်းနှင့် သင်ကြားရေးဝန်ထမ်းများ၏ CDM လှုပ်ရှားမှုမှာ ၂၈ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ယခုစိစစ်မှုများ ပြုလုပ်လျက်ရှိရာတွင် ပြန်လည်ဝင်ရောက် ထမ်းဆောင်မှုများရှိနေကြောင်းနှင့် အကယ်၍သင်ကြားရေးကဏ္ဍတွင် ဆရာ ဆရာမ လိုအပ်မှုရှိပါကလည်း အဆင်သင့်ဖြည့်ဆည်းနိုင်အောင် စီစဉ်လျက်ရှိကြောင်း သိရသည်။

"CDM နဲ့ပတ်သက်လို့ မေ ၃ ရက်မှာ ရုံးဝန်ထမ်းရော သင်ကြားရေးဝန်ထမ်း အားလုံး တက်ရောက်မှုကို စစ်လိုက်တဲ့အခါမှာ CDM လုပ်တဲ့ အင်အားက ၂၈ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး စာရင်းကောက်တဲ့အချိန်မှာ ပြန်ဝင်ရောက်ဖို့ ကမ်းလှမ်းတာတွေရှိတော့ အခုချိန်မှာ ရာခိုင်နှုန်း အဲဒီလောက်တောင် မရှိတော့ဘူး။ ကျောင်းတိုင်းမှာ ဆရာဆရာမတွေ ရှိနေမှာပါ။ ကျောင်းသားနဲ့ သင်ကြားရေးဝန်ထမ်းပေါ်မူတည်ပြီး လိုအပ်ရင် လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့လည်း စီစဉ်ထားတယ်။ တချို့ သတင်းအမှားတွေကြောင့် ပြန်မဝင်ရဲကြဘူး။ အခုတော့ ပညာရေးဝန်ထမ်းတွေကတစ်ဆင့် သတင်းအမှန်တွေကြားတော့ အခုဆို ဆရာ ဆရာမ တော်တော်များများ ပြန်ဝင်လာကြတယ်။ အခြေခံပညာကတော့ သူ့အသက်အပိုင်းအခြားနဲ့ ပညာသင်ယူရမှာဖြစ်တော့ ကျောင်းသားတွေအနေနဲ့ မလာဘူး။ ကျောင်းမတက်ဘူးဆိုရင် သူတို့ပဲနစ်နာသွားမယ်။ အခုတောင် ကိုဗစ်-၁၉ ကြောင့် တစ်နှစ် နစ်နာဆုံးရှုံးရပြီ။ ထပ်ကျောင်းမတက်ဘူးဆိုရင် ထပ်နစ်နာရုံပဲ ရှိမယ်။ အခုလည်းပဲ ကျောင်းတွေ ပြန်ဖွင့်ရင် ပညာရေးဌာနတစ်ခုတည်း မဟုတ်ဘဲ ကျောင်းသားမိဘ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရပ်ကွက်နဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ အားလုံး ပူးပေါင်းဆောင်ရွက်မှာဖြစ်တယ်" ဟု တိုင်းပညာရေးမှူးက ထပ်မံပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ယခုအခါ အထက်တန်းကျောင်း ၄၀၈ ကျောင်းမှ ကျောင်းသား ၁၅၁၁၂၇ ဦး၊ အလယ်တန်းကျောင်း ၆၆၂ ကျောင်းတွင် ကျောင်းသားဦးရေ ၃၇၃၈၆၁ ဦးနှင့် မူလတန်းကျောင်း ၁၆၈၈ ကျောင်းတို့တွင် ကျောင်းသားဦးရေ ၅၁၃၈၆၆ ဦး စုစုပေါင်း ကျောင်းသား ၁၀ သိန်းကျော် တက်ရောက်ပညာ သင်ယူကြမည်ဖြစ်သည်။ ဆရာ ဆရာမ ဦးရေမှာလည်း မူလတန်းပြ ၁၅၁၈၈ ဦး၊ အလယ်တန်းပြ ၁၆၀၅၂ ဦး နှင့် အထက်တန်းပြ ၅၁၀၆ ဦးရှိကာ လာမည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် အခက်အခဲမရှိ ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူများ မကြာခဏ လက်ဆေးနိုင်ရန် စီစဉ်ထားခြင်း၊ ကျောင်းသားတစ်ဦးလျှင် ပြန်လည်အသုံးပြု Mask နှစ်ခုနှုန်း၊ Face shield နှင့် ကျောင်းသုံးဖတ်စာအုပ်များအပြင် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်တို့ကို ပညာရေးဝန်ကြီးဌာနမှ ကျောင်းများသို့ အခမဲ့ဖြန့်ဝေထားပြီးဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင် (မြန်မာ့အလင်း)**

## ကဗျာဆွေသို့ ဦးညွှတ်ခြင်း

စိန်ရတနာတွေ ပေးဝေ့တာထက်
ထိန်ကာလေ အေးစေကြအောင်ပ
ကဗ္ဗာဆွေ ရေးခြွေ သ ခဲ့ပါရဲ့
တေးတွေက အလှဖြာ။

ဘဝ အချိုး အကွေ့မှာဖြင့်
အမတ မျိုးစေ့ ရှင်သန်စေကွဲ့
ကဗ္ဗာဆွေ စာစီရေးခဲ့တာက
အတွေးမှန် အမြင်မြတ်စေဖို့
ဖြစ်ပျက်သိမှတ်သတိကပ်ကြအမြဲသာတဲ့
တိုတောင်းစွာလူ့ဘဝခရီးမှာဖြင့်
အရေးကြီးစွာလုံခြုံရမှာက
သီလ စည်းပါ။

ဘုရားပွင့်ဦးနိမိတ်ထူး
တရားဦးရတနာဓမ္မစကြာ
သတ္တ သတ္တာဟကြည်ညိုစွာနဲ့
သီဆိုစရာရေးသီထုတ်ခဲ့ပါရဲ့
မြတ်ဗုဒ္ဓ ပါဝစနာ
တေးလင်္ကာလွန်ငြိမ့်ညောင်း။

သုံးပါးရတနာ
နှလုံးသားမှာ ဂဟေစွဲရှာတဲ့
အသည်းဖြူစင်ဆရာရှင်က
ထာဝစဉ် မျိုးချစ်သွေးတွေနဲ့
ရေးခြွေကာအလှဆောင်းပြန်တော့
မြန်မာ့တကောင်းပျူတကောင်းပါတဲ့
နှစ်ပေါင်းဘယ်လိုကြာလည်း
　မြန်မာအစဟာတကောင်းကလို့
　ဆိုပေသည်
　အကြောင်းပြဖို့လိုပေသည်...တဲ့
သည်လိုလူ စာဆိုမြတ်ကိုဖြင့်
ထပ်တဖန် ရရန် ခဲပါဘိ
အသည်းမှာထာဝရ
အမြဲသာ ဂါရဝရယ်နဲ့
ဓမ္မဂုဏ်ရည် ထိန်ဝါစေတဲ့
ကဗ္ဗာဆွေ ဆရာမြတ်ကိုဖြင့်
ထပ်ခါခါ လက်စုံပူးပါလို့
ဦးညွှတ်ပါကြောင်း။ ။

(၉.၅.၂၀၂၁ နေ့တွင် ကွယ်လွန်သွားသော ဗိုလ်ချုပ်သီရိပျံချီ ကြည်အောင် (ငြိမ်း)/ ကဗျာစာဆို ကြည်အောင် (ကေတုမတီ)/ဓမ္မတေးစာဆို ကဗ္ဗာဆွေသို့ ဤကဗျာဖြင့် ဦးညွှတ်ကန်တော့ပါသည်။)

မြင်းမူမောင်နိုင်မိုး

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် တွေ့ဆုံ

**နေပြည်တော် မေ ၁၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်အမရာမော်နိုင်တို့နှင့် မေ ၁၁ ရက် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)



### ပံ့ပိုးကူညီ

တွေ့ဆုံစဉ် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် နိုင်ငံတကာမိတ်ဖက် ကြက်ခြေနီ အသင်းများနှင့် ပူးပေါင်းပြီး နိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေသည့် ကိစ္စ၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းများမှ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ နည်းပညာ၊ ငွေကြေးအကူအညီပေးနေသည့် အခြေအနေ၊ ဆက်လက်ကူညီပံ့ပိုးပေးရန် ဆက်သွယ်လာမှု အခြေအနေ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူလူထုအခြေပြု ဆောင်ရွက်နေသည့် ကိစ္စရပ်များ၊ နိုင်ငံ၏ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ်ကြက်ခြေနီအသင်းများမှ ပံ့ပိုးကူညီနိုင်မည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

### ကူညီဆောင်ရွက်ပေးနေ

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အနေဖြင့် နိုင်ငံတကာမိတ်ဖက် ကြက်ခြေနီအသင်းများ နှင့် ပူးပေါင်းပြီး ပြည်သူလူထုအခြေပြု ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စများ ကူညီဆောင်ရွက်ပေးနေသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ဆေးရုံ၊ ဆေးခန်းများမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိအောင် ကြိုးစားဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်မှုများ ရှိပါသဖြင့် ပြည်သူလူထုအနေဖြင့် တပ်မတော် ဆေးရုံများသို့ သွားရောက်၍ ကုသမှုများခံယူလျက်ရှိရာ တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် ပါရဂူများ၊ ဆေးမှူးဆရာဝန်များ၊ သူနာပြုအရာရှိများမှ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရာတွင်လည်း အခက်အခဲရှိပါသဖြင့် ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များမှ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

### ပိုမိုဖြည့်ဆည်း

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဝန်ကြီးဌာနအနေဖြင့် ပိုမိုဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများရှိ လူသားချင်း စာနာထောက်ထားမှု လုပ်ငန်းများအား သက်ဆိုင်ရာ ကျန်းမာရေးဌာနများနှင့်ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ကြက်ခြေနီအသင်း အဖွဲ့များအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်စေလိုပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး လုပ်ငန်းများ၊ ကာကွယ်ဆေးထိုး စုရပ်များတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ Volunteers များ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကျန်းမာရေး စေတနာ့ဝန်ထမ်းများ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပိုမိုကူညီပံ့ပိုးပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး၊ ပြည်တွင်း/ပြည်ပ ဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ ရဲမင်းထွေးတို့ တက်ရောက်ကြသည်။

သတင်းစဉ်

## တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၁၂**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုး အကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ဆေးကုသရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆေးကုသရေးအဖွဲ့များကို စေလွှတ်ကုသလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇာတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ် ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာမြို့နယ်ပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မြစ်သားမြို့ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံနှင့် ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၅/၂၀၂၁) ကျင်းပမည်

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၅/၂၀၂၁) ကို မေ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

သတင်းစဉ်

# အမှန် အမှား ခွဲခြားဆင်ခြင် ဂုဏ်ယူနိုင်ကြပါစေ

ငြိမ်းချမ်းမောင်

လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ကျော်၊ ပျူခေတ်နောက်ဆုံးကာလက ဈေးရောင်းချသည့် ပြည်သူတစ်ယောက် လေပွေတိုက်၍ "ငါ့စကော... ငါ့စကော..."ဟု မြို့ရွာအတွင်း လိုက်လံအော်ဟစ်ခဲ့သည်။ ထိုသတင်းစကားတစ်ခုကို အကြောင်းပြုကာ တစ်မြို့လုံး၊ တစ်ပြည်လုံး ကောလာဟလသတင်းမှား ပျံ့နှံ့ခဲ့သည့် အဖြစ်အပျက်ကို ကြားဖူးကြမည်ဖြစ်သည်။ လေတိုက်ပြီး ဆန်ကောလွင့်ပါ သွားသည်ကို ငါ့စကော၊ ငါ့စကော အော်ဟစ်ခဲ့ရာမှ "ငါ့စကောတပ်ကြီး" ချီလာပြီ ထင်ပြီး မြို့သူ မြို့သားများ မြို့ကိုစွန့်ခွာထွက်ပြေးကြရာမှ သရေခေတ္တရာပြည်ကြီးလည်း ပျက်သုဉ်းသွားခဲ့သည်။

ကောလာဟလသတင်းစကားနှင့်စပ်လျဉ်း၍ ဇာတ်တော်ထဲမှ ယုန်တစ်ကောင်၏ ပုံပြင်တစ်ပုဒ်ကိုလည်း မှတ်သားဖူးသည်။ ယုန်လေးတစ်ကောင်သည် ဥသျှစ်ပင်တစ်ပင်အောက်ရှိ ထန်းရွက်ခြောက်အောက်၌ အိပ်စက်နေစဉ် အတွေးတစ်ခုဝင်လာသည်။ "အခုနေများ ကမ္ဘာမြေကြီးပြိုကျရင် ငါဘယ်လိုလုပ်ရမလဲ" ဟု တွေးတောပူပန်ကာ ကြောက်စိတ်ဝင်လာသည်။ ထိုကြောက်စိတ်နှင့်ပင် ထန်းရွက်အောက်တွင် မှေးစက်နေစဉ် ရုတ်တရက် ၎င်းအိပ်နေသော ထန်းရွက်ခြောက်ပေါ်သို့ ဥသျှစ်သီးတစ်လုံး ကြွေကျခဲ့သည်။ အသိဉာဏ်နည်းသည့် ယုန်သူငယ်သည် ရုတ်တရက် ဥသျှစ်သီးကြွေကျသံကို အမှန်တကယ်မြေပြိုပြီဟု ထင်မှတ်ပြီး ခြေဦးတည့်ရာ ထွက်ပြေးတော့သည်။ "မြေပြိုပြီ . . မြေပြိုပြီ . . လွတ်အောင်ပြေးကြ . . လွတ်အောင်ပြေးကြ"ဟု လမ်းတစ်လျှောက်၌ အော်ရင်း မရပ်မနား ပြေးနေခဲ့သည်။

## သတ္တဝါအားလုံးချမ်းသာ

ယုန်သူငယ် အော်ပြေးနေသည်ကို မြင်ကြ၊ ကြားကြသော သတ္တဝါများလည်း ယုန်သူငယ်စကားကို ယုံမှတ်ပြီး ဘုမသိ ဘမသိဖြင့် ယုန်သူငယ်နောက်မှ ကြောက်အားလန့်အား လိုက်ပြေးကြသည်။ တစ်ကောင်မှ ဆယ်ကောင်၊ ဆယ်ကောင်မှ အကောင်တစ်ရာ၊ အကောင်တစ်ရာမှ အကောင်တစ်ထောင် တစ်သောင်း တိရစ္ဆာန်သတ္တဝါအားလုံး ထွက်ပြေးကြရာ တစ်တောလုံးဆူညံ ပွဲတင်သံများဖြင့် မြည်ဟည်းနေတော့သည်။

ထိုအဖြစ်အပျက်ကို မြင်တွေ့သော ခြင်္သေ့မင်းက "သတ္တဝါတွေ ဒီအတိုင်းသာ ဆက်ပြေးနေကြပါက နောက်ဆုံးတွင် အမောဆို့ပြီး သေဆုံးသွားနိုင်တယ်" ဟု ဆင်ခြင်မိပြီး သတ္တဝါအားလုံးကို ကျော်တက်ကာ ရှေ့မှရပ်တန့်လိုက်ပြီး တစ်တောလုံး မြည်ဟည်းသွားအောင် ဟိန်းဟောက်လိုက်သည်။ ခြင်္သေ့မင်း၏ ကြီးမားသောအသံကို သတ္တဝါအားလုံး ကြားလိုက်သောအခါ ပြေးနေရာမှ ချက်ချင်းရပ်တန့် လိုက်ကြသည်။ ထိုအခါ ခြင်္သေ့မင်းက ဖြစ်ကြောင်း ကုန်စင်မေးသောအခါ မည်သူမျှ အဖြေမှန်မဖြေနိုင်ဘဲ နောက်ဆုံးတွင် ယုန်သူငယ်အိပ်ခဲ့သည့် ဥသျှစ်ပင်အောက်မှ ဥသျှစ်သီးကိုတွေ့မှ အဖြေမှန်ရပြီး သတ္တဝါအားလုံး ချမ်းသာရာရတော့သည်။ အလားတူပင် ရှေးက ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ခဲ့ရသည့် အဖြစ်များလည်း ရှိသေးသည်။

မြန်မာနိုင်ငံကြီး သူ့ကျွန်ဘဝသို့ နောက်ဆုံးကျရောက်စဉ် သီပေါမင်းပါတော်မူစဉ်ကာလက မင်းသားတစ်ပါးပါးကို နန်းတင်ပေးမည့် ကောလာဟလကို ယုံစားပြီး သူ့ကျွန်ဘဝသို့ လုံးဝကျရောက်ခဲ့သည်။ ယနေ့အချိန်အခါတွင်လည်း ကောလာဟလစကားတစ်ခွန်းကြောင့် အနည်းဆုံး အထိတ်တလန့်ဖြစ်ကြ၊ အများဆုံး ပျက်စီးဆုံးရှုံးဖြစ်ကြသည့် အဖြစ်များစွာရှိသည်။ မကြာသေးမီက ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ကောလာဟလအမျိုးမျိုး ထွက်ခဲ့ဖူးသည်။ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီက ရပ်ရွာအတွင်းမှ ကလေးသူငယ်များအား ဖမ်းဆီးရောင်းချခြင်းများရှိသည်ဟု ကောလာဟလသတင်းများပေါ်ထွက်ခဲ့ရာ သံသယရှိသူ အပြစ်မဲ့ပြည်သူအချို့ကို ဖမ်းဆီးရိုက်နှက်၊ သတ်ဖြတ်သည်အထိ ဖြစ်ပေါ်ခဲ့သည်။ ကပ်ရောဂါနှင့် ထိုကဲ့သို့အဖြစ်များကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်ကြပြီး ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

❖ ကောလာဟလဟူသည်မှာ ကောင်းခြင်း၊ မကောင်းခြင်းနှစ်မျိုးရှိရာ မကောင်းသည့်ဘက်ကသာ တွင်တွင်ဖြစ်ပေါ်နေသည်။ ကောလာဟလကို ဇနပ္ပဝါဒ၊ ဇနသုတိဟု ပါဠိ၌ ဖွင့်ဆိုထားရာ ရွာသူတို့၏ ဝေလေ့စကား၊ ရွာသူတို့၏ အသိဟူ၍ သာမန်မျှသာ အဓိပ္ပာယ်ဖော်ထားသည်။ ယခုဖြစ်ပျက်နေသော ကောလာဟလများမှာ ရွာသူတို့၏ ဘာသာဘာဝ ပြောသည့်အဆင့်စကား မဟုတ်တော့ပေ။ ပညာတတ်အချို့၊ နိုင်ငံရေးသမားအချို့၊ တိုင်းတစ်ပါး လက်ပါးစေ အချို့၊ နိုင်ငံသားသစ္စာဖောက်အချို့၏ တွင်တွင်ကျယ်ကျယ် ပက်ပက်စက်စက် လက်သုံးစကား၊ အသုံးချပစ္စည်း ဖြစ်လာသည်

## တစ်မျိုးပြီးတစ်မျိုးမရိုး

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်လာတိုင်း ကောလာဟလသတင်းများ တစ်မျိုးမဟုတ်တစ်မျိုး မရိုးနိုင်အောင် ပေါ်ထွက်လာတတ်သည်။ တိုင်းပြည်တွင် အပြောင်းအလဲဖြစ်ပေါ်လာသည့်အခါ၌ ပြည်သူများအကြား စိတ်လှုပ်ရှားမှုမြင့်တက်နေသောအချိန်၌ မမှန်သတင်းများ၊ ကောလာဟလသတင်းများကို အသုံးချ၍ ကိုယ်ကျိုးရှာသည့် မသမာသူများ၊ အဖျက်သမားများ၊ နိုင်ငံရေးအချောင်သမားများ ပေါ်ထွက်လာစမြဲ ဖြစ်သည်။

လူမှုရေးကောလာဟလ၊ စီးပွားရေးကောလာဟလ၊ နိုင်ငံရေးကောလာဟလများ အလျှိုအလျှိုဖန်တီးလာကြသည်။ ငွေစက္ကူတွေ ဖျက်သိမ်းတော့မည်။ ဘဏ်တွေ ပြိုလဲတော့မည်။ စက်သုံးဆီတွေ၊ စားနပ်ရိက္ခာတွေ ပြတ်လပ်တော့မည်။ လေယာဉ်တင် သင်္ဘောကြီးရောက်လာတော့မည်။ R2P ဝင်တော့မည်။ ကုလသမဂ္ဂတပ်တွေ ရောက်လာတော့မည်။ တိုင်းရင်းသားတပ်တွေ ဝင်နေပြီ။ ဖက်ဒရယ်တပ်မတော်ကြီး ရောက်လာတော့မည်။ တပ်မတော်စခန်းများကို သိမ်းပိုက်လိုက်ပြီ။ တပ်တွင်းပုန်ကန်မှုတွေဖြစ်နေပြီ။ တပ်မတော်ခေါင်းဆောင်တွေ ထွက်ပြေးပုန်းအောင်းနေပြီ။ နေပြည်တော်ကို သိမ်းပိုက်လိုက်ပြီ။ ပြည်သူ့ကာကွယ်ရေးတပ်တွေ မြို့များအားလုံးတွင် ဖွဲ့စည်းလိုက်ပြီ။ တပ်မတော်က ညှိနှိုင်းနေရပြီ။ ဝန်ထမ်းတွေကို ဖမ်းဆီးနေပြီ စသည်ဖြင့် မဟုတ်မမှန်သတင်းများ၊ ကောလာဟလသတင်းများကို နေ့စဉ်မပြတ် တစ်မျိုးပြီးတစ်မျိုး မရိုးအောင် ဖြန့်ဝေနေသည်။

## အသုံးချ လက်သုံးစကား

မမှန်မကန်သတင်းများ၊ ကောလာဟလသတင်းများကြောင့် အေးချမ်းစွာ နေထိုင်လိုကြသော ပြည်သူများ အထိတ်တလန့်ဖြစ်ကြရသည်။ အစိုးရကို မကျေနပ်သူများ၊ စိတ်ခံစားလွယ်သူများက ဝမ်းမြောက်ဝမ်းသာဖြစ်ကြသည်။ မြန်မာပြည်သူပြည်သားများသည် ကောလာဟလသတင်းစကားများကို အယုံလွယ်သည်မှာ သမိုင်းကြောင်းရှည်ကြာခဲ့ပြီ ဖြစ်သည်။ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ တစ်စုံတစ်ယောက်က အစပြုပေးလိုက်သည့် မမှန်သတင်း၊ ထင်မြင်ယူဆချက်တစ်ခုသည် တစ်ယောက်မှအစ တစ်မြို့လုံး၊ တစ်နိုင်ငံလုံး ပျံ့နှံ့လွယ်လှသည်။

ကောလာဟလဟူသည်မှာ ကောင်းခြင်း၊ မကောင်းခြင်းနှစ်မျိုးရှိရာ မကောင်းသည့်ဘက်ကသာ တွင်တွင်ဖြစ်ပေါ်နေသည်။ ကောလာဟလကို ဇနပ္ပဝါဒ၊ ဇနသုတိဟု ပါဠိ၌ ဖွင့်ဆိုထားရာ ရွာသူတို့၏ ဝေလေ့စကား၊ ရွာသူတို့၏ အသိဟူ၍ သာမန်မျှသာ အဓိပ္ပာယ်ဖော်ထားသည်။ ယခုဖြစ်ပျက်နေသော ကောလာဟလများမှာ ရွာသူတို့၏ ဘာသာဘာဝ ပြောသည့်အဆင့်စကား မဟုတ်တော့ပေ။ ပညာတတ် အချို့၊ နိုင်ငံရေးသမားအချို့၊ တိုင်းတစ်ပါး လက်ပါးစေ အချို့၊ နိုင်ငံသားသစ္စာဖောက်အချို့၏ တွင်တွင်ကျယ်ကျယ် ပက်ပက်စက်စက် လက်သုံးစကား၊ အသုံးချပစ္စည်း ဖြစ်လာသည်။

ထိုသို့ တိုင်းပြည်ကို ပျက်စီးစေလိုသော ယုတ်မာသောရည်ရွယ်ချက်ဖြင့် သတင်းလိမ်၊ သတင်းမှား၊ ကောလာဟလစကားများကို လူမှုကွန်ရက်စာမျက်နှာများမှ လျင်လျင်မြန်မြန် ဖြန့်ဝေလျက်ရှိသည်။ မြန်မာတို့၏ လူမှုဘဝတွင် အရင်ဦးသူ ပြောစကားက မှန်စတမ်းဆိုသည့် အဆင်အခြင်နည်းသောအတွေးသည် ယုန်သူငယ် စိတ်ကူးပမာ ဖြစ်နေသည်။ သေနတ်အစစ်ဖြင့် တစ်ချက်ပစ်ခတ်လျှင် လူတစ်ယောက်သာ ထိမှန်နိုင်သော်လည်း ပါးစပ်သေနတ်ဖြင့် ပစ်ခတ်၍ လူပေါင်း အယောက်တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းမက ထိမှန်ပျက်စီးစေနိုင်သဖြင့် ပါးစပ်သေနတ် ကောလာဟလကျည်ဆန်ပစ်ခတ်ခြင်းကို အသိဉာဏ်ကျည်ကာဖြင့် ကာကွယ်နိုင်ရမည် ဖြစ်သည်။

နိုင်ငံရေးအစွန်းရောက်များ၊ ဆင်ခြင်တုံတရားနည်းသူများက တိုင်းပြည်ပျက်စီးစေရန်အတွက် မမှန်သတင်းများဖြင့် လုပ်ကြံဖျက်ဆီးရာတွင် အဓိကတွန်းအားပေးနေသူများမှာ ပြည်တွင်းနှင့် ပြည်ပအခြေစိုက် မြန်မာသတင်းဌာနများဖြစ်သည်။ မဖြစ်နိုင်သည်များကို နှုတ်ကြောင်းပေးခြင်း၊ နည်းနည်းကို ပြဲပြဲ၊ တစ်စိတ်ကို တစ်အိတ်၊ မဟုတ်ကို အဟုတ်လုပ်ကာ လျှောမွှေးကို ဗာရာဏသီ ချဲ့ကြသည်။

## ဘဝပျက်ခဲ့ရသူများ

ကောလာဟလသတင်းများကို ယုံစားမှုကြောင့် တိုင်းပြည်ပျက်စီးစေခြင်း လမ်းစဉ်လော၊ တိုင်းပြည်ကယ်တင်ရေး လမ်းစဉ်လောဟု ခွဲခြားနိုင်စွမ်းပင် မရှိတော့ချေ။ တစ်စုံတစ်ရာဖြစ်သည့် ကောလာဟလသတင်းကိုကြားသည်နှင့် ငိုချင်လျက်လက်တို့၊ အညှီရှိရာ ယင်အုံဆိုသလို ဖြစ်နေကြသည်။ အုပ်စုဖွဲ့၊ သင်းဖွဲ့၊ ဂိုဏ်းဖွဲ့ကြသည်။ ထပ်မံပွားကြသည်။ ထပ်ဆင့်လှုံ့ဆော်ကြသည်။ အမှန်တကယ်တွင် ချစ်ခြင်း၊ မုန်းခြင်းကြောင့် ကောလာဟလကို ယုံစားကြသည်။

ကောလာဟလကို ယုံစားသောကြောင့် စည်းလုံးမှုပျက်ခဲ့ရသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော မမှန်သတင်း ကောလာဟလဖြစ်စဉ်များအရ ပြည်သူများ အကျိုးစီးပွား မဖြစ်ထွန်းဘဲ အကျိုးပျက်စီးခြင်းသာ ဖြစ်စေခဲ့သည်။ တစ်ဆင့်စကား တစ်ဆင့်ကြားရသည့် ကောလာဟလသတင်းစကားကြောင့် ဘဝပျက်ခဲ့ရသူ၊ ဘဝမဲ့ခဲ့ရသူ အမြောက်အမြားရှိသည်။

မိမိတို့၏ အကျိုးစီးပွား၊ တိုင်းပြည်၏ အကျိုးစီးပွားမပျက်စီးစေရန်၊ ဖြစ်ထွန်းစေရန်အတွက် ကောလာဟလမမှန်သတင်းလား၊ အမှန်သတင်းလားကို ပြည်သူများအနေဖြင့် ဆင်ခြင်နိုင်ကြစေရန် မေတ္တာရပ်ခံအပ်ပါသည်။

မမှန်သတင်းများကို ယုံစားသည့် လူအ၊ လူညံ့များ မဖြစ်စေလိုရင်း စေတနာဖြစ်ပါသည်။ ကမ္ဘာနှင့် ယှဉ်ကြည့်လျှင် ကိုယ့်လူမျိုးတွေ အယုံလွယ်သည်။ အသိဉာဏ်နည်းသည်။ ညံ့နေသည်။ ရိုင်းနေသည်ဟု အထင်ခံရသည်ကို ရှက်တတ်ဖို့လိုပါသည်။ ယနေ့အချိန်အခါတွင် ကောလာဟလထုတ်လွှင့်သမျှကို ကိုယ်ပိုင်စဉ်းစားဉာဏ်မသုံးဘဲ ယုံစားလိုက်ပါနေကြသည်မှာ မိမိတွင် ပင်ကိုအရည်အချင်းမရှိသလို ဖြစ်နေပါသည်။ အမှန်နှင့် အမှား ခွဲခြားဆင်ခြင်တတ်ခြင်းဖြင့် ဂုဏ်ယူနိုင်ကြစေရန် ဆန္ဒပြုလိုက်ပါသည်။ ။

မမှန်သတင်းများကို ယုံစားသည့် လူအ၊ လူညံ့များ မဖြစ်စေလိုရင်း စေတနာ ဖြစ်ပါသည်။ ကမ္ဘာနှင့် ယှဉ်ကြည့်လျှင် ကိုယ့်လူမျိုးတွေ အယုံလွယ်သည်။ အသိဉာဏ်နည်းသည်။ ညံ့နေသည်။ ရိုင်းနေသည်ဟု အထင်ခံရသည်ကို ရှက်တတ်ဖို့လိုပါသည်။ ယနေ့အချိန်အခါတွင် ကောလာဟလထုတ်လွှင့် သမျှကို ကိုယ်ပိုင်စဉ်းစားဉာဏ်မသုံးဘဲ ယုံစားလိုက်ပါနေကြသည်မှာ မိမိတွင် ပင်ကိုအရည်အချင်းမရှိသလို ဖြစ်နေပါသည်။ အမှန်နှင့် အမှား ခွဲခြားဆင်ခြင်တတ်ခြင်းဖြင့် ဂုဏ်ယူနိုင်ကြစေရန် ဆန္ဒပြုလိုက်ပါသည်

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်တိုင်းဒေသကြီး Myanmar Shopping Mall နှင့် HAGL စီမံကိန်း သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနပိုင် ဆူးလေဘုရားလမ်းရှိ ယခင် Myanmar Shopping Mall အဆောက်အဦသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အဦကို ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်း ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အဆောက်အဦများ ချို့ယွင်းပျက်စီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားသည်။**



အဆိုပါ အဆောက်အဦသည် ရန်ကုန်တိုင်းဒေသကြီး ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ်တွင် တည်ရှိပြီး အလျား ပေ ၁၀၀၊ အနံ ပေ ၆၀ သုံးထပ် အဆောက်အဦနှင့် အလျားပေ ၄၀၊ အနံပေ ၅၀ သုံးထပ်သိုလှောင်ရုံ အဆောက်အဦပါဝင်ပြီး နှစ်ရှည်ငှားရမ်းခွင့်ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနပိုင်မြေပေါ်တွင် ဘဏ်လုပ်ငန်း ဆောင်ရွက်နေသည့် Myanmar Tourism Bank ရုံးနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (MTF) ရုံးကို လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးခွဲတွင် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ (ယာပုံ) လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**အထူးအလေးထားလိုက်နာ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Hoang Anh Gia Lai Myanmar Co.,Ltdမှ နိုင်ငံတော်ပိုင်မြေနေရာကို B.O.T စနစ်ဖြင့် ငှားရမ်းဆောင်ရွက်လျက်ရှိသည့် HAGL Myanmar Center Project စီမံကိန်းသို့ သွားရောက်ကြည့်ရှုရာ စီမံကိန်းတာဝန်ခံက စီမံကိန်း ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းသည် မြန်မာနိုင်ငံ၏ Landmark စီမံကိန်းဖြစ်သည့်အတွက် ဝန်ကြီးဌာနအတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ပါကြောင်း၊ လူအများသွားလာလည်ပတ်သည့် နေရာတစ်ခု ဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် လုံခြုံရေးကို အထူးအလေးထားလိုက်နာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် စီမံကိန်းတွင် ပါဝင်သည့် Melia ဟိုတယ်သို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက ဟိုတယ်လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။

အဆိုပါစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးဘုရားလမ်း ဗဟန်းမြို့နယ်တွင် တည်ရှိပြီး မြေဧရိယာ ၁၈ ဒသမ ၁၃၁ ဧကပေါ်တွင် နိုင်ငံတကာအဆင့်မီ ဟိုတယ်နှင့် စီးပွားရေးဆိုင်ရာ အဆောက်အဦများ ပါဝင်သော စီမံကိန်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Inya Lake Hotel ရှိ Elephant အစည်းအဝေးခန်းမ၌ မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြန်လည်ဖွင့်လှစ်ပေးနေပြီဖြစ်ပါကြောင်း၊ တရုတ်ခရီးသွားဧည့်သည်များ ဝင်ရောက်လာပါက နိုင်ငံတော်အတွက် ဝင်ငွေရရှိခြင်းနှင့်အတူ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်သဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ တရုတ်ခရီးသွားဧည့်သည်များ စနစ်တကျ ဝင်ရောက်လာနိုင်ရေးရှေးရှု၍ ဖြစ်နိုင်ခြေရှိသောနည်းလမ်းများဖြင့် ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နိုင်ရေးကို တက်ရောက်လာသူများ အနေဖြင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေး တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာ-တရုတ် ခရီးသွားမြှင့်တင်ရေးအဖွဲ့ဝင်များက တရုတ်ခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ ဝင်ရောက်လည်ပတ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူဦးရေဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၂**

လူဦးရေဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့ (Demography Cluster) ၏ (၁/၂၀၂၁) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



**အဓိကပံ့ပိုး**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် လူဦးရေဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းဇော်အောင်က မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စာရင်းအင်း အချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီမှ ဦးဆောင်ပြီး ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့ကြီး ၁၀ ဖွဲ့ဖြင့် ဆောင်ရွက်လျက် ရှိပါကြောင်း၊ လုပ်ငန်းအဖွဲ့တစ်ခု ဖြစ်သည့် လူဦးရေဆိုင်ရာ စာရင်းအင်းလုပ်ငန်းအဖွဲ့ကို သက်ဆိုင်ရာ ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းညွှန်းတမ်းရေးဆွဲနိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့အင်အား ဦးစီးဌာနအနေဖြင့် National Indicator Framework (NIF) တွင် Indicator ရှစ်ခုကို အဓိက ပံ့ပိုးပေးလျက်ရှိသကဲ့သို့ အခြားဌာနများနှင့် ပူးပေါင်း၍ Indicator လေးခုကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ယခုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များမှ မိမိတို့ဌာနအလိုက် စာရင်းအင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဆွေးနွေးပေးကြစေလိုကြောင်း၊ ယခုလုပ်ငန်းညှိနှိုင်းအစည်းအဝေးရလဒ်များကို မကြာမီကျင်းပပြုလုပ်မည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီ အစည်းအဝေးတွင် ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ကဏ္ဍအလိုက် ပူးပေါင်း**

ဆက်လက်၍ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်စိုးက လူဦးရေဆိုင်ရာစာရင်းအင်းများလုပ်ငန်းအဖွဲ့၏ လုပ်ငန်းညွှန်းတမ်း (မူကြမ်း)နှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ စာရင်းအင်းဆိုင်ရာလုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့်အဖွဲ့ဝင်များက လုပ်ငန်းကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ လူဦးရေဆိုင်ရာစာရင်းအင်းများ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အမရပူရမြို့နယ်ရှိ ဒေသခံပြည်သူများအား ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၁၂

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ယနေ့နံနက်ပိုင်းတွင် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလျှုဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့ အမရပူရမြို့နယ် ဘနောကျေးရွာရှိ အိမ်ထောင်စု ၃၇၀ အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## မြန်မာ-ထိုင်း ရွှေ့ပြောင်းသွားလာခြင်းကြောင့် ထိခိုက်နစ်နာသည့် ကလေးသူငယ်များ အကာအကွယ်ပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၂**

မြန်မာ-ထိုင်း ရွှေ့ပြောင်းသွားလာခြင်းကြောင့် ထိခိုက်နစ်နာသည့် ကလေးသူငယ်များ အကာအကွယ်ပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေး ဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### များစွာအကျိုးရှိ

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ယခုကဲ့သို့ မြန်မာနှင့်ထိုင်း နှစ်နိုင်ငံတို့အကြား ရွှေ့ပြောင်းသွားလာခြင်းကြောင့် ထိခိုက်နစ်နာသည့် ကလေးသူငယ်များ အကာအကွယ်ပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်ခြင်းသည် မြန်မာရွှေ့ပြောင်းကလေးများအတွက် များစွာအကျိုးရှိပါကြောင်း၊ ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့် ရှည်လျားစွာထိစပ်လျက်ရှိသော အိမ်နီးချင်းနိုင်ငံဖြစ်သည့်အပြင် စီးပွားရေးအရ အထိုက်အလျောက်တိုးတက်ဖွံ့ဖြိုးသောနိုင်ငံဖြစ်သည့်အတွက် မြန်မာရွှေ့ပြောင်းအလုပ်သမားအများဆုံး သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများနှင့်အတူ ပါရှိသွားသော ကလေးများ၊ ထိုင်းနိုင်ငံတွင် မွေးဖွားသော မြန်မာကလေးများနှင့် ရွှေ့ပြောင်းသွားလာခြင်းကြောင့် ထိခိုက်ခံစားရသော ကလေးများ၏ ပညာရေး၊ ကျန်းမာရေး အစရှိသော အခြေခံအခွင့်အရေးများ အပြည့်အဝရရှိရန် ခက်ခဲနိုင်သကဲ့သို့ မမြင်နိုင်သော ထိခိုက်နစ်နာမှုများလည်း ရှိနိုင်ပါကြောင်း။

### နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်

မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်သကဲ့သို့ CRC Convention အဖွဲ့ဝင်နိုင်ငံများဖြစ်သည့်အတွက် ကလေးသူငယ်များရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအတွက် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မှာ ဖြစ်သည်ကို ယုံကြည်ပါကြောင်း၊ MoU လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင်လည်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းစဉ်တွင် ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြသော မိတ်ဖက်အဖွဲ့အစည်းများကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာအစိုးရနှင့် ထိုင်းအစိုးရတို့အကြား ရွှေ့ပြောင်းသွားလာခြင်းကြောင့် ထိခိုက်နစ်နာသည့် ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်း လုပ်ငန်းစဉ်ကိုလည်း မိမိတို့အစိုးရ တာဝန်ယူစဉ်ကာလအတွင်း အမြန်ဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန သက်ဆိုင်ရာ တာဝန်ခံ ညွှန်ကြားရေးမှူးက MoU ရေးဆွဲရေး ဆောင်ရွက်ထားရှိမှု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များ၊ ထိုင်းနိုင်ငံဘက်မှ ပြန်လည်ပေးပို့သော သဘောထားမှတ်ချက်၊ နှစ်နိုင်ငံအဆင့် MoU လက်မှတ်ရေးထိုးနိုင်ရေး အခမ်းအနား ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

### ဆက်လက်ရေးဆွဲသွားမည်

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြန်မာနှင့်ထိုင်းအကြား ရွှေ့ပြောင်းသွားလာခြင်းကြောင့် ထိခိုက်နစ်နာသည့် ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးပြီးပါက နှစ်နိုင်ငံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုစနစ်ကျလျင်မြန်စေရန် Standard Operational Procedure (SOP) ကို ဆက်လက်ရေးဆွဲသွားမည်ဖြစ်ပြီး မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်မြို့များဖြစ်သည့် မြဝတီ-မဲဆောက်နှင့် ကော့သောင်း-ရနောင်းတို့တွင် ရှေ့ပြေးစီမံကိန်းများကို စတင်ပူးပေါင်း ဆောင်ရွက်သွားရန် သတ်မှတ်ရွေးချယ်ထားပြီး ဦးစွာ မြဝတီ-မဲဆောက် နယ်စပ်မြို့များတွင် စတင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## နိုင်ငံပိုင်ရုပ်ရှင်ရုံ တောင်ကြီး(မြသုခ)၊ လားရှိုး(အောင်သီရိ) တို့၏ တာဝန်နှင့်ဝတ္တရား လွှဲပြောင်းခြင်းစာချုပ် ချုပ်ဆို

တောင်ကြီး မေ ၁၂

**နိုင်ငံပိုင်ရုပ်ရှင်ရုံ တောင်ကြီး (မြသုခ)၊ လားရှိုး(အောင်သီရိ)တို့၏ တာဝန်နှင့်ဝတ္တရား လွှဲပြောင်းခြင်း စာချုပ်ချုပ်ဆိုခြင်းကို မေ ၁၂ ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)




ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက နိုင်ငံပိုင်ရုပ်ရှင်ရုံများဖြစ်သည့် တောင်ကြီးမြို့(မြသုခ)နှင့် လားရှိုးမြို့(အောင်သီရိ) ရုပ်ရှင်ရုံ၊ ပုဂ္ဂလိကကို အပြီးရောင်းချပြီးသည့် လားရှိုးမြို့ (သိန်းထိုက်) ရုပ်ရှင်ရုံနှင့် (သီတာအေး) ရုပ်ရှင်ရုံလေးရုံတို့ကိုလည်း ခေတ်နှင့်အညီ ရုပ်ရှင်ပြသခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခြင်းမရှိသေးသည့် ရုပ်ရှင်ရုံ ၁၀ ရုံကိုစိစစ်၍ ရုပ်ရှင်ပြသခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရုပ်ရှင်ပြသခြင်းလုပ်ငန်း မဆောင်ရွက်နိုင်သည့် ရုပ်ရှင်ရုံများကိုလည်း စိစစ်အရေးယူ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ကြီးကြပ် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံပိုင်ရုပ်ရှင်ရုံ တောင်ကြီး(မြသုခ)၊ လားရှိုး (အောင်သီရိ) တို့နှင့် ပတ်သက်၍ သဘောတူညီချက် စာချုပ်ကို တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြသည်။ အလားတူ မေ ၁၁ ရက်ကလည်း ကယားပြည်နယ်ရှိ နိုင်ငံပိုင် သီရိရုပ်ရှင်ရုံနှင့်ပတ်သက်၍ တာဝန်နှင့်ဝတ္တရားလွှဲပြောင်းခြင်းကို ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အကြမ်းဖက်မှုမှန်သမျှ ပြည်သူနှင့် ပူးပေါင်းဖယ်ရှားရန် အရေးကြီးပြီ

ကိုသားကြီး

**ဒီမိုကရေစီနိုင်ငံများတွင် ပြည်သူလူထု၏ စိတ်ချမ်းသာပျော်ရွှင်မှုနှင့် အကျိုးစီးပွားများ ဆတက်ထမ်းပိုးတိုးတက်စေရမည့် နိုင်ငံရေးရည်မှန်းချက်များ ရှိခဲ့ကြသော်လည်း စစ်မှန်သည့် ဒီမိုကရေစီစနစ်ရရှိအောင် တည်ဆောက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုမှာ အလွန်ပင် အရေးကြီးလှပါသည်။ တစ်နည်းအားဖြင့်ပြောရလျှင် နိုင်ငံတစ်နိုင်ငံသည် နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန် အရေးကြီးသကဲ့သို့ ပြည်သူလူထုအားလုံး တည်ငြိမ်အေးချမ်းပြီး စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ရန်နှင့် တရားဥပဒေစိုးမိုးမှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိဘဲ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ မလျှောက်လှမ်းနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။**

ဒီမိုကရေစီယဉ်ကျေးမှုသည် ပြည်သူလူထုတို့ နေ့စဉ်ဖြတ်သန်းရသော လူမှုဘဝအတွက် နိုင်ငံရေးဖြစ်စေ၊ စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ၊ အမျိုးသားရေးဖြစ်စေ သာယာဝပြောသည့် လူ့ပတ်ဝန်းကျင်ကို ပြည်သူတို့၏အာဏာဖြင့် ပြည်သူတို့က ဖန်တီးခွင့်ရရှိခြင်းပင် ဖြစ်ပါသည်။ ဒီမိုကရေစီဆိုသည်မှာ ပြည်သူတစ်ဦးချင်းကို လျစ်လျူရှုခြင်းမျိုး၊ အလေးမထားသည့်သဘောမျိုး လုံးဝမရှိကြောင်း၊ ပြည်သူလူထုက မိမိတို့တွင်ရှိသော အရည်အချင်းများကို စုပေါင်းပြီး ဒီမိုကရေစီစနစ် အောင်မြင်စွာစုပေါင်းပျိုးထောင်နိုင်မှသာ တူညီမျှတသည့် အခွင့်အရေးများရရှိနိုင်ကြောင်း ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ ကျင့်သုံးနေသည့် နိုင်ငံများက ယနေ့အချိန်တွင် သက်သေပြလျက်ရှိပါသည်။

၂၀၁၀ ပြည့်နှစ်က စတင်လျှောက်လှမ်းခဲ့သည့် စာရေးသူတို့နိုင်ငံ၏ ဒီမိုကရေစီလမ်းကြောင်းမှာ အတော်အတန် ခရီးပေါက်ခဲ့သော်လည်း အာဏာရပါတီ၏ လူပုဂ္ဂိုလ်စွဲ၊ ပါတီစွဲများကို ရှေ့တန်းတင်၍ လုပ်ပိုင်ခွင့်အာဏာကို မှန်ကန်စွာအသုံးချနိုင်မှုမရှိဘဲ မိမိပါတီအာဏာရရှိရေးကိုသာ ဦးတည်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးလမ်းကြောင်းမှာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။

### နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းတည့်မတ်

ပြည်သူလူထုမှာ ဒီမိုကရေစီစနစ်၏ ဝိသေသများဖြစ်သော ရွေးကောက်ပွဲများ၊ လွှတ်တော်များနှင့် ရင်းနှီးခွင့်ရရှိခဲ့ပြီး နိုင်ငံအတွက် မှန်ကန်စွာ ဦးဆောင်ပေးနိုင်မည့် ခေါင်းဆောင်များကို မှန်မှန်ကန်ကန် ရွေးချယ်နိုင်မှုအားနည်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ တပ်မတော်မှ နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းတည့်မတ် ဆောင်ရွက်ပေးရသည့်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ အာဏာရပါတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ မှန်ကန်စွာ စီမံဆောင်ရွက်နိုင်မည်ဆိုပါက တပ်မတော်အနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းရန် အကြောင်းမရှိပေ။

တပ်မတော်သည် ခေတ်အဆက်ဆက် နိုင်ငံ၏အချုပ်အခြာအာဏာကို ကာကွယ်ရန် အဘက်ဘက်က ပြင်ဆင်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ မြန်မာနိုင်ငံကို ၎င်းတို့၏ ဩဇာခံအဖြစ် စိုးမိုးခြယ်လှယ်လိုသော အနောက်အင်အားကြီးနိုင်ငံများ၏ မျက်စိစပါးမွေးစူးခြင်း ခံရလောက်သည်အထိ တပ်မတော်အနေဖြင့် မြန်မာ့အမျိုးသားနိုင်ငံရေးတွင် မားမားမတ်မတ် ပါဝင်ဆောင်ရွက်ခဲ့သည်ကို အင်အားကြီးနိုင်ငံများအနေဖြင့် မလိုလားကြပေ။

သို့အတွက် အင်အားကြီးနိုင်ငံများမှ လုပ်ရိုးလုပ်စဉ်အတိုင်း တပ်မတော်ကိုဖြိုခွဲရန် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ရာ တပ်မတော်က ခိုင်မာသည့်ရပ်တည်ချက်၊ မှန်ကန်သည့် လုပ်ဆောင်ချက်များဖြင့် အောင်မြင်မှုမရှိခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ နောက်ဆုံးတွင် မဟုတ်မမှန်လုပ်ကြံ၍ အကြောင်းပြချက်အမျိုးမျိုးဖြင့် ကုလသမဂ္ဂတရားရုံး ICJ သို့ ပို့ဆောင်စွပ်စွဲသည်အထိ ဆောင်ရွက်ခဲ့ကြပါသည်။

သို့သော် တပ်မတော်၏ မွန်မြတ်မှန်ကန်သည့် စေတနာကို သိရှိသော ပြည်သူလူထုအနေဖြင့် တပ်မတော်ထောက်ခံပွဲများ၊ နိုင်ငံ၏ တရားဝင်အဖွဲ့အစည်းတစ်ခုတည်းဖြစ်သော မြန်မာ့တပ်မတော်သည် နိုင်ငံတော် အာဏာပျံ့နှံ့ရာ မည်သည့်ဒေသမှာမဆို ကာကွယ်ရေးကိစ္စရပ်တို့ကို လိုအပ်သလို စီမံပိုင်ခွင့်ရှိသည့်အားလျော်စွာ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်စွန့်ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်ကို ပြိုကွဲအောင်ပြုလုပ်နေသည့် မည်သည့်နိုင်ငံ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုမဆို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြပါသည်။

အဆိုးဆုံးအချက်က နိုင်ငံရေးပါတီများအနေဖြင့် တပ်မတော်ကို စစ်အာဏာရှင် ဟုသုံးနှုန်းပြီး တပ်မတော်ပြိုကွဲအောင် ဘက်ပေါင်းစုံက နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ တပ်မတော်အနေဖြင့် ပြည်သူက ရွေးချယ်ထားသည့် အစိုးရအဖွဲ့အစည်းကို လေးစားအသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း အာဏာရပါတီ၏ လုပ်ဆောင်ချက်များသည် နိုင်ငံ၏ အချုပ်အခြာအာဏာဆုံးရှုံးမည့်အခြေအနေသို့ ရောက်ရှိလာမည်ဆိုပါက တပ်မတော်အနေဖြင့် မှန်ကန်သည့်လမ်းကြောင်းဖြင့် တည့်မတ်ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ကို သတိပြုစေချင်ပါသည်။

စာရေးသူတို့ နိုင်ငံအနေဖြင့် ဒီမိုကရေစီလျှောက်လှမ်းနိုင်မှုကို ပြန်ကြည့်ပါက ပထမ ဒီမိုကရေစီသက်တမ်းတွင် ပြင်းပြင်းထန်ထန် စိန်ခေါ်မှုများ၊ စီးပွားရေးကျဆင်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ကို သတိပြုမိပါသည်။ အထူးသဖြင့် နိုင်ငံအနှံ့အပြားတွင် လက်နက်ကိုင် အကြမ်းဖက် သတ်ဖြတ်မှုများ၊ နယ်မြေလုတိုက်ပွဲများ ဖြစ်ပေါ်ခဲ့ပြီး မြောက်မြားစွာသော မူးယစ်ဆေးဝါးများ အလျဉ်မပြတ်ဖမ်းမိလာခြင်း၊ တရားဥပဒေစိုးမိုးမှုများ ဆိုးရွားစွာပျက်သုဉ်းလာခြင်း၊ နိုင်ငံ၏ စီးပွားရေးဘက်ပေါင်းစုံမှ ကျဆင်းလာမှုများကို သတိပြုမိပါသည်။

> ❐ **အာဏာရပါတီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ရမည့်အစား တပ်မတော်ကို ဖယ်ထုတ်နိုင်ရန် ဆောင်ရွက်လာခြင်းသည် မှားယွင်းသည့် လုပ်ဆောင်ချက်ပင်ဖြစ်ပေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးထက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုသာ ဦးစားပေးလုပ်ဆောင်နေခြင်းကြောင့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးမှာ အလိုလိုရပ်တန့်သွားခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ တပ်မတော်ကို ဖြိုခွဲလိုသူများသည် နိုင်ငံရေးသမားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ပရှိ ဩဇာကြီးမားသည့် နိုင်ငံရေးသမားများ၊ အဖျက်အမှောင့် လုပ်ဆောင်လျက်ရှိကြသည့် အကြမ်းဖက်အဖွဲ့အစည်းများတွင် ခိုကတ်၍ အဖြူရောင်၊ အညိုရောင်၊ အနက်ရောင် နည်းလမ်းများဖြင့် မြေပေါ်မြေအောက် ကြံစည်လုပ်ကိုင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ခဲ့သည်ကို သတိပြုသင့်ပါသည်။**

အာဏာရပါတီအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ရမည့်အစား တပ်မတော်ကို ဖယ်ထုတ်နိုင်ရန် ဆောင်ရွက်လာခြင်းသည် မှားယွင်းသည့် လုပ်ဆောင်ချက်ပင်ဖြစ်ပေသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးထက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုသာ ဦးစားပေးလုပ်ဆောင်နေခြင်းကြောင့် ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးမှာ အလိုလိုရပ်တန့်သွားခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။ တပ်မတော်ကို ဖြိုခွဲလိုသူများသည် နိုင်ငံရေးသမားများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်ပရှိဩဇာကြီးမားသည့် နိုင်ငံရေးသမားများ၊ အဖျက်အမှောင့် လုပ်ဆောင်လျက်ရှိကြသည့် အကြမ်းဖက် အဖွဲ့အစည်းများတွင် ခိုကတ်၍ အဖြူရောင်၊ အညိုရောင်၊ အနက်ရောင် နည်းလမ်းများဖြင့် မြေပေါ်မြေအောက် ကြံစည်လုပ်ကိုင်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်ခဲ့သည်ကို သတိပြုသင့်ပါသည်။

### မတန်လျှင်ပြန်ယူရန်မှာ ပြည်သူတို့၏ တာဝန်သာဖြစ်

ပြည်သူလူထုအနေဖြင့် တပ်မတော်ကို ဖြိုခွဲလိုသည့် မည်သည့် နိုင်ငံရေးသမားမဆို ဆန့်ကျင်ဖယ်ရှားပစ်ရန် လိုအပ်ပါသည်။ တပ်မတော်ကို ထောက်ခံသည့် ပြည်သူများသည် စစ်အာဏာရှင်ကို အသက်သွင်းခြင်းမဟုတ်ဘဲ နိုင်ငံရေးပါတီများ၏ လုပ်ဆောင်ချက်များ မှားယွင်းသည်ကို တွေ့မြင်လာခြင်းကြောင့် မတန်လျှင်ပြန်ယူရန်မှာ ပြည်သူတို့၏ တာဝန်သာဖြစ်သည်ကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

တပ်မတော်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းပြီး လိုအပ်ချက်အရ နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းသည် စာရေးသူတို့နိုင်ငံအား ဒီမိုကရေစီစနစ် မှန်ကန်စွာလျှောက်လှမ်းနိုင်ရေး အချိန်မီဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ခဲ့မှုအပေါ် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲရှိသူများ၊ တပ်မတော်ကို မလိုလားသူများအနေဖြင့် အစိုးရ၏ ဆောင်ရွက်ချက်များအပေါ် နည်းလမ်းမျိုးစုံဖြင့် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

အများပိုင်လမ်းများပေါ်မှာ အမှိုက်တွေပစ်၊ အတားအဆီးများနှင့် ပိတ်ဆို့ပြီး ဒီမိုကရေစီလိုချင်တယ်ဟု ကြွေးကြော်ကာ ဆူပူအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုမှာ ကိုယ့်ကိုယ်ကိုယ် အရှက်မရှိကြောင်း၊ အောက်တန်းကျကြောင်း ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

### အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်လာ

ဒီမိုကရေစီစနစ်တွင် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ပိုင်ခွင့်ရှိသည် ဆိုသော်လည်း ပြည်သူလူထုအနေဖြင့် ဆန္ဒပြရုံသာမက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာခြင်း၊ တည်ငြိမ်အေးချမ်းမှုပျက်ပြား၍ အစိုးရယန္တရား လည်ပတ်မှုရပ်တန့်သွားအောင် ရည်ရွယ်၍ အကြမ်းဖက် တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့ခြင်းကြောင့် လုံခြုံရေးတာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရခြင်း၊ အဖျက်သမားများ၏ သွေးထိုးမြှောက်ပင့်မှုကြောင့် ဆန္ဒပြရာမှ ဆူပူအကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး စက်ရုံ၊ အလုပ်ရုံများ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးများ၊ အခြားလူနေအဆောက်အအုံများကို မီးရှို့ဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့သည်အထိ အကြမ်းဖက်လုပ်ရပ်များကို တိုးမြှင့်လုပ်ဆောင်လာခဲ့ပါသည်။

### ဥပဒေနှင့်အညီ ဖြိုခွင်းဆောင်ရွက်ခဲ့

ထို့အပြင် ပြည်ပနိုင်ငံရှိ အဖွဲ့အစည်းများကလည်း ထိုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်ချက်များအပေါ် ထောက်ခံရုံသာမက ငွေကြေးထောက်ပံ့ပေးခြင်းများ လုပ်ဆောင်လာခြင်းကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ မဆုံးရှုံးစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ရှိစေရန်အတွက် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ အကြမ်းဖက်တိုက်ခိုက်လာမှုများကို လူအင်အားအနည်းဆုံး အသုံးပြု၍ ဥပဒေနှင့်အညီ ဖြိုခွင်းဆောင်ရွက်ခဲ့သည်ကို တွေ့မြင်နိုင်ပါသည်။

ကိုယ်ကျိုးကိုသာကြည့်တတ်သည့် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် လူငယ်လူရွယ်များမှာ မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်မှုအပေါ်ယုံကြည်၍ နိုင်ငံရေးတည်ငြိမ်မှုမရှိရန်နှင့် အစိုးရပြုတ်ကျရန် ဦးတည်လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ပါသည်။ တပ်မတော်အနေဖြင့်

*စာမျက်နှာ ၁၀ သို့*

# ပြည်ကြီးတံခွန်မြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုများတွင်ပါဝင်သော ဆန္ဒပြသူများအား လက်လုပ်သေနတ်များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးကို မလိုလားသူ အကြမ်းဖက်သမားများက CDM လှုပ်ရှားမှုကိုအခြေခံ၍ ဒေသတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ပျက်ပြားစေရန် ဆူပူအကြမ်းဖက်မှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိသော်လည်း ဒေသခံပြည်သူလူထုများအနေဖြင့် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုများကို လိုလားမှုမရှိကြောင်း သိရှိရပြီး တည်ငြိမ်အေးချမ်းမှုများကို လိုလားသည့် တာဝန်သိပြည်သူများ၏ သတင်းပေးမှုအရ ယနေ့တွင် ပြည်ကြီးတံခွန်မြို့နယ် ၁၁၈ လမ်းနှင့် ၇၁ လမ်းထောင့်၌ လူစုလူဝေးပြုလုပ်ကာ ဆူပူဆန္ဒပြလျက်ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုလူဝေးဖြိုခွဲရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲဆောင်ရွက်ခဲ့ရာ ဆူပူဆန္ဒပြသူများအနက်မှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ကို လက်လုပ်သေနတ်သုံးလက်၊ လက်လုပ်မိုင်းနှစ်လုံး၊ မီးပုလင်းနှစ်ပုလင်း၊ ဒိုင်းနှစ်ခု၊ ဆူပူဆန္ဒပြရာတွင် အသုံးပြုသည့် အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။




အဆိုပါဖမ်းဆီးထိန်းသိမ်းခံရသူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ဆူပူဆန္ဒပြရာတွင် ပါဝင်ပတ်သက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာသည့်သူများ၏ လုပ်ဆောင်ချက်များအပေါ် ဖြိုခွင်းရာတွင် ပြည်သူလူထုနှင့် ပူးပေါင်း၍ တရားဥပဒေနှင့်အညီ စိတ်ရှည်လက်ရှည် ဆောင်ရွက်ခဲ့ခြင်းကြောင့် ထိရောက်မှုရှိခဲ့ပြီး အကြမ်းဖက်ဆောင်ရွက်သူများ၏ လုပ်ရပ်များမှာ အဆုံးသတ်သွားခဲ့ပါသည်။

ပြည်သူလူထုအနေဖြင့် အမှားအမှန်ကို ခွဲခြားသိမြင်၍ အကြမ်းဖက်လုပ်ရပ်များအပေါ် အောင်မြင်စွာဖယ်ရှားနိုင်ရန် တပ်မတော်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင်မှုမရှိသည်ကို တဖြည်းဖြည်း သိမြင်လာသော်လည်း နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်ပေးသူများ၏ မက်လုံးပေးစည်းရုံးမှုများအပေါ် ယုံကြည်မှုရှိခဲ့ခြင်းကြောင့် အကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းအားထုတ်နေခြင်းပင်ဖြစ်ပါသည်။

၎င်းတို့လုပ်ဆောင်သည့် အကြမ်းဖက်တိုက်ခိုက်မှုများ အောင်မြင်မှုမရှိခဲ့လျှင် စစ်အာဏာရှင်သက်ဆိုးရှည်နိုင်ပြီး ဒီမိုကရေစီရရှိရေး ရည်မှန်းချက်များ ပျက်ပြယ်နိုင်သည်ဟု လွဲမှားသည့် လွှမ်းမိုးချက်များ ရှိနေခြင်းကြောင့် အကြမ်းဖက်လုပ်ဆောင်သူများအနေဖြင့် လက်ပစ်ဗုံး၊ မိုင်းခွဲတိုက်ခိုက်မှုများ၊ ရပ်ကွက်ရုံးများနှင့် အစိုးရရုံးများကို မီးရှို့တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေခြင်းပင် ဖြစ်ပါသည်။ အကြမ်းဖက်လုပ်ဆောင်သူများအနေဖြင့် သွေးထိုးလှုံ့ဆော်မှုကို ယုံကြည်၍ ဆောင်ရွက်နေခြင်းပင်ဖြစ်ပါသည်။ အကြမ်းဖက်မှုများ ပိုမိုများပြားအောင် လုပ်ဆောင်နိုင်မှသာ ပြည်သူလူထုက အစိုးရကို ပြစ်တင်ဝေဖန်မှုများ ပြုလုပ်လာမည်ဟု ယူဆခဲ့ကြပါသည်။

အကြမ်းဖက်လုပ်ဆောင်သူများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ မအောင်မြင်သော်လည်း သွေးထိုးလှုံ့ဆော်သူများ၏ လွှမ်းမိုးမှုကို ခံနေရခြင်းကြောင့် ၎င်းတို့၏ လုပ်ဆောင်ချက်များမှာ မှန်ကန်သည်ဟု ခံယူလျက်ရှိနေကြသည်ကို သတိပြုမိပါသည်။ ထို့အပြင် ပြည်ပအဖွဲ့အစည်းများက ငွေကြေးများ ထောက်ပံ့ခြင်း၊ ပြည်ပနိုင်ငံများတွင် ပညာသင်ယူခွင့်၊ အခြေချနေထိုင်ခွင့်ရရှိမည်ဟု မက်လုံးပေး စည်းရုံးခဲ့ခြင်းများကြောင့် လူငယ်လူရွယ်များအနေဖြင့် လမ်းမှားသို့ရောက်ရှိကာ အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

ယနေ့အချိန်တွင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အကြမ်းဖက်လုပ်ရပ်များ တဖြည်းဖြည်း ရပ်တန့်သွားပြီး တည်ငြိမ်အေးချမ်းမှုရရှိကာ မိဘပြည်သူများအနေဖြင့်လည်း စိတ်ချမ်းမြေ့စွာ နေထိုင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ဒီမိုကရေစီရရှိရေးဆိုပြီး ဒီမိုကရေစီနှင့် ဆန့်ကျင်ဘက်လုပ်ရပ်များဖြစ်သည့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ အဖျက်အမှောင့်လုပ်ရပ်များ ပြုလုပ်နေကြတာဖြစ်သည့်အတွက် အဆိုပါအကြမ်းဖက်လှုပ်ရှားမှုတွင် ဒီမိုကရေစီရစရာအကြောင်းမရှိမှုမှာ ပိုမိုသေချာနေကြောင်း သတိပြုစေချင်ပါသည်။

မည်သည့် နိုင်ငံ၊ မည်သည့်အစိုးရများက ထိုကဲ့သို့ ဆူပူဆန္ဒပြမှုများကိုလည်း လက်မခံနိုင်သည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ဒီမိုကရေစီလိုလားသူများ၏ ဒီမိုကရေစီရရှိရေးတောင်းဆိုမှုများနှင့် ဒီမိုကရေစီမကျသည့် မင်းမဲ့စရိုက်အကြမ်းဖက် ဆူပူလှုပ်ရှားမှုများကို လက်ရှိအစိုးရက အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်နှင့် အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အတွက် ဆူပူအကြမ်းဖက်လုပ်ရပ်များ တစ်ဆင့်ပြီးတစ်ဆင့် ပိုမိုမြင့်တက်လာခြင်းပင် ဖြစ်ပါသည်။

အစိုးရ၏ ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့မှုများကို ဆူပူအကြမ်းဖက်လုပ်ဆောင်မှုများအနေဖြင့် အခွင့်အရေးယူကာ အကြမ်းဖက်လုပ်ရပ်များ ဆက်လက်တိုးမြှင့်လုပ်ဆောင်ခဲ့ပြီး ယနေ့အချိန်တွင် ဆူပူအကြမ်းဖက်သောင်းကျန်းမှုများကို ပြည်သူလူထုနှင့်အတူ ပူးပေါင်းဖယ်ရှားနိုင်ခြင်းမရှိပါက တိုင်းပြည်နှင့် လူထုအတွက် အလွန်ကြီးမားသည့်အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေပြီး စိုးရိမ်ပူပန်မှုများ ပိုမိုမြင့်တက်လာနိုင်ပါသည်။ ထို့ကြောင့် ဆူပူအကြမ်းဖက်လုပ်ရပ်များကို သည်းခံစိတ်ရှည်၍မရဘဲ ပြည်သူလူထုနှင့် ပူးပေါင်းကာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ရန် လိုအပ်လာပါသည်။

ဆူပူအကြမ်းဖက်လုပ်ရပ်များအားလုံး လုံးဝချုပ်ငြိမ်းစေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်သူလူထုအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြည်သူလူထုအနေဖြင့် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲမထားရှိဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှားအမှန်ကို ပိုင်းခြားသိမြင်ပြီး အကြမ်းဖက်လုပ်ရပ်များ လုံးဝချုပ်ငြိမ်းပျောက်ကွယ်သွားရန် လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါသည်။

အကြမ်းဖက်လုပ်ရပ်များကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရပ်ကွက်မြို့နယ် ခရိုင်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖယ်ရှားဆောင်ရွက်ရန်လည်း အချိန်တန်ပြီ ဖြစ်ပါသည်။

အကြမ်းဖက်လုပ်ရပ်များကို ဖြိုခွဲနိုင်မှသာ နိုင်ငံတည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီလမ်းကြောင်းကို အေးချမ်းစွာ ဆက်လက်လျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။ တိုင်းပြည် အလုံးစုံပျက်သုဉ်းရေး ရည်မှန်းပြီး ဆူပူအကြမ်းဖက်လုပ်ရပ်များကို ကြိုးကိုင်ဖန်တီးနေသူများကိုလည်း ပြည်သူလူထုအနေဖြင့် အစိုးရ၊ လုံခြုံရေးတပ်ဖွဲ့များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်၍ ပြတ်ပြတ်သားသား ရှင်းလင်းဖယ်ရှားရမည့် အချိန်ရောက်ရှိနေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*၆-၅-၂၀၂၂ ရက်နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် ကိုသားကြီး၏ "အကြမ်းဖက်မှုမှန်သမျှ ပြည်သူနှင့် ပူးပေါင်းဖယ်ရှားရန် အရေးကြီးပြီ" ဆောင်းပါးကို Golden Hand ဂျာနယ်အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။* (စာတည်း)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၁၂ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ စလင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မဲဆန္ဒရှင်စာရင်းစစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီးအတွင်းရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်တွင် ယခင် ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၈၄၉၁၉၇ ဦး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၈၀၁၁၂၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၄၁၆၁၀ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၈၅၄၇ ဦး၊ ၂ကြိမ် ပါဝင်နေ သူများမှာ ၁၀၀၄၂၆ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|---|
| ၁ | ပခုက္ကူမြို့နယ် | ၃၅၀ | ၂၄၆၄၈၂ | ၂၄၀၅၆၀ | ၈၁၁၉ | ၃၄၄၀ | ၃၅၃၀၈ |
| ၂ | မင်းဘူးမြို့နယ် | ၁၇၁ | ၁၄၃၇၉၂ | ၁၃၅၅၁၀ | ၇၅၇၅ | ၁၁၃၈ | ၁၅၅၁၆ |
| ၃ | ပွင့်ဖြူမြို့နယ် | ၁၆၃ | ၁၃၆၁၃၆ | ၁၀၆၁၆၀ | ၁၃၀၆၁ | ၁၁၈၅ | ၁၆၁၃၄ |
| ၄ | ငဖဲမြို့နယ် | ၇၈ | ၃၉၆၂၆ | ၃၇၈၄၁ | ၁၄၇၁ | ၇၈ | ၂၂၈၆ |
| ၅ | စေတုတ္တရာမြို့နယ် | ၆၉ | ၃၄၆၅၁ | ၃၃၂၄၃ | ၃၉၁ | ၃ | ၃၆၀ |
| ၆ | စလင်းမြို့နယ် | ၂၇၉ | ၁၉၈၄၁၅ | ၁၉၇၁၀၆ | ၁၀၁၂၄ | ၂၆၉၄ | ၂၉၄၉၀ |
| ၇ | မင်းတုန်းမြို့နယ် | ၁၀၄ | ၅၀၀၉၅ | ၅၀၇၀၁ | ၈၆၉ | ၉ | ၁၃၃၂ |
| | စုစုပေါင်း | ၁၂၁၄ | ၈၄၉၁၉၇ | ၈၀၁၁၂၁ | ၄၁၆၁၀ | ၈၅၄၇ | ၁၀၀၄၂၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ စလင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင် ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၇ မြို့နယ်တွင် မဲရုံပေါင်း ၁၂၁၄ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၈၆၂၁၁ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၇၀၂၅၁ ၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၁၅၉၆၀ ၊ မြေပြင်လက်ကျန် ၂၉၅၁၀၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၂၂၅၈၁ ဖြစ်ပြီး၊ အပိုတွေ့ရှိသော မဲလက်မှတ်အရေအတွက်မှာ ၁၇၂၂ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–



ငဖဲမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။



စလင်းမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပခုက္ကူမြို့နယ် | ၃၅၀ | ၂၈၅၁၈၆ | ၁၈၉၂၀၁ | ၉၅၉၈၅ | ၈၆၂၂၁ | ၁၀၁၆၅ | ၄၀၁ |
| ၂ | မင်းဘူးမြို့နယ် | ၁၇၁ | ၁၆၆၃၅၅ | ၁၁၃၇၆၆ | ၅၂၅၈၉ | ၅၀၀၆၆ | ၂၇၉၉ | ၂၇၆ |
| ၃ | ပွင့်ဖြူမြို့နယ် | ၁၆၃ | ၁၅၅၁၄၀ | ၁၀၈၀၇၂ | ၄၇၀၆၈ | ၄၂၃၅၉ | ၄၇၉၆ | ၈၇ |
| ၄ | ငဖဲမြို့နယ် | ၇၈ | ၄၆၆၈၂ | ၃၃၃၁၃ | ၁၃၃၆၉ | ၁၃၂၀၉ | ၃၆၀ | ၂၀၀ |
| ၅ | စေတုတ္တရာမြို့နယ် | ၆၉ | ၄၁၅၂၉ | ၂၉၁၈၄ | ၁၂၃၄၅ | ၁၂၃၂၈ | ၁၆၂ | ၁၄၅ |
| ၆ | စလင်းမြို့နယ် | ၂၇၉ | ၂၃၁၀၃၀ | ၁၅၅၇၅၁ | ၇၅၂၇၉ | ၇၁၉၄၃ | ၃၈၄၉ | ၅၁၃ |
| ၇ | မင်းတုန်းမြို့နယ် | ၁၀၄ | ၆၀၂၈၉ | ၄၀၉၆၄ | ၁၉၃၂၅ | ၁၈၉၇၅ | ၄၅၀ | ၁၀၀ |
| | စုစုပေါင်း | ၁၂၁၄ | ၉၈၆၂၁၁ | ၆၇၀၂၅၁ | ၃၁၅၉၆၀ | ၂၉၅၁၀၁ | ၂၂၅၈၁ | ၁၇၂၂ |

၆။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၊ သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ (က) အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းထက် ၄၈၀၇၆ ဦး ပိုမိုများပြားနေပါသည်။

၇။ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၄၁၆၁၀ ဦး ရှိနေကြောင်း စိစစ်တွေ့ရှိပါသည်။ ထို့ပြင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ **“အခန်း(၆) မဲစာရင်းပြုစုခြင်း”** ပါ ပုဒ်မ ၁၅ (ဂ) တွင် **“မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ”** ဟု ပြဋ္ဌာန်းထားသော်လည်း မကွေးတိုင်းဒေသကြီးရှိ အဆိုပါ မြို့နယ် ၇ မြို့နယ်၏ မဲစာရင်းများတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၈၅၄၇ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၁၀၀၄၂၆ ဦးတို့ ရှိနေကြောင်း စိစစ်တွေ့ရှိရသဖြင့် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။

၈။ မကွေးတိုင်းဒေသကြီးအတွင်းရှိ အဆိုပါမြို့နယ် ၇ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၆၇၈၄၃၉ ဦး ဖြစ်သော်လည်း ထုတ်ယူရရှိဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ၆၇၀၂၅၁ စောင် ဖြစ်သဖြင့် မဲပေးသူအရေအတွက်ထက် ၈၁၈၈ စောင် လျော့နည်းအသုံးပြုထားခြင်း၊

( ခ ) ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၂၂၅၈၁ စောင် ပျောက်ဆုံးနေခြင်း၊

( ဂ ) အချို့မဲရုံများတွင် ဆန္ဒမဲလက်မှတ်အပို ၁၇၂၂ စောင် တွေ့ရှိရခြင်း၊

(ဃ) ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုတွေ့ရှိရခြင်း၊

( င ) နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါရှိဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ခဲ့ခြင်း၊

( စ ) ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ခြင်း၊

*စာမျက်နှာ ၁၂ သို့*

# ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် (ဧပြီလအထိ) (ယာယီ)စာရင်းအရ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၈ ဘီလီယံကျော် ဆောင်ရွက်နိုင်ခဲ့

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဧပြီလအထိ) မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှု (ယာယီစာရင်းအရ) ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၈ ဘီလီယံတွင် ပြည်ပပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၇၃ ဘီလီယံနှင့် ပြည်ပသွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၈၅ ဘီလီယံ ဖြစ်ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကာလတူတွင် ပြည်ပပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀ဒသမ ၇၅ ဘီလီယံ၊ ပြည်ပသွင်းကုန် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၉၁ ဘီလီယံ၊ ပြည်ပကုန်သွယ်မှု ပမာဏ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၆၆ ဘီလီယံဖြစ်သဖြင့် ယခင်ဘဏ္ဍာနှစ်ထက် ပို့ကုန် ၂ ဒသမ ၀၂ ဘီလီယံ၊ သွင်းကုန် ၃ ဒသမ ၀၆ ဘီလီယံ နှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၈ ဘီလီယံ လျော့နည်းခဲ့ပါသည်။

၂။ ပြည်ပပို့ကုန်ပစ္စည်းများ အုပ်စုလိုက်တင်ပို့မှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည် -

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဧပြီ လ)ထိ (ယာယီ) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဧပြီ လ)ထိ | နှိုင်းယှဉ်ချက် တိုး (+) / လျော့ (-) | |
|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၃၂၈၉.၉၈၃ | ၂၃၈၈.၅၇၂ | ( + ) | ၉၀၁.၄၁၁ |
| ၂ | တိရစ္ဆာန်ထွက်ပစ္စည်း | ၁၆.၃၈၇ | ၆၀.၁၅၂ | ( - ) | ၄၃.၇၆၅ |
| ၃ | ရေထွက်ပစ္စည်း | ၄၉၉.၉၈၅ | ၅၆၉.၈၀၄ | ( - ) | ၆၉.၈၁၉ |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၅၆၉.၉၆၇ | ၁၁၅၉.၈၁၀ | ( - ) | ၅၈၉.၈၄၃ |
| ၅ | သစ်တောထွက်ပစ္စည်း | ၇၆.၆၀၁ | ၉၅.၄၇၉ | ( - ) | ၁၈.၈၇၈ |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၄၀၁၈.၇၂၉ | ၅၆၉၆.၇၃၅ | ( - ) | ၁၆၇၈.၀၀၆ |
| ၇ | အခြားပစ္စည်းများ | ၂၅၈.၂၀၀ | ၇၇၇.၈၄၇ | ( - ) | ၅၁၉.၆၄၇ |
| | စုစုပေါင်း | ၈၇၂၉.၈၅၂ | ၁၀၇၄၈.၃၉၉ | ( - ) | ၂၀၁၈.၅၄၇ |

ဇာစ်မြစ်-အကောက်ခွန်

၃။ ပြည်ပသွင်းကုန်ပစ္စည်းများ အုပ်စုအလိုက်တင်သွင်းမှုကို ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် အောက်ပါအတိုင်းဖြစ်ပါသည်-

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | အကြောင်းအရာ | ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဧပြီ လ)ထိ (ယာယီ) | ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ဧပြီ လ)ထိ | နှိုင်းယှဉ်ချက် တိုး (+) / လျော့ (-) | |
|---|---|---|---|---|---|
| ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၃၁၆၂.၀၂၆ | ၄၆၈၄.၃၄၈ | ( - ) | ၁၅၂၂.၃၂၂ |
| ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၃၁၇၆.၀၈၆ | ၄၃၄၈.၄၈၃ | ( - ) | ၁၁၇၂.၃၉၇ |
| ၃ | လူသုံးကုန်ပစ္စည်း | ၂၅၁၄.၉၁၇ | ၂၈၈၁.၅၆၄ | ( - ) | ၃၆၆.၆၄၇ |
| | စုစုပေါင်း | ၈၈၅၃.၀၂၉ | ၁၁၉၁၄.၃၉၅ | (-) | ၃၀၆၁.၃၆၆ |

ဇာစ်မြစ်-အကောက်ခွန်

စာမျက်နှာ ၁၁ မှ

(ဆ) COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြုကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့် ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်း။

၉။ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်၊ စေတုတ္တရာမြို့နယ်၊ စလင်းမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများကို စိစစ်ရာတွင် မဲစာရင်းများကောက်ယူရာ၌ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ်များ မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲလက်မှတ် အပို/ လျော့နည်း ပျောက်ဆုံးမှုများ တွေ့ရှိရပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

◆ *ကျောဖုံးမှ*

ခရီးသွားကဏ္ဍ လည်ပတ်တာဟာ ကျန်တဲ့စီးပွားရေးကဏ္ဍလည်း အရှိန်ရစေမှာပါ။ လေကြောင်းလိုင်းတွေ ပွင့်လာတာနဲ့အမျှ ခရီးသွားအပန်းဖြေကဏ္ဍတွေလည်း ဖော်ဆောင်ဖို့ အရှိန်ရစေပါတယ်။ နိုင်ငံတကာခရီးသွားကဏ္ဍကတော့ အချိန်ယူရမယ်လို့ထင်တယ်။ ခရီးသွားအခြေခံကောင်းတွေရှိတဲ့နိုင်ငံဖြစ်တဲ့အတွက် စီးပွားရေး အချက်အချာကျတဲ့ ရန်ကုန်မြို့ရဲ့ ခရီးသွားအပန်းဖြေကဏ္ဍ အောင်မြင်ရင် ကျန်တဲ့ဒေသတွေလည်း အောင်မြင်မှာပါ" ဟု ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်နောင်က သူ၏အမြင်ကို ပြောသည်။

ပြည်တွင်း ခရီးသွားလုပ်ငန်းပွင့်လန်းခြင်းသည် ဒေသတွင်းဝင်ငွေတိုးပွားစေသည့်အပြင် နိုင်ငံ၏ဝင်ငွေကို ပံ့ပိုးမှုရရှိစေသောကြောင့် ကိုဗစ်- ၁၉ ကမ္ဘာ့ကပ်ရောဂါကိုရင်ဆိုင်နေရချိန်၌ ကျန်းမာရေးစည်းကမ်းသတ်မှတ်ချက်နှင့်အညီ နိုင်ငံအချို့တွင် ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ခဲ့ရာ မြန်မာနိုင်ငံ၏ စီးပွားရေး အချက်အချာကျရာ ရန်ကုန်မြို့တွင်လည်း မြို့ပြနေပြည်သူများ အပန်းဖြေ အနားယူနိုင်ရန် ခရီးသွားလုပ်ငန်းကို သက်ဆိုင်ရာဌာနများက အားပေးကူညီလျက်ရှိရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ ရေယာဉ်များငှားရမ်းရန် အသင့်ရှိနေပြီး ခရီးသွားကဏ္ဍ ဖော်ဆောင်သောအသင်းအဖွဲ့များကလည်း ရန်ကုန်မြစ်အတွင်း အပန်းဖြေခရီးသွားလုပ်ငန်းများ ပြန်လည်သက်ဝင်ရန် ကြိုးပမ်းလျက်ရှိသည်။

**ညိမ်းသူ**

● *ကျောဖုံးမှ*

ချယ်ဆီးအသင်းသည် အက်ဖ်အေဖလားကို ၂၀၁၇-၂၀၁၈ ခုနှစ်က မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး ရစ်ကြိမ်မြောက်ဆွတ်ခူးရရှိခဲ့သည်။ လက်စတာအသင်းက အက်ဖ်အေဖလားဗိုလ်လုပွဲသို့ ၁၉၄၈-၄၉၊ ၁၉၆၀- ၆၁၊ ၁၉၆၂-၆၃၊ ၁၉၆၈-၆၉ ခုနှစ်တို့တွင် တက်ရောက်နိုင်ခဲ့သော်လည်း ဖလားဆွတ်ခူး ထားနိုင်ခြင်း မရှိပေ။ ထို့ကြောင့် လက်စတာအသင်းသည် ယခုဗိုလ်လုပွဲတွင် ချယ်ဆီးအသင်းကို အနိုင်ယူပြီး အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအက်ဖ်အေဖလားကို ဆွတ်ခူးသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

ချယ်ဆီးအသင်းနှင့် လက်စတာအသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုတွင် လက်စတာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ အဆိုပါနှစ်သင်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်ပြီးလျှင်လည်း ပရီမီယာလိဂ်ပွဲစဉ် (၃၇) ကို မေ ၁၉ ရက်၌ ထပ်မံယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။

ချယ်ဆီးအသင်းသည် ယခုပွဲစဉ်မတိုင်မီ အာဆင်နယ်အသင်းနှင့် ကစားထားရသောကြောင့် ပွဲပန်းနိုင်ဖွယ်ရှိပြီး လက်စတာအသင်းကလည်း ယခုပွဲစဉ်မတိုင်မီအသင်းကြီး မန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားထားရသောကြောင့် ပွဲပန်းနေနိုင်သည်။ သို့သော်လည်း ယခုပွဲစဉ်သည် ဗိုလ်လုပွဲစဉ်ဖြစ်၍ နှစ်သင်းစလုံး အင်အားအတောင့်တင်းဆုံးပုံစံကို အသုံးပြုကာ ပွဲထွက်လာဖွယ်ရှိနေသည်။

ထို့ကြောင့် အက်ဖ်အေဖလားကို ချယ်ဆီးအသင်းက ကိုးကြိမ်မြောက် ဆွတ်ခူးသွားနိုင်မလား သို့မဟုတ် လက်စတာအသင်းက အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် ဆွတ်ခူးသွားမလား စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

## အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၁၂**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၁ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို မေ ၁၀ ရက် မွန်းလွဲပိုင်းက ပြုလုပ်ရာ မော်လမြိုင်တပ်နယ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် မော်လမြိုင်တပ်နယ်(က)အသင်းနှင့် မုဒုံတပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များက ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲအား မော်လမြိုင်နှင့် မုဒုံတပ်နယ်တို့မှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် မေ ၂၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယခုနှစ်အတွင်းပြုလုပ်ရန် စီစဉ်ထားသည့် ပြိုင်ပွဲများနှင့်ပတ်သက်၍ အာဆီယံဘောလုံးအဖွဲ့ချုပ် ပြန်လည်အတည်ပြုမည်

**နေပြည်တော် မေ ၁၂**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်းပြုလုပ်ရန် စီစဉ်ထားသည့်ပြိုင်ပွဲများနှင့်ပတ်သက်၍ ပြန်လည် အတည်ပြုမည်ဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ဘောလုံး၊ ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲ ကိုးခု ကျင်းပရန် စီစဉ်ထားခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြန်လည်အတည်ပြုခြင်းဖြစ်သည်။

ကပ်ရောဂါကြောင့် ပြီးခဲ့သည့်နှစ်တွင် အာဆီယံအဆင့်ပြိုင်ပွဲအားလုံး ဖျက်သိမ်းခဲ့ရပြီး ယခုနှစ်တွင်လည်း ကျင်းပနိုင်ခြင်းမရှိသေးဘဲ နှစ်ဝက်နောက်ပိုင်းမှသာ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ဇွန်လတွင်ပြုလုပ်မည့် ပြိုင်ပွဲကျင်းပရေးကော်မတီတွင် ပြန်လည်အတည်ပြုမည်ဖြစ်ကာ ပြိုင်ပွဲကျင်းပဖြစ်ပါက ကျင်းပမည့်ကာလများပါ အတည်ပြုသွားမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်အထိ အာဆီယံ ယူ-၁၉ အမျိုးသားပြိုင်ပွဲ၊ ဩဂုတ် ၂ ရက်မှ ၁၅ ရက်အထိ အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ ဩဂုတ် ၂၃ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အာဆီယံ ယူ-၁၆ အမျိုးသားပြိုင်ပွဲ၊ နိုဝင်ဘာ ၁၆ ရက်မှ ၂၈ ရက်အထိ အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ အာဆီယံ သဲသောင်ပြင် ဘောလုံးပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပရန် ရက်သတ်မှတ်ထားပြီး အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲကို ဩဂုတ်/စက်တင်ဘာ၊ အာဆီယံ ဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာတွင် ကျင်းပရန် သတ်မှတ်ထားသည်။

အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို ကျင်းပမည့်ကာလ သတ်မှတ်ထားခြင်း မရှိသေးဘဲ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲများအနက် လူငယ်ပြိုင်ပွဲလေးခုကို အင်ဒိုနီးရှားနိုင်ငံ၊ အာဆီယံ အမျိုးသမီးပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ၊ ဖူဆယ်နှင့် သဲသောင်ပြင် ဘောလုံးပြိုင်ပွဲကို ထိုင်းနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံ ကျင်းပမည်ဖြစ်ပြီး အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲကိုမူ အိမ်ရှင်နိုင်ငံ ရွေးချယ်ခြင်းမရှိဘဲ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းများသည် ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများအနက် သဲသောင်ပြင်ဘောလုံးပြိုင်ပွဲမှလွဲ၍ ကျန်ပြိုင်ပွဲအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကျင်းပမည့်ကာလ အတည်ပြုပြီးမှသာ လေ့ကျင့်ပြင်ဆင်သွားမည် ဖြစ်သည်။ ဆူဇူကီးဖလားပြိုင်ပွဲကို ပြီးခဲ့သည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ယခုနှစ်တွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**



တရုတ်နိုင်ငံမှ လှူဒါန်းလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တွေ့ရစဉ်။

# တရုတ်နိုင်ငံမှ လှူဒါန်းလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိ

ဒါကာ မေ ၁၂

**တရုတ်နိုင်ငံမှလှူဒါန်းလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများနှင့် အေဒီဆေးထိုးပြွန်များ တင်ဆောင်လာသော ဘင်္ဂလားဒေ့ရှ်လေတပ်အထူးလေယာဉ်တစ်စင်းသည် မေ ၁၂ ရက်အစောပိုင်းက မြို့တော်ဒါကာသို့ ရောက်ရှိလာခဲ့သည်။**

ဆီနိုဖမ်း ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို လက်ခံရရှိရန် ဘင်္ဂလားဒေ့ရှ်လေတပ်မှ လေတပ်ဦးစီးချုပ် မာရှယ်ဟွတ်ဖ်မင်န်ဆာနီယာဘတ်သည် တခြားအဆင့်မြင့်အရာရှိများနှင့်အတူ ဘင်္ဂလားဒေ့ရှ်လေတပ်အခြေစိုက်စခန်း ဘန်ဂါဘန်ဒူသို့ ရောက်ရှိလာခဲ့သည်။

စစ်ဘက်ဆိုင်ရာသယ်ယူပို့ဆောင်ရေးယာဉ်သည် ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲက သက်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် တရုတ်ကိုဗစ်- ၁၉ ကာကွယ်ဆေးများကို ပစ္စည်းသယ်ယာဉ်များဖြင့် အောက်ချခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် တရုတ်အစိုးရ၏ ချီးကျူးထိုက်သော လုပ်ဆောင်မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုက်သည်။

ဘင်္ဂလားဒေ့ရှ် ဆေးဝါးကြီးကြပ်ရေးအဖွဲ့သည် ဧပြီလက ဆီနိုဖမ်းကိုဗစ်- ၁၉ ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ခွင့်ပြုခဲ့သည်။ ထို့အပြင် နိုင်ငံအတွင်း တရုတ်ကိုဗစ်-၁၉ ကာကွယ်ဆေးထုတ်လုပ်မှုကိုလည်း ခွင့်ပြုလိုက်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကိုဗက်အစီအစဉ်အတွက် ဂျပန်အစိုးရက အမေရိကန်ဒေါ်လာသန်း ၇၀၀ ထည့်ဝင်ရန် စီစဉ်

**တိုကျို မေ ၁၂**

ကိုဗစ်-၁၉ ကာကွယ်ဆေးကို ကမ္ဘာတစ်ဝန်း မျှမျှတတ ဖြန့်ဝေနိုင်ရန် ရည်ရွယ်တည်ထောင်ထားသည့် နိုင်ငံတကာမူဘောင်တစ်ခုဖြစ်သည့် ကိုဗက်အစီအစဉ်အတွက် ဂျပန်အစိုးရသည် နောက်ထပ် အမေရိကန်ဒေါ်လာ သန်း ၇၀၀ ထည့်ဝင်သွားရန် စီစဉ်နေကြောင်း သိရသည်။

ကိုဗက်အစီအစဉ်သည် ကမ္ဘာတစ်ဝန်းက နိုင်ငံများနှင့် ဒေသများကို ယခုနှစ်ကုန်နောက်ဆုံးထားပြီး ကာကွယ်ဆေး ၁ ဒသမ ၈ ဘီလီယံ ပေးရန် ရည်မှန်းထားသည်။ အဆိုပါပမာဏသည် ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့်ဒေသများရှိ လူဦးရေ ၃၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် လုံလောက်ကြောင်း သိရသည်။ အဆိုပါ စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃ ဘီလီယံအသုံးပြုရမည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ လိုအပ်နေကြောင်း ကိုဗက်အစီအစဉ်က ဖော်ပြသည်။


ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲ ကမ္ဘာ့စီးပွားရေးဖိုရမ်တွင် မိန့်ခွန်းပြောနေသည်ကို တွေ့ရစဉ်။

ဂျပန်နိုင်ငံသည် ယင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ထည့်ဝင်ထားပြီးဖြစ်သည်။ ကိုဗစ်- ၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ရန်အတွက် ကာကွယ်ဆေးများကို ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ထိုးနှံနိုင်ရန် လိုအပ်သည်ဟု ဂျပန်အစိုးရက ယုံကြည်သောကြောင့် နောက်ထပ်ရန်ပုံငွေကို ထည့်ဝင်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဇွန် ၂ ရက်တွင် ကျင်းပမည့် ကာကွယ်ဆေးဆိုင်ရာ အွန်လိုင်း ထိပ်သီးဆွေးနွေးပွဲတွင် ရန်ပုံငွေနောက်ထပ်ထည့်ဝင်ရန် ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက ကြေညာချက်တစ်ရပ်ထုတ်ပြန်သွားမည်ဟု မျှော်လင့်ရသည်။ ထိပ်သီးဆွေးနွေးပွဲကို ဂျပန်အစိုးရနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကာကွယ်ဆေးရရှိအောင် ကြိုးပမ်းနေသည့် ကာကွယ်ဆေး ဆိုင်ရာ မဟာမိတ်အဖွဲ့ (ဂါဗီ) တို့က ကမကထပြုပြီး ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲကို တက်ရောက်နိုင်ရန်နှင့် ကိုဗက်အစီအစဉ်ကို ရန်ပုံငွေထောက်ပံ့နိုင်ရန် ဂျပန်အစိုးရက တခြားနိုင်ငံများကို တိုက်တွန်းသွားရန်စီစဉ်ထားသည်။

**အင်န်အိတ်ချ်ကေ**

## ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် နောက်ထပ် ၃၄ ဦး ထပ်မံသေဆုံး

**ဘန်ကောက် မေ ၁၂**

ထိုင်းနိုင်ငံတွင် မေ ၁၂ ရက်က ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် ထပ်မံသေဆုံးသူ ၃၄ ဦးတိုးလာကြောင်း မှတ်တမ်းတင် ဖော်ပြပြီးနောက် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကပ်ရောဂါဖြင့် သေဆုံးသူပေါင်းသည် ၄၈၆ ဦးရှိအထိရောက်ရှိလာခဲ့သည်။ ထို့အပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၉၈၃ ဦးရှိလာကြောင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်လိုက်သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားမှုများအနက် ၁၉၇၄ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကာ ကိုးဦးမှာ နိုင်ငံခြားကူးစက်ဖြစ်ပွားမှုဖြစ်ကြောင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ အပီဆာမိုင်က ပြောသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများကို ထပ်မံ ပေါင်းထည့်လိုက်ပါက နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းသည် ၈၈၉၀၇ ဦးအထိ ရောက်ရှိလာပြီး ဧပြီလအစောပိုင်းကထက် သုံးဆပိုများလာခဲ့သည်။

ယခုအခါတွင် ကိုဗစ်-၁၉ လူနာပေါင်း ၂၉၃၇၈ ဦးဆေးရုံများတွင် ဆေးကုသမှု ခံယူလျက်ရှိကြောင်း ၎င်းတို့အနက် ၁၂၂၆ ဦးမှာ ပြင်းထန်သောအခြေအနေဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်အတည်ပြုလူနာ ၃၆၂၃ ဦးအထိ ရောက်ရှိလာ

**ဟန်နွိုင်း မေ ၁၂**

ဗီယက်နမ်နိုင်ငံတွင် မေ ၁၂ ရက်က ကိုဗစ်- ၁၉ လူနာသစ် ၁၂ ဦး ထပ်တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်- ၁၉ အတည်ပြုလူနာပေါင်း ၃၆၂၃ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

နိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများရှိ ကန့်သတ်ပိတ်ဆို့ထားရာဒေသများတွင် အစုလိုက် ကူးစက်မှုများ တွေ့ရှိခဲ့ရာ ဒါနန်မြို့မှ ၂၀၊ မြောက်ပိုင်း ဘက်ဂျီအန် ပြည်နယ်မှ ၁၁ ဦး၊ ဟန်နွိုင်းမှ ကိုးဦးနှင့် တခြားနေရာ၌ ကူးစက်ဖြစ်ပွားမှုများလည်း ပါဝင်ကြောင်း သိရသည်။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူအများစုသည် ယခင်က ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့် ထိတွေ့ခြင်း သို့မဟုတ် အစုလိုက်ကူးစက်ခြင်းများနှင့် ဆက်နွယ်လျက်ရှိသည်။

ယခုအချိန်အထိ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှ ဆင်းလာသူ ၂၆၃၆ ဦး ရှိလာပြီဖြစ်ပြီး လူပေါင်း ၇၀၇၀၀ ကို အသွားအလာကန့်သတ်စောင့်ကြည့်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်လိုက်သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် နေ့စဉ် ကိုဗစ်- ၁၉ သေဆုံးမှု စံချိန်တင်မြင့်တက်

**နယူးဒေလီ မေ ၁၂**

အိန္ဒိယနိုင်ငံတွင် နေ့စဉ်ကိုဗစ်-၁၉ သေဆုံးမှုစံချိန်တင် မြင့်တက်လျက်ရှိကြောင်း ဖော်ပြမှုနှင့်အတူ အရှိန်အဟုန်မပျက် ကိုဗစ်-၁၉ ကူးစက်မှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ကျန်းမာရေးစနစ်လည်း ယိုင်နဲ့လျက်ရှိသည်။

အိန္ဒိယအစိုးရက မေ ၁၂ ရက်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၈၄၂ ဦးရှိပြီး သေဆုံးသူ ၄၂၀၅ ဦးရှိကြောင်း ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများသည် မြို့တော် နယူးဒေလီနှင့် စီးပွားရေးမြို့တော် မွမ်ဘိုင်းကဲ့သို့သော မြို့ကြီးများမှတစ်ဆင့် ကျန်းမာရေးစနစ် အဆင့်မမီသော ပြည်နယ်မြို့များနှင့် ကျေးလက်ဒေသများသို့ ကူးစက်ဖြစ်ပွားလျက်ရှိသည်။

နိုင်ငံ၏ ဒေသအတော်များများတွင် ရေရာမှုမရှိသော ပံ့ပိုးမှု အခြေအနေများနှင့် အောက်ဆီဂျင် ပြတ်လပ်မှုများကြား ရုန်းကန်ဖြေရှင်းနေရသည်။

ဂျပန်နိုင်ငံက အောက်ဆီဂျင်စက် ၁၀၀ အပါအဝင် ဒုတိယအကြိမ် အရေးပေါ်အကူအညီ ပေးပို့မှုကို အိန္ဒိယနိုင်ငံက လက်ခံရရှိတော့မည်ဖြစ်သည်။

ထို့အပြင် ဂျပန်နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ အသက်ရှူအထောက်အကူပြု ကိရိယာများ ပေးပို့ရန်လည်း စီစဉ်ထားကြောင်း သိရသည်။


အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် တို့ဖတ်နမူနာများကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ရယူနေသည်ကို တွေ့ရစဉ်။

ကိုဗစ်- ၁၉ အခြေအနေများ ပျံ့နှံ့ဖြစ်ပေါ်လျက်ရှိသောကြောင့် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ အနေဖြင့် ဗြိတိန်၌ နောက်လတွင် ကျင်းပမည့် ဂျီ-၇ အစည်းအဝေးသို့ တက်ရောက်နိုင်တော့မည် မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**

# အစ္စရေး- ပါလက်စတိုင်း တိုက်ပွဲအရှိန်လျှော့ကြရန် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက တိုက်တွန်း

ကေကေစိုး

ဂျေရုဆလင်ကို ဦးတည်၍ မေ ၁၀ ရက် က ဒုံးကျည်များဖြင့် ပစ်ခတ်ခံရပြီးနောက် အစ္စရေးတို့သည် ဂါဇာကမ်းမြောင်ဒေသသို့ဦးတည်ကာ လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ မေ ၁၀ ရက် နံနက်ပိုင်းက ဂျေရုဆလင် အရှေ့ပိုင်းတွင် အစ္စရေးရဲများနှင့် ပဋိပက္ခကြောင့် ပါလက်စတိုင်းတို့ ရာနှင့်ချီ၍ ဒဏ်ရာရရှိခဲ့ကြသည်။

**နှစ်ဖက်စလုံးကို တောင်းဆို**

ဂျေရုဆလင်ကို ပစ်မှတ်ထားကာ ဒုံးကျည်ပစ်ခတ်မှုမှာမူ မွန်းလွဲပိုင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား တင်းမာမှုများ မြင့်မားသည့်အတွက် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက စိုးရိမ်မှုများပေါ်ပေါက်လာသည်။ အခြေအနေများကို ထိန်းချုပ်ပြီး တင်းမာမှုအရှိန်လျှော့ကြရန် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက နှစ်ဖက်စလုံးကို တောင်းဆိုထားသည်။ အစ္စရေးတိုက်လေယာဉ်များသည် ဟားမားစ်တို့ ထိန်းသိမ်းထားရာ လိုဏ်ခေါင်းကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု အစ္စရေးတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အစ္စရေးမီဒီယာများ၏ ဖော်ပြချက်အရ လိုဏ်ခေါင်းအတွင်း ပုန်းအောင်းနေသည့် စစ်သွေးကြွအချို့ အသတ်ခံခဲ့ရသည်ဟု ဖော်ပြထားသည်။ အစ္စရေးလေတပ်သည်လည်း ဟားမားစ်တို့ပိုင်ဆိုင်သည့် နောက်ထပ်နေရာများကို ဒုံးကျည်နှစ်စင်းဖြင့် တိုက်ခိုက်ခဲ့သည်ဟု သိရသည်။

**အခြေအနေတင်းမာမှုများပေါ်ပေါက်**

ဟားမားစ်တို့ ထိန်းချုပ်ထားသည့် ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးဝန်ကြီးဌာနသည် ကလေးကိုးဦးအပါအဝင် လူ ၂၀ အသတ်ခံရသည်ဟု ဖော်ပြထားသည်။ ဒဏ်ရာရရှိသူ ၆၅ ဦးရှိသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း သေဆုံးမှုများမှာ အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ဟားမားစ်များဘက်မှ ပြောကြားခဲ့ခြင်းမရှိချေ။ ဂျေရုဆလင် အရှေ့ပိုင်း အစ္စရေးတပ်ဖွဲ့မှ နောက်ဆုတ်သွားရေးအတွက် ဟားမားတို့ဘက်က ရာဇသံပေးခဲ့ပြီးနောက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် အခြေအနေတင်းမာမှုများ ပေါ်ပေါက်ခဲ့သည်။ ယင်းနေရာတွင် မေ ၁၀ ရက်အစောပိုင်းက အစ္စရေးရဲများနှင့် ရာနှင့်ချီသော ပါလက်စတိုင်းတို့ ပဋိပက္ခဖြစ်ပြီး ပါလက်စတိုင်းတို့ ဒဏ်ရာရရှိခဲ့သည့် နေရာလည်းဖြစ်သည်။

**ရွှေ့ဆိုင်းဖွယ်ရှိ**

နောက်ဆုံး သတ်မှတ်ထားသည့်အချိန် ကျော်သွားပြီးသည့်နောက် ဟားမားစ်တို့က ဂျေရုဆလင်ကိုဦးတည်ကာ ဒုံးကျည်ခုနစ်စင်းပစ်ခတ်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့မှ ပြောသည်။ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဦးတည်ပြီးလည်း ရာနှင့်ချီသည့် ဒုံးကျည်များပစ်ခတ်ခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့မှ ပြောသည်။ ပါလက်စတိုင်းတို့နှင့် အစ္စရေးရဲများ ထိပ်တိုက် ပဋိပက္ခဖြစ်ပွားခဲ့ရာ အယ်အက်ဆက် ဘာသာရေးအဆောက်အအုံဝင်းမှာ ဂျေရုဆလင်မြို့ဟောင်းတွင်ရှိပြီး အစ္စရေးတရားရုံးမှာ ပါလက်စတိုင်းမိသားစုအချို့ကို ဂျေရုဆလင်အရှေ့ပိုင်း ရှိတ်ခ်ဂျာရာမှ နှင်ထုတ်ရန် ကြိုးစားပြီးနောက် တင်းမာမှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ တင်းမာမှုများ မြင့်မားလာမှုနှင့်အတူ ယင်းနေရာမှ ပါလက်စတိုင်းမိသားစုများကို နှင်ထုတ်ခြင်းကိစ္စ ကြားနာမှုကို ရွှေ့ဆိုင်းဖွယ်ရှိသည်ဟု အစ္စရေးတရားရေးဝန်ကြီးဌာနက မေ ၉ ရက်တွင် ပြောကြားခဲ့သည်။



ပါလက်စတိုင်းဘက်မှ အစ္စရေးသို့ ဦးတည်ကာ ပစ်ခတ်မှုများပြုလုပ်နေသည်ကို တွေ့ရစဉ်။

❖ **ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်ကလည်း လက်ရှိအခြေအနေအပေါ် စိုးရိမ်မိသည်ဟု မေ ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အခြေအနေများ တည်ငြိမ်သွားအောင်ပြုလုပ်ရန်လည်း အစ္စရေးကို တိုက်တွန်းခဲ့သည်။ အစ္စရေးအာဏာပိုင်များအနေဖြင့် တည်ငြိမ်မှုရရှိအောင် ကြိုးပမ်းရမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်ကိုလည်း လေးစားရမည်ဟု ၎င်းက ဆက်လက်ပြောကြား**

**မြို့တော်ဖြစ်လာစေလို**

ရှေ့နေ့ချုပ်က မေ ၁၀ ရက်တွင် ပြုလုပ်မည့် ကြားနာစစ်ဆေးမှုကို ရက်ရွှေ့ဆိုင်းခဲ့ပြီး ရက် ၃၀ နောက်ထပ်ကြားနာစစ်ဆေးမှုကို မေ ၃၀ ရက်အတွင်း ပြုလုပ်မည်ဟု ပြောကြားခဲ့သည်။ ၁၉၆၇ ခုနှစ် ခြောက်ရက်ကြာ စစ်ပွဲအတွင်း အနောက်ဘက်ကမ်းနှင့် ဂါဇာကမ်းမြောင်ဒေသတို့ကို အစ္စရေးတို့က သိမ်းပိုက်ခဲ့သည်။ ပါလက်စတိုင်းများသည်နေရာသုံးနေရာကို အနာဂတ်နိုင်ငံအတွက် ရှာဖွေနေကြသည်။ ဂျေရုဆလင်အရှေ့ပိုင်းကို ၎င်းတို့၏ မြို့တော်ဖြစ်လာစေလိုကြသည်။ ပါလက်စတိုင်းနှင့် အစ္စရေးတို့အကြား တိုက်ပွဲများ အရှိန်မြင့်မားလာမှုကြောင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းက စိုးရိမ်မှုများ များပြားလာလျက်ရှိသည်။

**စိုးရိမ်ပူပန်စရာကောင်းလှ**

ကုလသမဂ္ဂဆိုင်ရာ တရုတ်အမြဲတမ်းကိုယ်စားလှယ် ကျန်ကျူကလည်း မေ ၁၀ ရက်တွင် ဂျေရုဆလင်အရှေ့ပိုင်းကိစ္စနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ ရပ်တည်ချက်သဘောထားကို အသေးစိတ်ရှင်းလင်းခဲ့သည်။ ဂျေရုဆလင်အရှေ့ပိုင်းတွင် တင်းမာမှုများ အရှိန်မြင့်နေသည့်အတွက် တရုတ်နိုင်ငံမှ နက်ရှိုင်းစွာ စိတ်ပူမိကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းတို့အကြား ပြင်းထန်သည့် အချင်းများမှုများသည် စိုးရိမ်ပူပန်စရာကောင်းလှကြောင်း ပြောကြားခဲ့သည်။

**ချက်ချင်းရပ်တန့်သင့်**

ထို့ပြင် အရပ်သားများအပေါ် အကြမ်းဖက်မှုကိုလည်း ရှုတ်ချကြောင်းနှင့် နှစ်ဖက်လုံးမှ ပဋိပက္ခအရှိန်လျှော့ပြီး ရန်လိုသည့် အပြုအမူများကို ရှောင်ရှားကြရန်နှင့် ပဋိပက္ခအရှိန်လျှော့ချရေးအတွက် ချက်ချင်းအရေးယူဆောင်ရွက်မှုများ ပြုလုပ်ကြရန်လည်း ၎င်းက ပြောကြားခဲ့သည်ဟု သိရသည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်ကလည်း အစ္စရေး-ပါလက်စတိုင်းပဋိပက္ခတွင် နှစ်ဖက်စလုံးမှ အရှိန်လျှော့ကြရန် တိုက်တွန်းခဲ့သည်။ အနောက်ဘက်ကမ်း အစ္စရေးနှင့် ဂါဇာဒေသတို့တွင် ဖြစ်ပွားနေသည့် အခြေအနေများကို အလေးထားစောင့်ကြည့်နေကြောင်းနှင့် ဒုံးကျည်ဖြင့် တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်သင့်သည်ဟု အန်တိုနီဘလင်ကန်က ပြောသည်။

**အလေးအနက်ထားပြောကြား**

ဂျေရုဆလင်အရှေ့ပိုင်းရှိ ရှိတ်ခ်ဂျာရာမှ ပါလက်စတိုင်းမိသားစုများကို နှင်ထုတ်ရန် ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းလိုက်သည့်အပေါ် ကြိုဆိုကြောင်းကိုလည်း ဘလင်ကန်က ပြောကြားခဲ့သည်။ နှစ်ဖက်လုံးမှတိုက်ပွဲအရှိန်လျှော့ရန်နှင့် အခြေအနေများ တည်ငြိမ်ရန်မှာ အရေးကြီးသည်ဟု ၎င်းက အလေးအနက်ထားကာ ပြောကြားခဲ့သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်ကလည်း လက်ရှိ အခြေအနေအပေါ် စိုးရိမ်မိသည်ဟု မေ ၉ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အခြေအနေများ တည်ငြိမ်သွားအောင်ပြုလုပ်ရန်လည်း အစ္စရေးကို တိုက်တွန်းခဲ့သည်။ အစ္စရေးအာဏာပိုင်များအနေဖြင့် တည်ငြိမ်မှုရရှိအောင် ကြိုးပမ်းရမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်ကိုလည်း လေးစားရမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ရှုတ်ချခဲ့ကြ**

ခေါင်းဆောင်များအားလုံးအနေဖြင့် အစွန်းရောက်မှုကို ဆန့်ကျင်ရန်နှင့် အကြမ်းဖက်ရန် လှုံ့ဆော်မှုအားလုံးကို ဆန့်ကျင်ကြောင်းပြောကြားရန် တာဝန်ရှိသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောသည်။ အီဂျစ်၊ တူရကီ၊ ဂျော်ဒန်၊ အီရတ်၊ ဆီးရီးယား၊ အီရန်နှင့် ယူအေအီးနိုင်ငံတို့အပါအဝင် အရှေ့အလယ်ပိုင်းနိုင်ငံများသည်လည်း ဂျေရုဆလင်အရှေ့ပိုင်းရှိ ပါလက်စတိုင်းများအပေါ် အစ္စရေးတို့၏လုပ်ရပ်ကို ရှုတ်ချခဲ့ကြသည်ဟု သိရသည်။

**စိုးရိမ်လျက်ရှိ**

အမေရိကန်အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ ဂျန်ပစာကီကလည်း လက်ရှိအခြေအနေကို အမေရိကန်နိုင်ငံအနေဖြင့် စိုးရိမ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေးဖြစ်သူ ဂျိတ်ဆူလီဗန်ကလည်း ဂျေရုဆလင်အရှေ့ပိုင်းတွင် အစ္စရေးအခြေချနေထိုင်သူများက ပါလက်စတိုင်းမိသားစုများကို နှင်ထုတ်သည့်အရေးနှင့်ပတ်သက်ပြီး စိုးရိမ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

# COVID- 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၃ ဦး တွေ့ရှိ

## ယနေ့အထိ စုစုပေါင်း ၁၃၂၀၆၄ ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်

### (၁၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၄၇၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၉၅,၃၅၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၉၉၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၆၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၁၁) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

### ၁၂-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၅၅၀၁၁၅ | ၂၆၅၅၈၀၁၃၈ | ၅၉၆၉၄၆ |
| ၂။ | အိန္ဒိယ | ၂၃၃၄၀၉၃၈ | ၁၉၃၈၂၆၄၂ | ၂၅၄၂၂၅ |
| ၃။ | ဘရာဇီး | ၁၅၂၈၅၀၄၈ | ၁၃၈၄၇၁၉၁ | ၄၂၅၇၁၁ |
| ၄။ | ပြင်သစ် | ၅၈၀၀၁၇၀ | ၄၉၅၁၇၄၅ | ၁၀၆၉၃၅ |
| ၅။ | တူရကီ | ၅၀၅၉၄၃၃ | ၄၇၆၆၁၂၄ | ၄၃၅၈၉ |
| ၆။ | ရုရှား | ၄၉၀၅၀၅၉ | ၄၅၁၈၅၂၉ | ၁၁၄၃၃၁ |
| ၇။ | ဗြိတိန် | ၄၄၃၉၆၉၁ | ၄၂၅၃၃၆၇ | ၁၂၇၆၂၉ |
| ၈။ | အီတလီ | ၄၁၂၃၂၃၀ | ၃၆၃၆၀၈၉ | ၁၂၃၂၈၂ |
| ၉။ | စပိန် | ၃၅၈၆၃၃၃ | ၃၂၈၃၉၁၅ | ၇၉၁၀၀ |
| ၁၀။ | ဂျာမနီ | ၃၅၄၄၃၁၅ | ၃၂၂၀၃၀၀ | ၈၅၇၅၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၂ – ၅ – ၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၂၈၂၀၄ | ၁၅၈၄၈၇၈ | ၄၇၆၁၇ |
| ဖိလစ်ပိုင် | ၁၁၁၈၃၅၉ | ၁၀၄၆၄၃၁ | ၁၈၇၁၄ |
| မလေးရှား | ၄၅၃၂၂၂ | ၄၁၁၃၆၀ | ၁၇၆၁ |
| မြန်မာ | ၁၄၂၉၉၇ | ၁၃၂၀၆၄ | ၃၂၁၁ |
| ထိုင်း | ၈၈၉၀၇ | ၅၉၀၄၃ | ၄၈၆ |
| စင်ကာပူ | ၆၁၄၁၉ | ၆၀၉၇၅ | ၃၁ |
| ကမ္ဘောဒီးယား | ၂၀၆၉၅ | ၈၅၃၉ | ၁၃၆ |
| ဗီယက်နမ် | ၃၆၂၃ | ၂၆၃၆ | ၃၅ |
| လာအို | ၁၄၁၇ | ၃၂၈ | ၁ |
| ဘရူနိုင်း | ၂၃၀ | ၂၁၈ | ၃ |






# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော်　မေ　၁၂

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ မြသီတာထွန်း | ဒုတိယကျောင်းအုပ်၊ အစိုးရနည်းပညာကောလိပ်(မြင်းခြံ)၊ မြင်းခြံမြို့ | မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဒေါ်မြင့်သန္တာဦး | ဦးစီးအရာရှိ၊ ခရိုင်ပညာရေးမှူးရုံး၊ ကျောက်မဲမြို့ | ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဒေါ်ညိုညိုစန်း | အထက်တန်းပြ၊ အထက(၁)၊ နောင်ချိုမြို့ | နောင်ချိုမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၀၅-က |  |
| ၄ | ဦးကိုရယ် | အထက်တန်းပြ၊ အထက၊ ဖရူဆိုမြို့ | ဖရူဆိုမြို့၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၅ | ဒေါ်ဝါဝါကို | အထက်တန်းပြ၊ အထက(၁)၊ ကောလင်းမြို့ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဦးပြည့်ဖြိုးမောင် | ကျောင်းအုပ်၊ အလက(ကွန်လုံ)၊ ညောင်ရွှေမြို့နယ် | ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) | ၅၀၅-က |  |
| ၇ | ဦးဇော်ပေါ်ထွန်း | ကျောင်းအုပ်၊ အမက(ကဘို)၊ တံတားဦးမြို့နယ် | တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဦးလင်းလင်းထိုက် | ကျောင်းအုပ် အမက(ကွက်သစ်)၊ ဖျာပုံမြို့နယ် | ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်မေမီမီလွင် | မူလတန်းပြ အထက၊ ဘုရားသုံးဆူမြို့ | ဘုရားသုံးဆူမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဦးဇော်ဆန်း | အကြီးတန်းစာရေး၊ မြင်းခြံတက္ကသိုလ်၊ မြင်းခြံမြို့ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |



ဦးကိုရယ်(အထက်တန်းပြ၊ အထက၊ ဖရူဆိုမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဦးလင်းလင်းထိုက်(ကျောင်းအုပ်၊ အမက(ကွက်သစ်)၊ ဖျာပုံမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော်　မေ　၁၂

မိန်းကလေးများကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေအရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် မိုင်းကိုင်မြို့ အမှတ်(၄)ရပ်ကွက်နေ မအေးကျုံက တရုတ်နိုင်ငံရှိ ခေါက်ဆွဲဆိုင်/ဈေးဆိုင်များတွင် အလုပ်ရမည်ဟု ပြောဆိုစည်းရုံးပြီး မိုင်းကိုင်မြို့နယ် ပျဉ်ဝင်ကျေးရွာနေ မ--- ၂၀ နှစ်၊ မ--- ၂၁ နှစ်၊ မ--- ၁၆ နှစ်နှင့် မ--- ၁၆ နှစ်တို့ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား မိုင်းကိုင်မြို့မရဲစခန်း (ပ)၁၀/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၄ ဖြင့်လည်းကောင်း၊ မိုင်းကိုင်မြို့နယ် ပျဉ်ဝင်ကျေးရွာနေ မ--- ၁၆ နှစ်ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား မိုင်းကိုင်မြို့မရဲစခန်း (ပ)၁၁/၂၀၂၀၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် လည်းကောင်း၊ မိုင်းကိုင်မြို့နယ် ပျဉ်ဝင်ကျေးရွာနေ မ--- ၁၇ နှစ်၊ မ--- ၁၇ နှစ်၊ မ--- ၁၇ နှစ်၊ မ--- ၁၇ နှစ်နှင့် မ--- ၁၂ နှစ်တို့ကို တရုတ်နိုင်ငံသို့ ပို့ဆောင်၍ တရုတ်ဇနီးအဖြစ် ရောင်းစားခဲ့မှုအား မိုင်းကိုင်မြို့မရဲစခန်း (ပ)၁၂/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ ဖြင့် လည်းကောင်း အသီးသီး အမှုရေးဖွင့်ခဲ့ပြီး လွိုင်လင်ခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မေ ၁၀ ရက်တွင် တရားခံ မအေးကျုံ အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီဖြင့် စုစုပေါင်း ၄၅ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအား အသုံးပြုကာ အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများ ဖြစ်ပေါ်စေရေးအတွက် NUG အကြမ်းဖက်အဖွဲ့သည် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေ ၅ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဟသ်ာရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး၌ ရပ်ကွက်အုပ်ချုပ်ရေး တာဝန်ရှိသူများ အစည်းအဝေးပြုလုပ်နေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါ နှစ်ဦးအနက်မှ ဘိုညီလေး (ခ)ညီလေး (၃၅)နှစ် (ဘ) ဦးတင်အောင်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှ လက်လုပ်မိုင်း နှစ်လုံး၊ လက်လုပ်သေနတ် အသေးတစ်လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အတွင်းရှိ ပရိဘောဂပစ္စည်းအချို့ ကျိုးပဲ့ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ (ယာပုံ)

အလားတူ ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွာဘဲရပ်ကွက် ခေတ္တရာလမ်းဆုံရှိ ယာဉ်ထိန်းရုံးအား အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှ မီးငြိမ်းသတ်နေစဉ် ဆူပူအကြမ်းဖက်သူ အမျိုးသား နှစ်ဦးက လက်လုပ်မိုင်း သုံးလုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့သဖြင့် မီးသတ်ယာဉ်အရှေ့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် မီးသတ်ယာဉ်တစ်စီး၏ ရှေ့လေကာမှန် ကွဲအက်ပျက်စီးခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင် ခုနစ်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးတို့တွင် လက်မောင်း၊ ပခုံး၊ တင်ပါး၊ ပေါင်၊ ခြေသလုံးတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း သိရသည်။





သိမ်းဆည်းရမိသည့် လက်လုပ်သေနတ်နှင့် လက်လုပ်ဗုံး

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကနီမြို့နယ်အတွင်း၌ ဆူပူအကြမ်းဖက်သူများအား ဆူပူအကြမ်းဖက်မှုလုပ်ရပ်များ ပြုလုပ်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ ချောင်းမကျေးရွာနှင့် အောင်မင်္ဂလာကျေးရွာ လမ်းကြောင်း၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မေ ၇ ရက်တွင် ဆူပူအကြမ်းဖက်သူများက ဒေသန္တရလက်လုပ်ဆွဲမိုင်းများ၊ တူမီးသေနတ်များဖြင့် ဖောက်ခွဲတိုက်ခိုက်လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ကျဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိရေး ဆောင်ရွက်စဉ် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်တွင် ကနီမြို့နှင့် ချောင်းမကျေးရွာအကြားသို့ အရောက်၌ ဆူပူအကြမ်းဖက်သူ ၂၀ ခန့်က တူမီးသေနတ်များဖြင့် စတင်တိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ဆူပူအကြမ်းဖက်သူများအနက်မှ တစ်ဦး သေဆုံးခဲ့ပြီး ချစ်မင်းကို (ဘ) ဦးသန်းငွေအား တူမီးသေနတ် နှစ်လက်၊ လက်လုပ်မိုင်း ငါးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူများအား စစ်ဆေးချက်အရ အကြမ်းဖက်သောင်းကျန်းသူများသည် ကနီမြို့နယ် ကျောက်လုံးကြီးဘုန်းကြီးကျောင်းတွင် တူမီးသေနတ်များ ကိုင်ဆောင်ခိုအောင်းနေကြောင်း သိရှိရသဖြင့် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ရှာဖွေစဉ် ဆူပူအကြမ်းဖက်သူ ၁၂၀ ခန့်က အဆိုပါကျောင်းအတွင်းမှ တူမီးသေနတ်၊ လက်လုပ်မိုင်းများဖြင့် စတင်ပစ်ခတ်တိုက်ခိုက်လာသဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ခုခံပစ်ခတ်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး မိုင်းစထိမှန်ကျဆုံးခဲ့ပြီး အကြမ်းဖက်သူ သုံးဦး သေဆုံးကာ ၎င်းနေရာမှ တူမီးသေနတ် ရှစ်လက်၊ အခြားဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိကာ အကြမ်းဖက်သူ သုံးဦး သေဆုံးမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ သေမှုသေခင်းဖွင့်လှစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများအား အမြန်ဆုံးဖမ်းဆီးရမိရေး အပူတပြင်း စုံစမ်းဖော်ထုတ်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၃ နာရီခန့်တွင် ကနီမြို့နယ် သမင်ခြံကျေးရွာအနီးရှိ တောင်ယာတဲများအတွင်းမှ အမျိုးသား ၂၃ ဦးအား တူမီးသေနတ် ကိုးလက်၊ လက်လုပ်ပြောင်းရှည်သေနတ် ငါးလက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ရှာဖွေဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် ပါဝင်သူများနှင့် လက်နက်၊ ပစ္စည်းများနှင့် ကိရိယာများကို လက်ဝယ်ထားရှိသူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ပြည်သူလူထုမှ လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၂**

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုများက ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိသည်။

ထိုသို့ အပ်နှံရာတွင် မေ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် တပ်ကုန်းကျေးရွာနှင့် မှော်ကူးကျေးရွာများရှိ ပြည်သူများက လက်လုပ်သေနတ် ၁၈ လက်နှင့် တူမီးသေနတ် တစ်လက်တို့ကို လည်းကောင်း၊ ကန့်ဘလူမြို့နယ် မလယ်ကျေးရွာနှင့် ရွာသာယာကျေးရွာတို့မှ လက်လုပ်သေနတ် ရှစ်လက်ကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပက်မခန်းကျေးရွာမှ လက်လုပ်သေနတ် ခုနစ်လက်ကိုလည်းကောင်း၊ ထီးလင်းမြို့နယ် အညာတန်းကျေးရွာနှင့် ဘူးတောင်ကျေးရွာများမှ လက်လုပ်တူမီးသေနတ် နှစ်လက်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် မိုးကောင်းကျေးရွာမှ လက်လုပ်သေနတ် နှစ်လက်ကိုလည်းကောင်း၊ ရှေ့ဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သောကြာဒူးကျေးရွာမှ လက်လုပ်သေနတ် နှစ်လက်ကိုလည်းကောင်း၊ ချင်းပြည်နယ် မတူပီမြို့နယ် လေးရပ်ကွက်မှ ကျောက်မီးသေနတ် ငါးလက်ကို လည်းကောင်း ကျေးရွာအုပ်ချုပ်ရေး တာဝန်ရှိသူများမှ တစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်နှင့် တူမီးသေနတ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗိုလ်တထောင်မြို့နယ်၌ အကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်းတပ်ဆင်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ မေ ၁၁ ရက်တွင် အကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်လုပ်မိုင်း တပ်ဆင်စဉ် ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ည ၆ နာရီ ၁၀ မိနစ်တွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၈) ရပ်ကွက်အတွင်း၌ ပေါက်ကွဲမှုဖြစ်ပွား၍ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အာကာအောင်(၂၆)နှစ် (ဘ)ဦးအောင်မြင့်ဝင်းအား ယာမျက်လုံး၊ ဝဲယာလက်ညှိုး၊ လက်မနှင့် ယာခြေသလုံးတို့တွင် ပေါက်ပြဲဒဏ်ရာများဖြင့် မိုးကောင်းမုန့်တိုက်အနီး လဲကျနေသည်ကို တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆေးဝါးကုသမှုခံယူနိုင်ရေး နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက် တိုက်အမှတ်(၁၂၈) ဒုတိယထပ်ရှိ တိုက်ခန်းအား သွားရောက်ရှာဖွေရာ လက်လုပ်မိုင်းတပ်ဆင်ရာတွင် အသုံးပြုသည့် Keypad ဖုန်း နှစ်လုံး၊ သုံးလုံးတွဲခလုတ်ခဲ နှစ်စုံ၊ အလျား ၆ လက်မရှိ စတီးပိုက် နှစ်ခုတို့အား တွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာ၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများအား ဖြိုခွဲထိန်းသိမ်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိ ဆူပူအကြမ်းဖက်သူ အမျိုးသား ငါးဦး၊ အမျိုးသမီးတစ်ဦးအား ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်း ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် အတွင်း၌ CDM လှုပ်ရှားမှုကို အခြေခံ၍ ဒေသတွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် တရားဥပဒေပျက်ပြား အောင် ဦးတည်ဆောင်ရွက်နေသော ဆူပူအကြမ်းဖက် အဖွဲ့များသည် မြင်းခြံမြို့နှင့် ၇ မိုင်ကွာဝေးသော တလုပ်မြို့ရွာ၊ ရဲတိုင်ရွာ၊ မြို့ကြီးကုန်းရွာ၊ မြောက်ရွာ များတွင် ရွာခြံစည်းရိုးတံခါးများ အခိုင်အမာပြုလုပ် ခြင်း၊ သဲအိတ်ဘန်ကာများ၊ လူလုပ်အတားအဆီးများ ပြုလုပ်ပြီး ယာယီခံစစ်များသဖွယ် ပြုလုပ်လျက်ရှိပြီး မြင်းခြံမြို့ပေါ်သို့ အဖျက်အမှောင့်လုပ်ငန်းများအဖြစ် မြဝတီဘဏ် ဗုံးပေါက်ကွဲမှု နှစ်ကြိမ်၊ ကမ္ဘောဇဘဏ် ဗုံးပေါက်ကွဲမှု တစ်ကြိမ်၊ ခရိုင်စီမံအုပ်ချုပ်ရေးရုံးသို့ တစ်ကြိမ်၊ ခရိုင်ရဲတပ်ဖွဲ့မှူးနေအိမ် မီးရှို့မှု တစ်ကြိမ်၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနသို့ နှစ်ကြိမ် လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ခြင်းများဖြင့် အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာခဲ့သည်။

ထို့ပြင် နိုင်ငံတော်အတွင်း အုပ်ချုပ်မှုယန္တရား ထိခိုက်စေရေးနှင့် တရားဥပဒေစိုးမိုးမှု ပျက်ပြား စေရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိသော အကြမ်းဖက်မှုကို လိုလားသည့် လူငယ်ထုအချို့ဖြင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်း မြင်းခြံခရိုင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့အား ဖွဲ့စည်းကာ မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာအချို့တို့တွင် ဆူပူဆန္ဒပြမှုနှင့် အကြမ်းဖက်အဖျက်အမှောင့် လုပ်ရပ်များပြုလုပ်လျက်ရှိရာ အေးချမ်းစွာ နေထိုင် လုပ်ကိုင်စားသောက်လိုသည့် ပြည်သူလူထုများမှ အုပ်ချုပ်ရေးပိုင်းနှင့် လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ဖြစ်ပေါ်နေသည့် အခြေအနေကို ထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး သတင်းပေးပို့လာခဲ့သည်။

ထိုသို့ သတင်းပေးပို့လာခဲ့သဖြင့် မေ ၁၁ ရက် မွန်းလွဲ ၃ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဖြစ်ပေါ်နေသော အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ရာ တလုပ်မြို့ကျေးရွာအတွင်း အရောက်တွင် ဆူပူအကြမ်းဖက်သူများက လက်နက်ငယ်များ၊ လက်လုပ်သေနတ်၊ လေသေနတ်၊ တူမီးသေနတ်၊ လက်လုပ်ဗုံးများဖြင့် အကြမ်းဖက် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လက်လုပ်ဗုံး ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် ဆေးဝါးကုသမှု ခံယူနိုင်ရေးအတွက် မြင်းခြံပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရသည်။

ဆက်လက်၍ မေ ၁၂ ရက် နံနက် ၆ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တလုပ်မြို့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် ရဲတိုင်ကျေးရွာနှင့် ကုန်းဘောင်ကျေးရွာများအတွင်းရှိ အကြမ်းဖက်အဖွဲ့များအား အဖွဲ့သုံးဖွဲ့ခွဲ၍ အဆင့်ဆင့် အသေးစိတ်ပိတ်ဆို့ရှာဖွေ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ တလုပ်မြို့ကျေးရွာအတွင်း အရောက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူ အင်အား ၂၀၀ ခန့်က လက်နက်ငယ်၊ တူမီးသေနတ်၊ လက်ပစ်ဗုံး၊ လက်လုပ်ဗုံးများ ဖြင့် ဝိုင်းရံပိတ်ဆို့ကာ ဆူပူအော်ဟစ်အကြမ်းဖက် တိုက်ခိုက်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မလွှဲမရှောင်သာ လုပ်ထုံးလုပ်နည်းနှင့်အညီ လူစုခွဲခြင်းဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီခန့်တွင် ဆူပူအကြမ်းဖက်အဖွဲ့များ ဆင်ချောင်းကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့သည်။

အဆိုပါထိတွေ့မှုဖြစ်စဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ကျည်ထိမှန်၍ အပြင်းအထန်ဒဏ်ရာများ ရရှိခဲ့ပြီး ဆူပူအကြမ်းဖက်သူ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးတို့အား ဆူပူအကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုခဲ့သည့် M-16 မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ တူမီးသေနတ် နှစ်လက်၊ လက်လုပ်သေနတ် ရှစ်လက်၊ 91 လက်ပစ်ဗုံး တစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိခဲ့သည့် ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး တလုပ်မြို့ကျေးရွာ၏ ပတ်ဝန်းကျင်ကျေးရွာများရှိ ဆူပူအကြမ်းဖက်အဖွဲ့များအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးအတွက် ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ရှေးရှုကာ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




ဆူပူအကြမ်းဖက်သူ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦးနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်ငယ်၊ လက်လုပ်သေနတ်၊ တူမီးသေနတ်၊ လက်ပစ်ဗုံးနှင့် လက်လုပ်ဗုံးများ သိမ်းဆည်းရမိစဉ်။

## မြို့နယ်အချို့၌ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက လုံခြုံရေးတပ်ဖွဲ့စခန်းများနှင့် အများပြည်သူပိုင် အဆောက်အအုံများအား အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၂**

မြို့နယ်အချို့၌ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များက မေ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့စခန်း များနှင့် အများပြည်သူပိုင် အဆောက်အအုံများအား အကြမ်း ဖက် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကံကော် ရပ်ကွက် ဘုရားလမ်းနှင့် ဗိုလ်ချုပ် လမ်းထောင့်ရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး အဆောက်အအုံအား လက်နက် ကိုင် အကြမ်းဖက်အဖွဲ့ အင်အား (စိစစ်ဆဲ)က ၄၀ မမ ဗုံးသီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါ ဗုံးသီးမှာ ရုံးဝင်းအတွင်း အစည်း အဝေးခန်းမရှေ့ ၁၀ ပေခန့်အကွာ တွင် ကျရောက်ပေါက်ကွဲခဲ့သဖြင့် တံခါးမှန် ခုနစ်ချပ် ကွဲအက်ပျက်စီး ခဲ့ပြီး ရုံးအတွင်းရှိနေသော မောင်လင်းမြတ်ဟိန်း (၂၀)နှစ် (ဘ) ဦးရဲနိုင်အောင်တွင် လည်ပင်းရှေ့ ဗုံးစထိမှန်ဒဏ်ရာ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် များက ဆေးဝါးကုသမှုခံယူနိုင်ရေး ကျိုက်ထိုမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အလားတူ ည ၇ နာရီ မိနစ် ၂၀ တွင် ကျိုက်ထိုမြို့ရှိ မြို့မ ရဲစခန်းအား ရဲစခန်း၏ မြောက် ဘက်ကိုက် ၃၀၀ ခန့်အကွာရှိ ကံကော်ရပ်ကွက် မီးသတ်လမ်းဆုံ မှ လက်နက်ကိုင်အကြမ်းဖက် အဖွဲ့အင်အား (စိစစ်ဆဲ) က လက်နက်ငယ်များဖြင့် အချက် ၂၀ ခန့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ည ၇ နာရီ မိနစ် ၄၀ တွင် အကြမ်းဖက်အဖွဲ့ ပြန်လည် ဆုတ်ခွာသွားခဲ့သည်။ ထပ်မံ၍ ည ၇ နာရီ ၅၅ မိနစ်တွင် ရဲစခန်း၏ အရှေ့ဘက်ပေ ၁၀၀ ခန့်အကွာရှိ ရွှေဘုံသာဘုရားဝင်း အတွင်းမှ အကြမ်းဖက်သူ အမျိုးသား တစ်ဦး (စိစစ်ဆဲ)က လက်နက်ငယ်ဖြင့် လေးချက်ခန့် ပစ်ခတ်ပြီး ကံကော်ရပ်ကွက် ဘက်သို့ ပြန်လည်ထွက်ပြေးသွား ခဲ့ကြောင်း သိရသည်။

အလားတူ မေ ၁၂ ရက် နံနက် ၄ နာရီ ၄၅ မိနစ်တွင် စစ်ကိုင်း တိုင်းဒေသကြီး တမူးမြို့နယ် ကွန်းတောင်းကျေးရွာရှိ ရဲကင်း စခန်းအား လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အင်အား ၅၀ ခန့်က လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ နံနက် ၅ နာရီခွဲတွင် လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များ ပြန်လည် ဆုတ်ခွာသွားခဲ့ပြီး ကျည် ၁၅ တောင့်ပါ ကျည်အိမ် တစ်ခုအား သိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ် အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး လက်နက်ငယ်ကျည်ထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရ သည်။

အထက်ပါ ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ စခန်းများနှင့် အများပြည်သူပိုင် အဆောက်အအုံ များအား အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်ခဲ့သည့် လက်နက်ကိုင် အကြမ်းဖက် အဖွဲ့များအား ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး လိုအပ်သော လုံခြုံရေးအင်အား များ တိုးမြှင့်ကာ ပိတ်ဆို့ရှာဖွေ စစ်ဆေးမှုများ အရှိန်အဟုန် မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များနှင့်အတူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှု များ ဖြစ်ပေါ်စေရေးအတွက် NUG အကြမ်းဖက်အဖွဲ့သည် နောက် ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက် ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နိုင်ငံတော်တည်ငြိမ် ရေးနှင့် ရပ်ရွာအေးချမ်းသာယာ ရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှု ဖြစ်စဉ်များအား ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်း လျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ၊ ရေးသားလှုံ့ဆော် ဖြန့်ဝေသူများကိုလည်း နိုင်ငံတော် တည်ငြိမ်ရေးအတွက် ရှေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၁၂ ရက် နံနက် ၆ နာရီတွင် တာမွေ မြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ ဝင်များက လှည့်ကင်းဆောင်ရွက် နေစဉ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းနှင့် နတ်မောက် လမ်းထောင့်အရောက်၌ အမှတ် (၁) အခြေခံပညာအထက်တန်း ကျောင်းခြံစည်းရိုးပေါ်၌ နိုင်ငံ တော် ဆန့်ကျင်ရေးစာသားပါ စာရွက်များ လိုက်လံကပ်နေသည့် အဆိုပါရပ်ကွက်နေ မအိအိန္ဒြေမမ (၃၁)နှစ်(ဘ) ဦးဇော်ဝင်းအောင်ပါ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦးတို့အား အနီရောင်မှုတ် ဆေး နှစ်ဘူး၊ နိုင်ငံတော် ဆန့်ကျင် စာသားနှင့် ကာတွန်းပုံများပါ စာရွက် ၁၂ ရွက်တို့နှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီး ရမိသူများအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## ကယားပြည်နယ် လွိုင်ကော်မြို့၌ ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများ ရှင်းလင်းဖယ်ရှားစဉ် အကြမ်းဖက်သူများက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၂**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ယနေ့တွင် ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများ ရှင်းလင်းဖယ်ရှားစဉ် အကြမ်း ဖက်သူများက ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဖမ်းဆီးထိန်းသိမ်း**

ဖြစ်စဉ်မှာ ညနေ ၅ နာရီ ၅ မိနစ်တွင် လွိုင်ကော်မြို့ နာနတ်တော ရပ်ကွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးနှင့် စက်မှုလက်မှု အထက်တန်းကျောင်းအကြားတွင် ဆူပူအကြမ်းဖက်သူ အင်အား ၁၀၀ က ဆူပူအော်ဟစ်ကာ ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်ဖြိုခွဲထိန်းသိမ်းခဲ့ရာ ညနေ ၅ နာရီ မိနစ် ၂၀ တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါ ဆူပူဆန္ဒပြသူ လူအုပ်စုအတွင်းမှ အမျိုးသား နှစ်ဦး၊ အမျိုးသမီး ၁၂ ဦးတို့အား ဖမ်းဆီး ထိန်းသိမ်းရမိခဲ့သည်။

ထို့ပြင် ပြည်နယ်ကော်မရှင်ရုံးထောင့်၌ ဆူပူအကြမ်းဖက်သူများက အများပြည်သူသွား ကားလမ်းမကြီးအား သုံးမြောင့်သံချွန်များနှင့် သစ်တုံးအတားအဆီးများဖြင့် ပိတ်ဆို့ထားသဖြင့် ရှင်းလင်းဖယ်ရှားစဉ် မြို့ရှောင်လမ်း ဇေညီနောင် ဆီဆိုင်ဘက်မှ ဆူပူအကြမ်းဖက်သူ လူစု လူဝေးအင်အား ၃၀ ခန့်က တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ် ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူ အကြမ်းဖက်သူများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

**ပိတ်ဆို့စစ်ဆေးဆောင်ရွက်**

ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်ခဲ့သည့် ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လိုအပ်သော လုံခြုံရေးအင်အားများ ဖြည့်တင်းကာ ပိတ်ဆို့စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ **သတင်းစဉ်**

# ကွမ်းရွက်ဈေးနှုန်းများ ယခုလဆန်းမှစ၍ ပြန်လည်မြင့်တက်လာ

**ရန်ကုန် မေ ၁၂**

ကွမ်းရွက်ဈေးနှုန်းများ ၂၀၂၁ ခုနှစ် မေလဆန်းမှ စတင်၍ ပြန်လည်မြင့်တက်လာကြောင်း ကွမ်းဈေးကွက် ကျွမ်းကျင်သူများထံက သိရသည်။

"ဒီနှစ်ရဲ့ ကွမ်းရွက်ဈေးကွက်က စောစောပိုင်းကတော့ တော်တော်လေးညံ့တယ်။ ကွမ်းအချိန်တစ်ဆယ်ကို ငွေကျပ်နှစ်သောင်း ပတ်ဝန်းကျင်ပဲရတယ်။ အခုတော့ ဈေးတွေ ပြန်တက်လာပြီ။ ကွမ်းအချိန်တစ်ဆယ်ကို ငွေကျပ်လေးသောင်း ပတ်ဝန်းကျင်လောက် ပြန်ဖြစ်လာပြီ။ နှစ်တိုင်း အခုလို ရာသီချိန်မှာ အခုနှစ်လောက်တော့ ဈေးမကျဘူး။ ဒီနှစ်က ကိုဗစ်ဖြစ်နေတာကြောင့်ရယ်၊ လှိုင်သာယာလမ်းတွေ ပိတ်ဆို့ခဲ့တာကြောင့်ရယ် ပါတယ်။ လမ်းပိတ်တာက ကွမ်းရွက်တင်ပို့တဲ့ ကုန်ကားတွေအတွက်တော့ အဆင်ပြေတယ်။ တင်ပို့လို့ ရနိုင်သေးတယ်။ လမ်းအပိတ်အဆို့တွေရှိလို့ဆိုပြီး ကွမ်းရွက်ဒိုင်တွေဆီကို ဝယ်သူတွေ မလာတာကြောင့် ဈေးကျတာ မျိုးရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးမှ ကွမ်းရွက်ဝယ်ရောင်းလုပ်ကိုင်နေသူ ကိုထွန်းလင်းက ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးမှ စိုက်ပျိုးထွက်ရှိသည့် ကွမ်းရွက်များကို ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေးသို့ တိုက်ရိုက်တင်ပို့ရောင်းချနေခြင်း ဖြစ်သည်။ အများအားဖြင့် မတ်လမှ အောက်တိုဘာလအတွင်း ကာလများသည် ကွမ်းရွက်ဈေးနှုန်းများ မြင့်တက်လေ့ရှိသည့် ကာလအပိုင်းအခြားဖြစ်ကြောင်း သိရသည်။

"အဓိက ဈေးကွက်အနေနဲ့ သီရိမင်္ဂလာဈေးကို တင်ပို့ရောင်းချတယ်။ ဝယ်မယ့် ကွမ်းဒိုင်တွေကလည်း အမြဲ ရှိနေပါတယ်။ ဧပြီလ နေအပူချိန်တအားပြင်းတဲ့ လဆိုရင် ကွမ်းဈေးတက်တတ်တယ်။ ဇူလိုင်လ၊ ဩဂုတ်လတို့လို မိုးကာလ၊ ကွမ်းခြံတွေ ရေနစ်မြုပ်တဲ့အချိန်၊ မြစ်ရေတက်တဲ့ အချိန်ဆိုရင် ကွမ်းဈေးတက်တတ်တယ်။ အခုရက်ပိုင်း ကွမ်းဈေးတွေ ပြန်တက်လာတာကတော့ ဧပြီလကုန်ခါနီး မေလဆန်းပိုင်းလောက်မှာစပြီး တက်လာတာပါ။ အရောင်းအဝယ် နည်းနည်း ပြန်လိုက်လာပါတယ်"ဟု ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် စက္ကော့တောင်ကျေးရွာအုပ်စု ဘုတ်ဆုံချောင်ကျေးရွာမှ စီးပွားဖြစ် ကွမ်းခြံလုပ်ငန်း လုပ်ကိုင်သူ ဦးစိုးက ပြောသည်။

၂၀၂၁ ခုနှစ် မေ ၈ ရက် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာဈေး ကွမ်းရွက်ဈေးနှုန်းများအရ ယာကွမ်းထူးရှယ် ရိုးစိမ်း(ညို)တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၊ ယာကွမ်းထူးရှယ် ထိုင်ဝမ်(ရိုးနီ) တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြောင်း ရွှေရင်ချမ်းမြ ကွမ်းရောင်းဝယ်ရေး(ရန်ကုန်)မှ သိရသည်။

**နန်းထက်ထက်ချစ်**






## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၅ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၀၅၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၀ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၉၉၀ | ကျပ် | ၁၀၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀ | ကျပ် | ၁၀၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၅၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၇၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈.၂၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၇၃၈ | ၆၆၁၉၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၂၀၃၆ | ၇၁၂၆၀၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၇ | ၅၃၉၀၀ |
| FPB | ၁၉၀၀၀ | ၁၉၅၀၀ | ၂ | ၃၈၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကွမ်းစားခြင်းကိုရှောင် အိုတောင်မဆင်းရဲ

**ပီတိရှင်**

**"တံတားဦးက ကွမ်းနုဝါ၊ မြောကဆေး၊ ကွမ်းသီးတောင်ငူနှင့် ကိုင်းထုံးဖြူ ပြည်ရှားငယ်၊ သာဝါးလို့ထွေး" "ကွမ်းရွက်ကယ်ညှာကြွေ၊ ရေစိမ်တဲ့ဆေး၊ သန်းခေါက်လှိုင်လှိုင်နဲ့၊ ချိုင်လိုက်မယ်ထုံးဖြူခြောက်ကယ်၊ အာပေါက်မှထွေး" ကဗျာစပ်တေးတွေနဲ့ မြန်မာနိုင်ငံမှာ ကွမ်းစားသူတွေပေါများလို့ ခလေ့ထုံးစံလိုဖြစ်လာခဲ့ပြီး ကမ္ဘာပေါ်မှာ ကွမ်းအစားဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့ပါတယ်။**




ကမ္ဘာ့ကွမ်းအစားဆုံးနိုင်ငံများစာရင်းမှာ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံတို့ ထိပ်ဆုံးက ပါဝင်နေပြီး မြန်မာနိုင်ငံဟာ ကွမ်းစားမှုအများဆုံးနိုင်ငံဖြစ်နေပါတယ်။ ကွမ်းစားခြင်းကြောင့် နောက်ဆက်တွဲ နာတာရှည် ရောဂါဝေဒနာများ ရရှိခံစားရမှုနဲ့ လူမှုဒုက္ခအထွေထွေကြောင့် မြန်မာတို့ ဆင်းရဲမှုသံသရာမှာ ကျင်လည်နေကြရသည်ကို အထူးသတိပြုသင့်လှပါတယ်။ ကွမ်းစားခြင်း အလေ့အထဟာ စွဲလမ်းမှုကို ဖြစ်စေတဲ့အရာဖြစ်ပါတယ်။ ကဖင်း၊ အရက်၊ နီကိုတင်းပြီးရင် ကွမ်းက စတုတ္ထမြောက်စွဲလမ်းစေသော အရာဖြစ်ပါတယ်။

### ကွမ်းစားလို့ရလာမယ့် ရောဂါများ

ကွမ်းစားလို့ ရနိုင်တဲ့ရောဂါများကတော့ အစာရေမြိုကင်ဆာ၊ ခံတွင်းကင်ဆာ၊ သွားဖုံး ရောဂါ၊ ရေစီးကမ်းပြိုရောဂါ၊ ခံတွင်းအနာရောဂါ၊ စိတ်ဂနာမငြိမ်တဲ့ရောဂါ၊ ရင်ဘတ်အောင့်ရောဂါ၊ ဦးနှောက်အာရုံကြောအားနည်းခြင်းရောဂါ၊ သွားရောဂါ၊ နှလုံးခုန်မမှန်တဲ့ရောဂါ၊ ဆီးလမ်းကြောင်းနဲ့ ဆီးအိမ်ကျောက်တည်ရောဂါ၊ သွေးပေါင်ကျခြင်း၊ အသက်ရှူနှုန်း မြန်ခြင်းနှေးခြင်း၊ ပန်းနာရင်ကျပ်ရောဂါ၊ အစာအိမ်နဲ့ အူလမ်းကြောင်း ပိတ်ဆို့မှုရောဂါ၊ အဆုတ်ထဲတွင် ရေစုခြင်း၊ အတက်ရောဂါ၊ အဝလွန်ရောဂါ၊ ဆီးချိုရောဂါနဲ့ အခြားသော ရှိရင်းစွဲ ရောဂါတွေကို ပိုမိုဆိုးရွားပြင်းထန်စေပါတယ်။

မိမိကျန်းမာရေးအတွက် သောက်သုံးနေတဲ့ ဆေးဝါးတွေနဲ့ ကွမ်းစားခြင်းကြောင့် ဓာတ်ပြုမှုတွေရှိတဲ့အတွက် ဆေးဝါးအာနိသင်တွေ ပြောင်းလဲသွားနိုင်ပါတယ်။ ဒါကြောင့် ဆေးကုသရာမှာ မထိရောက်ခြင်းနဲ့ မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်လာနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်သူတွေ ကွမ်းစားပါက ပေါင်ချိန်မပြည့်တဲ့ ကလေး မွေးဖွားလာတတ်ပါတယ်။

### ကွမ်းစားခြင်းနှင့် လူမှုပတ်ဝန်းကျင်

ကွမ်းစားတဲ့လူကို လူအများစုက မဖြစ်လို့သာ ပြောဆိုဆက်ဆံကြတာပါ။ နှစ်လိုကြည်သာကျေနပ်စွာ ဆက်ဆံဖို့ခက်ခဲတာကြောင့် လူမှုရေးနယ်ပယ်မှာ တစ်ပန်းရှုံးစေပါတယ်။ အထင်မသေးရင်တောင် အထင်ကြီးလေးစားမှုကို ရရှိဖို့ ခက်ခဲစေပါတယ်။

ကွမ်းစားခြင်းကြောင့် ရောဂါတွေရလာပါက နေ့စဉ်မိမိရဲ့ ဝင်ငွေရစေသော ပုံမှန်အလုပ်တွေ မလုပ်နိုင်တာကြောင့် စိတ်သောကခံစားရမှာပါ။ ဒါ့အပြင် မိမိကို မှီခိုနေတဲ့ မိသားစုတာဝန်တွေလည်း လစ်ဟင်း တာဝန်မကျေတာကြောင့် မိမိရောမိသားစုပါ စိတ်မချမ်းမြေ့မှုများနဲ့ ဘဝကို ဖြတ်သန်းကြရမှာဖြစ်ပါတယ်။

ကွမ်းတံတွေးတပြစ်ပြစ်နဲ့ လူကို ဘယ်သူကမှ အထင်ကြီးလေးစားစွာ မဆက်ဆံတာမဆန်းပါဘူး။ အများနဲ့ဆိုင်တဲ့နေရာတွေမှာ ကွမ်းတံတွေးမထွေးရဆိုတဲ့ ဆိုင်းဘုတ်တွေကို လူတိုင်းမြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒီလိုသတိပေးတားမြစ်တဲ့ ဆိုင်းဘုတ်တွေ ဘာကြောင့် အများကြီးကပ်နေရလဲ။ အဖြေကရှင်းပါတယ်။ ကွမ်းစားတဲ့သူတွေ မြန်မာနိုင်ငံမှာ တိုးပွားနေလို့၊ နေရာတိုင်းမှာ ရှိနေလို့ဖြစ်ပါတယ်။ ကွမ်းတံတွေး မဆင်မခြင်ထွေးလို့ ပတ်ဝန်းကျင်ညစ်ပတ်ပေစွန်းကုန်တာ၊ ဘေးလူတွေက မသတီစိတ်နဲ့ နှာခေါင်းရှုံ့ခံရတာ၊ လူမှုဆက်ဆံရေးမှာ ဒေါသတွေနဲ့ တုံ့ပြန်ခံရတာ၊ မိမိကိုယ်တိုင်က မကျေနပ်စိတ်တွေ တိုးပွားလာစေနိုင်တာတွေကြောင့် ကွမ်းစားခြင်းဟာ ပတ်ဝန်းကျင်အတွက် မိမိကြောင့် ကသိကအောက်ဖြစ်စေတာ၊ မသန့်မရှင်းဖြစ်စေတာ ကျိန်းသေပေါက် ပကတိအရှိတရားဖြစ်ပါတယ်။ ဒါကြောင့် ကွမ်းစားခြင်းကို မစွဲခင်က အမြန်ရပ်ဖို့၊ ဖြတ်ဖို့လိုအပ်လှပါတယ်။

### ကွမ်းစားခြင်းကို ဘယ်လိုဖြတ်မလဲ

ကွမ်းစားခြင်းဟာ မိမိ၊ မိသားစုနဲ့ ပတ်ဝန်းကျင်ကို ကောင်းကျိုးထက် ဆိုးကျိုးတွေကိုသာ ပေးစေတာကြောင့် ကွမ်းစားသူတွေအနေနဲ့ အချိန်မဆိုင်း အခုချက်ချင်း ဖြတ်သင့်ပါတယ်။ လူအများစု လွဲမှားစွာ နားလည်လက်ခံထားတဲ့ အတွေးအခေါ်အယူအဆက ကွမ်းစားတာ အရက်သောက်တာမဟုတ်၊ မူးယစ်ဆေးဝါးသုံးတာ မဟုတ်၊ သူများပစ္စည်း ခိုးတာမဟုတ်၊ လိမ်လည်လှည့်ဖြား စာရိတ္တဖောက်ပြားတာမဟုတ် ကိုယ့်ပိုက်ဆံနဲ့ကိုယ် ကွမ်းစားတာ ဘယ်သူ့ကိုထိခိုက်လဲလို့ မှတ်ယူလေ့၊ ပြောလေ့ရှိကြပါတယ်။

တကယ်တော့ အဲဒီလိုအပြောတွေ၊ အယူအဆတွေကို သေသေချာချာ လေးလေးနက်နက် စဉ်းစားကြည့်လေလေ မမှန်လေလေဆိုတာ ကိုယ်တိုင်သိလာမှာပါ။ ကုမရတဲ့ရောဂါ၊ ကုဖို့ခက်ခဲတဲ့ရောဂါတွေဖြစ်လာပါမှ ကွမ်းစားခြင်းကို ဖြတ်မယ်ဆိုရင် နောက်ကျသွားပါပြီ။

နှောင်းနှောင်းတတွေနဲ့ စိတ်ဆင်းရဲကိုယ်ဆင်းရဲ မဖြစ်ချင်ဘူးဆိုရင် ကွမ်းစားနေသူတွေ ကွမ်းစားခြင်းကို ရပ်ကြပါ၊ ဖြတ်ကြပါ။ ကွမ်းမစားသူတွေကလည်း ကွမ်းစားခြင်းကို အလှူ၊ မင်္ဂလာဆောင်၊ နာရေး၊ အခြားသော လူမှုရေးကိစ္စတွေမှာ တည်ခင်းဧည့်ခံတာတွေက အားနာလို့ဖြစ်ဖြစ်၊ လူရာဝင်စေဖို့ဖြစ်ဖြစ် အကြောင်းပြချက်တွေနဲ့ ကွမ်းစားခြင်းကို အစမလုပ်မိစေဖို့ အထူးသတိပေးလိုပါတယ်။

ကွမ်းစွဲနေသူတွေ ကွမ်းဖြတ်မယ်ဆိုရင် ပထမဆုံးအချက်က စိတ်ပြင်းပြမှုရှိပါစေ။ ကွမ်းစားခြင်းကြောင့်ဖြစ်စေတဲ့ ဆိုးကျိုးတွေနဲ့ ဆုံးရှုံးမှုတွေကို မပြတ်တမ်းမြင်အောင်ကြည့်ပြီး စိတ်ဓာတ်ခိုင်မာ ဇွဲရှိစွာနဲ့ဖြတ်မှ ပြတ်မှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါ။ မိမိကိုယ်ကို ယုံကြည်တန်ဖိုးထားတဲ့ စိတ်ဟာ မကောင်းမှုလို့ သိထားတဲ့ အကျင့်စရိုက်ဆိုးတစ်ခုကို တွန်းလှန် ပယ်သတ်တဲ့အခါ များစွာထိရောက်အောင်မြင်မှုဖြစ်စေပါတယ်။

တတိယအချက်ကတော့ အများရဲ့အကူအညီကိုရယူပါ။ ကွမ်းစားလို့ အပိုကုန်ကျမှုတွေ၊ ကွမ်းစားလို့ မိသားစုရဲ့ နေ့စဉ် စားဝတ်နေရေးနဲ့ လူမှုဘဝ ထိခိုက်ပျက်ပြားမှုတွေကို သိအောင်မြင်အောင်၊ နားဝင်အောင် မိသားစုဝင်တွေရဲ့ စေ့ဆော်မှုအားဟာ ကွမ်းစားမှု နိဂုံးချုပ်ရေးမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။

တစ်ဦးချင်းတစ်ယောက်ချင်းစီက ကွမ်းစားခြင်းကို ကျန်းမာရေးအသိ၊ မိသားစုဘဝနေရေး သာယာစေရေးအသိ၊ ပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားတဲ့အသိ၊ ကိုယ့်ကိုယ်ကိုယ် သနားညှာတာတဲ့ အသိတွေနဲ့ ကွမ်းစားခြင်းကိုရှောင် အိုတောင်မဆင်းရဲတဲ့သူတွေ ဖြစ်ကြပါစေကြောင်း ဆန္ဒပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

**✻ ကွမ်းစွဲနေသူတွေ ကွမ်းဖြတ်မယ်ဆိုရင် ပထမဆုံးအချက်က စိတ်ပြင်းပြမှုရှိပါစေ။ ကွမ်းစားခြင်းကြောင့်ဖြစ်စေတဲ့ ဆိုးကျိုးတွေနဲ့ ဆုံးရှုံးမှုတွေကို မပြတ်တမ်းမြင်အောင် ကြည့်ပြီး စိတ်ဓာတ်ခိုင်မာ ဇွဲရှိစွာနဲ့ဖြတ်မှ ပြတ်မှာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါ။ မိမိကိုယ်ကို ယုံကြည်တန်ဖိုးထားတဲ့စိတ်ဟာ မကောင်းမှု လို့သိထားတဲ့ အကျင့်စရိုက်ဆိုးတစ်ခုကို တွန်းလှန်ပယ်သတ်တဲ့အခါ များစွာထိရောက် အောင်မြင်မှုဖြစ်စေပါတယ်**

---



## တောင်တွင်းကြီး၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးခဲ့သည့်ကျေးရွာလမ်းအား ဒေသခံပြည်သူများစုပေါင်းပြုပြင်

**တောင်တွင်းကြီး မေ ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် တရုတ်ကောအုပ်စု သဖန်းကုန်းကျေးရွာ မြေနီလမ်းမကြီး ပျက်စီးသွားသဖြင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်တိုးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ လမ်းကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ မေ ၁၀ ရက်က စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်သူများ၏ လှူဒါန်းငွေများဖြင့် မြေနီကျောက်များ ဝယ်ယူကာ ပျက်စီးသွားသည့် နေရာများကို လမ်းကော်မတီဝင်များ၊ ရွာသူရွာသားများက မြေသားတင်ခြင်း၊ မြေနီကျောက်များ ခင်းခြင်း စသည့် လမ်းကောင်းမွန်ရေး လုပ်ငန်းများ ဆောင်ရွက်ကြကြောင်းနှင့် ယင်းလမ်းမကြီးမှာ အရှည် ၁ မိုင်၊ အကျယ် ၁၂ပေ ရှိကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး တို့တွင် အခက်အခဲများ ကြုံတွေ့နေရသဖြင့် အဆိုပါလမ်းမကြီးအား စုပေါင်းပြုပြင်ကြခြင်း ဖြစ်ကြောင်း သိရသည်။

၀၁၅

# ကယားပြည်နယ်ရှိ နိုင်ငံပိုင်ရုပ်ရှင်ရုံအား ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာ တာဝန်နှင့် ဝတ္တရားလွှဲပြောင်း

**လွိုင်ကော်  မေ  ၁၂**

ကယားပြည်နယ်ရှိ နိုင်ငံပိုင် သီရိ ရုပ်ရှင်ရုံနှင့် ပတ်သက်၍ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း လုပ်ငန်းများကို ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီက စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်နှင့် ဝတ္တရား လွှဲပြောင်းသည့်စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို မေ ၁၁ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ယူ စီမံခန့်ခွဲလျက်ရှိသော နိုင်ငံတော်ပိုင် ရုပ်ရှင်ရုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီများက စနစ်တကျ ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်းများကို ပြုလုပ်နိုင်ရေးအတွက် တာဝန်နှင့် ဝတ္တရား လွှဲပြောင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာဝန်နှင့်ဝတ္တရား လွှဲပြောင်းသည့် စာချုပ်ချုပ်ဆိုခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန ကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် ပြည်နယ်စီမံခန့်ခွဲရေးကောင်စီ ကိုယ်စား ကောင်စီဝင် ရဲမှူးကြီး မျိုးဆွေတို့က လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပြီး စနစ်တကျ လွှဲပြောင်း လက်ခံကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တိုင်းဒေသကြီးစက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**မကွေး  မေ  ၁၂**

မကွေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၁ ရက်က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေး၌ ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တက်ရောက် အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်က မကွေးတိုင်း ဒေသကြီးအတွင်း တည်ထောင်ပြီး စက်မှုဇုန် နှစ်ခု ရှိကြောင်း၊ ရေနံချောင်း စက်မှုဇုန်မှာ ပေ ၁၀၀ ပတ်လည် ၁၇၈ ကွက်ရှိပြီး အကျယ်အဝန်းမှာ ဧက ၁၇၉ ဒသမ ၇၁ ရှိကြောင်း၊ ရေနံချောင်းဇုန်အတွင်း မှတ်ပုံတင်ပြီးလုပ်ငန်း ၁၀၅ ခုရှိပြီး အများဆုံးမှာ စားသောက်ရေး လုပ်ငန်းများဖြစ်ကြောင်း၊ ပခုက္ကူဇုန်မှာ ပေ ၁၀၀ ပတ်လည် မြေကွက်ပေါင်း ၈၉၈ ကွက် ဖော်ထုတ်ထားပြီး အကျယ်အဝန်းမှာ ဧက ၃၇၈ ဒသမ ၈ ရှိကြောင်း၊ ပခုက္ကူစက်မှုဇုန်အတွင်း မှတ်ပုံတင်ပြီး လုပ်ငန်း ၂၂၀ ရှိပြီး အများစုမှာ စားသောက်ရေးလုပ်ငန်းများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီးမြို့တော် မကွေးမြို့တွင် စက်မှုဇုန် အသစ်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြဋ္ဌာန်းထားသည့် စက်မှုဇုန် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့် မြေနေရာ အကျယ်အဝန်း၊ လမ်းပန်းဆက်သွယ်ရေး အနေအထား၊ ကုန်ကြမ်းရရှိမှု အခြေအနေတို့ကို ကော်မတီ အဖွဲ့ဝင်များ ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးစိုးပိုင်မြင့်က မကွေးတိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီဆိုင်ရာ လုပ်ငန်းများ၊ စက်မှုဇုန် ဖော်ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးပြီး တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီ တွဲဖက်အတွင်းရေးမှူးက ကော်မတီဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေး ကော်မတီဝင်များက ကော်မတီဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒေးဒရဲမြို့နယ် အမျိုးသမီးကော်မတီ အစည်းအဝေးကျင်းပ

**ဒေးဒရဲ မေ  ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အမျိုးသမီးကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၀ ရက်က ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ဒေါ်တင်အုန်းနှင့် ကော်မတီဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးကော်မတီ အတွင်းရေးမှူး ဒေါ်မြတ်စန္ဒာလွင်က ဒေးဒရဲမြို့နယ်အတွင်း အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ ကလေးသူငယ် ဥပဒေအသိပညာပေးသင်တန်း(CRC) ဖွင့်လှစ်နိုင်ရေးနှင့် ကော်မတီအနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဂွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

**ဂွ  မေ  ၁၂**

ရခိုင်ပြည်နယ် ဂွမြို့လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ဂွမြို့နယ်အတွင်းရှိ ဝေးလံ၍ ဆက်သွယ်ရေးခက်ခဲသော ရခိုင်တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို မေလပထမပတ်အတွင်း ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် ပေါက်တူးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တိုင်းရင်းသား ၆၉ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းကို မေ ၅ ရက်မှ ၇ ရက်အထိ ဆောင်ရွက်ပေးကြောင်း သိရသည်။

**ရွှေရည်ဝင်း(ပြန်/ဆက်)**

# ထားဝယ်မြို့၌ လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင်သင်တန်းဖွင့်

**ထားဝယ်  မေ  ၁၂**

နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ဖွင့်လှစ်သည့် လျှပ်စစ်၊ ဂဟေ၊ မော်တော်ယာဉ်စက်ပြင်နှင့် လက်ကိုင်ဖုန်းပြင်သင်တန်းအမှတ်စဉ် (၁၂/၂၀၂၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းခန်းမ၌ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဖွင့်လှစ်သည်။



အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း မြိတ်မြို့နှင့် ကော့သောင်းမြို့တို့၌ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း နှစ်ကျောင်း၊ ထားဝယ်မြို့၌ နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာ သင်တန်းကျောင်း တစ်ကျောင်း တို့ကို ဖွင့်လှစ်၍ လူငယ်များအား အသက်မွေးမှု ပညာရပ်များ သင်ကြား လေ့ကျင့်ပေးပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် ရေနက်ဆိပ်ကမ်းများ၊ စက်မှုဇုန်များ ပေါ်ထွန်းလာသည့်အခါ ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်ရန် စားဝတ်နေရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကူညီဆောင်ရွက် ပေးလျက်ရှိကြောင်း။

ထို့အပြင် ပညာသင်ကြားရေးအတွက် အခက်အခဲရှိသော တိုင်းရင်းသားလူငယ်လေးများကို အလယ်တန်းပညာ၊ အထက်တန်းပညာများ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးမည့် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုး ရေး သင်တန်းကျောင်းကို ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက်တွင် ၂၀၁၈ ဘဏ္ဍာနှစ်နှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်များတွင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျောင်းသားကျောင်းသူများ လက်ခံနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းကို တက်ရောက်ကြမည့် သင်တန်းသားများ အနေဖြင့် သင်တန်းကာလ ပြီးဆုံးသည်အထိ တက်ရောက် သင်ယူကြရန် လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သင်တန်းခန်းမကို လှည့်လည်ကြည့်ရှုသည်။

သင်တန်းတွင် လျှပ်စစ် ၁၀ ဦး၊ ဂဟေ ၁၀ ဦး၊ မော်တော်ယာဉ်စက်ပြင် ၁၀ ဦး၊ လက်ကိုင်ဖုန်းပြင် ငါးဦး စုစုပေါင်း ၃၅ ဦးအား အတတ်ပညာဘာသာရပ်များကို မေ ၁၀ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ရက်သတ္တပတ် ၂၂ ပတ်အကြာ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဆီစားသုံးမှု အန္တရာယ် သတိပြုဖွယ်



မေယု - မျိုးအောင် (MANA)

လူတို့၏ နေ့စဉ်ရှင်သန်ရေးအတွက် စားသုံးမှုတွင် မည်သည့်အစာအာဟာရ စားသုံးသည်ဖြစ်စေ ဆီကို မသုံးစွဲမဖြစ် သုံးစွဲကြရသည်။ ဤသို့သုံးစွဲရာတွင် ကျန်းမာရေးအသိဖြင့် မည်သည့်ဆီကိုစားမလဲ၊ ဆီမည်မျှစားသင့်သလဲ ကိုယ်ကိုယ်တိုင် ဆန်းစစ်ကြည့်သင့်ပေသည်။

### မြန်မာနိုင်ငံနှင့် ဆီစားသုံးမှု

ဘေးကင်းလုံခြုံမှုမရှိသော စားဆီများကို သုံးစွဲခြင်းကြောင့် ကျန်းမာရေးအပေါ် ဆိုးကျိုးသက်ရောက်မှုမှာ ကြီးမားလျက်ရှိသည်။ ဆီစားသုံးမှုနှင့် ဆက်နွှယ်နေသော ကျန်းမာရေးပြဿနာများကို လေ့လာပါက အခြေခံအချက်နှစ်ချက်ကို တွေ့ရမည်ဖြစ်သည်။ ပထမအချက်မှာ “ကျန်းမာရေးနှင့် မသင့်လျော်သည့် ဆီများကို စားသုံးမိခြင်း” ဖြစ်ပြီး ဒုတိယအချက်မှာ “သုံးစွဲသင့်သည်ထက် ပိုမို စားသုံးမိနေခြင်း” ဖြစ်သည်။ မြန်မာဟင်းအများစုတွင် ဆီပြန်ဟင်းများသည် ဟင်းကောင်းအဖြစ် နေရာယူထားသည်။ ဆီနည်းသည်ဆိုလျှင် “ဟင်းက ဆီတောင်မပါဘူး” ဟု ဆိုတတ်ကြပြန်သည်။ မြန်မာ့စားစရာဟင်းလျာများတွင် ဆီကမပါမဖြစ်ဆိုသလို ပါနေပြီး လိုသည်ထက်ပင် ပိုစားဖြစ်နေကြသည်။

လူတို့ အသက်ရှင်နေထိုင်မှုနှင့် နေ့စဉ်လှုပ်ရှားသွားလာမှုတို့ကို တာဝန်ထမ်းဆောင်နေရသော ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သော စွမ်းအင်ကို အစားအစာမှ ရရှိသည်။ လူဦးရေတိုးပွားလာနေသည့် ကမ္ဘာကြီးတွင် ကလေးမွေးဖွားနှုန်း မြင့်မားနေသကဲ့သို့ သေဆုံးမှုနှုန်းမှာလည်း မြင့်မားနေသည်။ သေဆုံးမှုများထဲတွင် ဘေးကင်းလုံခြုံမှုမရှိသော အစားအသောက်များမှ ရရှိဖြစ်ပွားသည့် ရောဂါများကြောင့် သေဆုံးရခြင်းသည်လည်း အဓိကအကြောင်းအချက်တစ်ခုဖြစ်သည်။

မြန်မာနိုင်ငံတွင် အစားအသောက်နှင့်ပတ်သက်၍ ၁၉၇၂ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေ၊ အမျိုးသားအစားအသောက် ဥပဒေ (၁၉၉၇)၊ အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၃) နှင့် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉ )တို့ကို ပြဋ္ဌာန်းထားသည်။

ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံ၍အာဟာရပြည့်ဝစေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးတို့မှ တစ်ဆင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန် နိုင်ငံတော်မှ ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက် ရှိသည်။ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရေးနှင့် စားဆီထုတ်လုပ်ရေးလုပ်ငန်းကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသော်လည်း တိုးတက်သင့်သလောက် တိုးတက်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးဦးစီးဌာနကလည်း ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီ စားသုံးနိုင်ရေးနှင့် ပြည်တွင်းဆီထွက်သီးနှံဖူလုံရေး အလုပ်ရုံဆွေးနွေးပွဲများကျင်းပပေးပြီး သက်ဆိုင်ရာ ပညာရှင်များက ဆွေးနွေးပေးကာ ရလဒ်ဖော်ထုတ်ပေးရန် ပြောကြားသည်။ စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးကဏ္ဍအပြင် စားသုံးသူကာကွယ်ရေးကဏ္ဍမှလည်း ဥပဒေဖြင့် အကာအကွယ်ပေးရေး ဆောင်ရွက်လျက်ရှိသည်။

### ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက်ကောင်း

မြန်မာနိုင်ငံ၏ စားသုံးမှုပုံစံဓလေ့အရ ဆီစားသုံးမှုမှာ ပိုမိုများပြားနေကြောင်းသိရပြီး နိုင်ငံခြားငွေများစွာ အသုံးပြုတင်သွင်းရသဖြင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရသည်။ စားသုံးဆီများတွင် ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ရာဆီများကို ဓာတ်ခွဲစစ်ဆေးထုတ်ပြန်ချက်အရ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲပုပ်ဆီများက ပြည့်ဝဆီအနည်းဆုံးဖြစ်ပြီး စားအုန်းဆီက ပြည့်ဝဆီများသည်ကို တွေ့ရသည်။ သတ်မှတ်အရည်အသွေးဖြင့် ပြည်ပမှ တင်သွင်းခွင့်ပြုထားခြင်းဖြစ်၍ စားသုံးရန် မသင့်သည့်ဆီမဟုတ်ဘဲ ကျန်းမာရေးမထိခိုက်စေသော သန့်ရှင်းသောဆီဖြစ်စေရေးအတွက် သိုလှောင်သယ်ယူထုပ်ပိုးသည့် နေရာများ၊ လက်လီရောင်းချသည့် နေရာများ အဆင့်ဆင့်တွင် သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ရန် လိုအပ်သည်။

သို့ရာတွင် စားအုန်းဆီကို မြေပဲ၊ နှမ်း ဓာတုအနံ့များ ထည့်သွင်းကာ မြေပဲဆီ၊ နှမ်းဆီအဖြစ် လိမ်လည်ရောင်းချခြင်း၊ ကျန်းမာရေးအတွက် အန္တရာယ်ရှိသည့် မသန့်စင်ရသေးသည့် ဝါစေ့ဆီအနီရောင်ကို အရောင်လှအောင်ရောစပ် ၍ နှမ်းဆီအဖြစ် ရောင်းချခြင်း၊ ရောဆီ၊ စပ်ဆီဟုဆိုကာ မြေပဲဆီနှင့် စားအုန်းဆီများကို ရောနှောထားပြီး ပါဝင်ပစ္စည်းဖော်ပြရာတွင် ဆီအမျိုးအစားနှင့် ရာခိုင်နှုန်းကို မှန်ကန်စွာ ဖော်ပြမှုမရှိဘဲ မြေပဲဆီပါဝင်မှုရာခိုင်နှုန်းကို ပိုမိုဖော်ပြပြီး ဈေးနှုန်းတိုးမြှင့်ရောင်းချခြင်း၊ ဆီသန့်အသစ်သုံးရမည့်အစား ပြန်ကြော်ဆီများကို ပြန်လည်သုံးစွဲခြင်း စသည့်နည်းကို အသုံးပြုလျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် ဆီထွက်သီးနှံအားလုံးကို စားဆီအဖြစ် ကြိတ်ခွဲထုတ်လုပ်မည်ဆိုလျှင် ဆီဖူလုံမှုရှိမှာဖြစ်သော်လည်း မြေပဲနှင့်နှမ်းသည် ပြည်ပဝယ်လိုအားများသည့် ပြည်ပပို့ကုန်ဖြစ်ခြင်းကြောင့် ပြည်တွင်းဆီလိုအပ်ချက်အတွက် စားအုန်းဆီကို တင်သွင်းဖြည့်ဆည်းရလျက်ရှိသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ မုန်ညင်း၊ ပဲပုပ်တို့သည် ဒေသမရွေးစိုက်ပျိုးနိုင်မှုမရှိခြင်း၊ နှမ်းနှင့်မြေပဲသည် ပြည်ပဝယ်လိုအားအပြင် မုန့်လုပ်ငန်းအသုံးပြုမှုများလည်းရှိခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းမြင့်တက်လျက် ရှိသည်။

ဈေးအမြင့်ကို စားသုံးသူအများစုက ဝယ်ယူစားသုံးနိုင်ခြင်းမရှိတော့ဘဲ လေးပုံတစ်ပုံခန့် ဈေးသက်သာသည့် စားအုန်းဆီ (သို့မဟုတ်) ရောနှောဆီများကိုဝယ်ယူစားသုံးနေကြရသောအခါ ပြည်တွင်းဆီစက်လုပ်ငန်းများသည် လည်ပတ်နိုင်မှုအားလျော့သွားသည့် အခြေအနေကို ကြုံတွေ့ရလျက်ရှိသည်။ အချို့ဆီစက်များအနေဖြင့် ဆီထွက်သီးနှံများကို ကိုယ်တိုင်ဝယ်ယူကြိတ်ခွဲ၍ မိမိစက်ရုံတံဆိပ်ဖြင့် ဆီထုတ်လုပ်ရောင်းချနိုင်သည့် အခြေအနေမှ နဝလီကြိတ်ပေးခြင်းများသာ ဆောင်ရွက်နေသည့် ဆီစက်များအဖြစ်သာ လည်ပတ်နေသည်ကို တွေ့ရသည်။

စားသုံးသူပြည်သူအများစုမှာ ကျန်းမာရေးအသိဗဟုသုတမရှိသောကြောင့် လည်းကောင်း၊ သိသော်လည်း ဝင်ငွေအဆင့်နိမ့်ကျသဖြင့် လုံခြုံစိတ်ချရသော စားသုံးဆီကိုမစားသုံးနိုင်သောကြောင့် လည်းကောင်း၊ ရေရှည်ကောင်းကျိုးကို ကြည့်ရမည့်အစား အမြင်၊ အနံ့၊ အရသာဖြင့် ရွေးချယ်ဝယ်ယူတတ်သော ဓလေ့စရိုက်များကြောင့် လည်းကောင်း၊ ထုတ်လုပ်သူများက မမှန်မကန်ထုတ်လုပ်လျက်ရှိသည့် စားသုံးဆီများကို အားပေးနေသည့် ဈေးကွက်ရှိနေ သေးခြင်းဖြစ်သည်ကို တွေ့ရသည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီတို့အတွက် မြန်မာစံချိန် စံညွှန်းသတ်မှတ်ခြင်းများ ဆောင်ရွက်ရေး၊ စားသုံးသူ ကာကွယ်ရေးဥပဒေ၊ အမျိုးသား အစားအသောက်ဥပဒေများပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး မျှော်လင့်လျက်ရှိကြောင်း၊ သို့မှသာ မမှန်မကန်လုပ်သူများကို ဈေးနှုန်းယှဉ်ပြိုင်မရောင်းချနိုင်သဖြင့် အခက်အခဲဖြစ်နေသည့် မှန်ကန်၍ အန္တရာယ်ကင်းအောင် ထုတ်လုပ်ပေးလျက်ရှိသော လုပ်ငန်းများကို အားပေးမြှင့်တင်ရာရောက်မည်ဖြစ်ကြောင်း ဆီစက်လုပ်ငန်းရှင်တစ်ဦးက အကြံပြုပြောကြားသည်။

### အာမခံချက်ပါသောဆီရောင်းချမှု

စားသုံးသူရေးရာဦးစီးဌာနမှ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းအဖွဲ့များသည် ဆီစက်များ၊ ဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးပြီး ဆီစက်မရှိဘဲ တံဆိပ်ကပ် ရောင်းချနေသောဆီများ၊ လိုအပ်သည့်အထောက်အထားမပါရှိသော ဆီများကိုစစ်ဆေးရန် ဓာတ်ခွဲခန်းသို့ပို့၍ စားသုံးရန် မသင့်အဖြေထွက်ပါက တားမြစ်သိမ်းဆည်းဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်ကို ကြားသိရသည်။ ရေသန့်များကို FDA ထောက်ခံချက်လက်မှတ်ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခွင့်ရှိသည်ဟု ကန့်သတ်ချက်ရှိသော်လည်း စားဆီများတွင် မရှိသေးသဖြင့် အချို့စားဆီများက FDA ထောက်ခံချက်ရရှိရေး ဆောင်ရွက်သော်လည်း အချို့ကဆောင်ရွက်ခြင်းမပြုသည်ကို တွေ့ရသည်။ ဈေးများအတွင်းတွင် ဆီများကိုခွက်ချင်ဖြင့် ရောင်းချသူများသည်လည်း မိမိရောင်းချသော ဆီများဖြစ်သည့် စားအုန်းဆီ၊ မြေပဲဆီများကို မည်သည့်ဆီစက်၊ မည်သည့်လက်ကားဆိုင်များက ဝယ်ယူသည်ဆိုသည့် ပြေစာမှတ်တမ်းထားရှိရန်၊ ရောနှောဆီကို စားသုံးသူတောင်းဆိုချက်အရကျေနပ်မှ မှန်ကန်သော အချိုးအစားဖြင့် ရောနှောပေးရန်၊ ကုန်အညွှန်းအမှတ်အသားတွင် ပါဝင်ရမည့်အချက်များ ပြည့်စုံစွာဖော်ပြပါရှိရမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနက အသိပေးလျက်ရှိကြောင်း သိရသည်။

### ကျန်းမာရေးအတွက် ဆီလျှော့စားသင့်

စားအုန်းဆီတွင်ပြည့်ဝဆီရာခိုင်နှုန်းများ ပါသောကြောင့် ပြည့်ဝဆီများကို လျှော့စားသုံးသင့်သည်။ ပြည့်ဝဆီကိုသာမက မပြည့်ဝဆီကိုလည်း လျှော့စားသုံးသင့်သည်။ မှန်ကန်မှုမရှိသော စားသုံးဆီများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ရောဂါ၊ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါ၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးပြဿနာများကို ရင်ဆိုင်နေကြရသည်။ ပြည့်ဝဆီဆိုရာတွင် တိရစ္ဆာန်များမှထွက်သော အဆီများပါဝင်သည်ကိုလည်း သတိချပ်စေလိုသည်။ အကြောင်းမှာ အချို့တောရွာများတွင် အလှူအတန်းတစ်ခုခုပြီးသည့်အခါ ဥပမာ-ဝက်သားချက်ရာမှထွက်လာသော (ဝက်ဆီ)နှင့် အမဲဆီကဲ့သို့ တိရစ္ဆာန်တို့၏ အဆီများကို သိုလှောင်ကာ ရောင်းချသည့် ဓလေ့များရှိနေတတ်ခြင်းကြောင့် ဖြစ်သည်။

အကယ်၍ ဆီကို မီးခိုးငွေ့ထွက်သည်အထိ အပူချိန်မြင့်မားစွာထားမည်ဆိုလျှင် ဆီ၏ဓာတုပြောင်းလဲမှု ဆင့်ကဲဖြစ်စဉ်ကို တားဆီးလျှော့ချထားစေရုံသာမက မြေပဲဆီ၏ ပင်ကိုသဘာဝမွှေးပျံ့သော အရသာကို ယိုယွင်းသွားစေမည်ဖြစ်သည်။ စားသုံးဆီများတွင် Smoke Point ဟူ၍ ရှိသည်။ Smoke Point ဆိုသည်မှာ ဆီ၏မီးအပူချိန်ကို ခံနိုင်သော ပမာဏထက်လွန်ကဲသွားလျှင် ဆီမှ အန္တရာယ်ရှိသော Free Radiacals များ ထွက်လာနိုင်သည်။ သို့ဖြစ်ပါ၍ မီးပြင်းပြင်းနှင့် ကြော်ရမည့်အချိန်တွင် Smoke Point မြင့်မားသော ဆီအမျိုးအစားကိုသာ သုံးသင့်သည်။ ဆီများတွင်လည်း Smoke Point တစ်ခုနှင့်တစ်ခု ကွာခြားလျက်ရှိသည်။ ဥပမာ- အုန်းသီးမှ ထုတ်လုပ်သော အုန်းဆီ၏ Smoke Point မှာ ၁၁၇ ဒီဂရီစင်တီဂရိတ်ဖြစ်ပြီး ပဲပုပ်မှထုတ်လုပ်သော ပဲပုပ်ဆီ ၏ Smoke Point မှာ ၂၄၁ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဆီများကို သုံးစွဲရာတွင် ဘူးခွံတွင်ပါဝင်သော Smoke Point များကိုကြည့်ကာ ရွေးချယ်ဝယ်ယူသင့်သည်။ ထို့အတူ ဆီတွင်ပါဝင်သော အဆီဓာတ်၊ ကိုလက်စထရောပမာဏ၊ ဆိုဒီယမ်၊ ကယ်လိုရီ စသည်များကိုလည်း ကြည့်ရှုနှိုင်းယှဉ်ပြီး ဝယ်ယူသင့်သည်။

ပဲဆီများကို ရေခဲသေတ္တာအတွင်းထားလျှင် မခဲစေရန်၊ မြေပဲဆီအရောင်နှင့် အနံ့ဖြစ်စေရန် ဓာတုနည်းဖြင့် ပြုပြင်ကာ ဈေးကွက်အတွင်းသို့ ရောင်းချလျက်ရှိနေသည်များလည်းရှိသဖြင့် သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန် အထက်ပါအချက်များအတိုင်း လိုက်နာကာ စားသုံးဆီများကို ရွေးချယ်ဝယ်ယူကြပြီး ဆီစားသုံးမှုဓလေ့ကို ပြုပြင်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**◆ မြန်မာနိုင်ငံ၏ စားသုံးမှုပုံစံဓလေ့အရ ဆီစားသုံးမှုမှာ ပိုမိုများပြားနေကြောင်း သိရပြီး နိုင်ငံခြားငွေများစွာ အသုံးပြုတင်သွင်းရသဖြင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ရန် လိုအပ်လျက်ရှိသည်ကို တွေ့ရ၊ စားသုံးဆီများတွင် ပြည့်ဝဆီနည်းခြင်းက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ရာဆီများကို ဓာတ်ခွဲစစ်ဆေးထုတ်ပြန်ချက်အရ နှမ်းဆီ၊ နေကြာဆီ၊ ပန်းနှမ်းဆီ၊ ပဲပုပ်ဆီများက ပြည့်ဝဆီအနည်းဆုံးဖြစ်ပြီး စားအုန်းဆီက ပြည့်ဝဆီများသည်ကို တွေ့ရ**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၁၂

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ယမင်းဦး (အထက်တန်းသူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၂ | ဒေါ်အေးချမ်းစံပယ်အောင် (အထက်တန်းသူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၃ | ဒေါ်နော်ဂျက်ကလင်း (အထက်တန်းသူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၄ | ဒေါ်အေးမြနွယ် (အထက်တန်းသူနာပြု) | သဖန်းပင်ဆိပ် ကျေးလက်ကျန်းမာရေးဌာနခွဲ | အုတ်ဖိုမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဒေါ်ငွန်းကမ် (အထက်တန်းသူနာပြု) | ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီး | နန်းယွန်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်တင်မျိုးဝေ (အထက်တန်းသူနာပြု) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်မေဇင်ဦး (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်ဖြူဖြူနှင်း (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်နှင်းဆီခိုင် (သူနာပြု) | သထုံ ပြည်သူ့ဆေးရုံ | ဘီလင်းမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်မျိုးသီရိဇော် (သူနာပြု) | ငပုတော ပြည်သူ့ဆေးရုံ | ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

သတင်းစဉ်

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးအား ဖြတ်ကျော်ဝင်ရောက်ရန် ကြိုးပမ်းလာသည့် RSO ကုလားဆိုးအကြမ်းဖက် သောင်းကျန်းသူများကို ပစ်ခတ်တားဆီးနိုင်ခဲ့

နေပြည်တော် မေ ၁၂

**မြန်မာနိုင်ငံ၏ အနောက်ဘက်ခြမ်းလုံခြုံရေးအတွက် ရခိုင်ပြည်နယ်အတွင်းနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မျဉ်းတစ်လျှောက်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားမဝင်ဖြတ်ကျော်မှုနှင့် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်မှုမရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။**



ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် မောင်တောမြို့နယ် အတွင်းနှင့် နယ်စပ်မျဉ်းတစ်လျှောက် လုံခြုံရေးဆောင်ရွက်နေသည့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၇ နာရီခွဲခန့်တွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်မှတ်တိုင်အမှတ် ဘီပီ - ၅၁ နှင့် ၅၂ ကြား နေရာသို့အရောက် နယ်စပ်ခြံစည်းရိုးကို ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်ခြမ်းမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရန်ကြိုးပမ်းနေသည့်RSO ကုလားဆိုးအကြမ်းဖက် သောင်းကျန်းသူအင်အား ၅၀ ခန့်ကို တွေ့ရှိခဲ့သဖြင့် ပစ်ခတ်တားဆီးခဲ့ရာ အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး သောင်းကျန်းသူများ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းသို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် အနက်ရောင်တီရှပ်လက်ရှည်နှင့် အားကစားဘောင်းဘီ ဝတ်ဆင်ထားသည့် RSO ကုလားဆိုး အကြမ်းဖက် သောင်းကျန်းသူ တစ်ဦး၏ အလောင်းအား အမ်-၂၂ သေနတ်တစ်လက်၊ ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင် တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ရာ ဘူးသီးတောင်မြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက် လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တောဂျင်ကျေးရွာရှိ လှုပ်ရှားရဲကင်း၊ သစ်တောဘိနယ်ရုံးနှင့် အပ္ပုပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးတို့အား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး

နေပြည်တော် မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တောဂျင်ကျေးရွာရှိ လှုပ်ရှားရဲကင်း၊ သစ်တောဘိနယ်ရုံးနှင့် အပ္ပုပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးတို့အား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့၍ အဆိုပါ အဆောက်အအုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၁ ရက် ည ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် တောဂျင်ကျေးရွာရှိ လုံခြုံရေးယာယီရပ်သိမ်းထားရှိသည့် တောဂျင်လှုပ်ရှား ရဲကင်းကို လည်းကောင်း၊ ည ၉ နာရီတွင် ဆူပူအကြမ်းဖက်သူများသည် အဆိုပါကျေးရွာရှိ သစ်တောဘိနယ်ရုံးနှင့် အပ္ပုပိုင်းစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနရုံးအဆောက်အအုံနှစ်လုံးတို့ကိုလည်းကောင်း ဆူပူအကြမ်းဖက်သူများက မီးရှို့ခဲ့သဖြင့် မီးလောင်မှုများဖြစ်ပွားခဲ့ရာ ကျေးရွာနေပြည်သူလူထုများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆောက်အအုံများ၊ သက်သေခံအဖြစ် သိမ်းဆည်းထားရှိသော NISSAN အမျိုးအစား ၁၂ ဘီး မော်တော်ယာဉ် တစ်စီးတို့ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များ ကျူးလွန်ခဲ့သူများအား ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အနာဂတ်ပန်းများဖူးဝေဖို့ ကျောင်းတက်ကြပါစို့

စန်ရဲ

တက္ကသိုလ်၊ ကောလိပ်များ အပါအဝင် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းတွေ ပိတ်ထားခဲ့ရတာ တစ်နှစ်ဝန်းကျင်ရှိခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာလည်း စာသင်ကျောင်းတွေကို ပိတ်ခဲ့ရတာဖြစ်ပါတယ်။ စာသင်ကျောင်းတွေ ပိတ်ခဲ့ရတဲ့အတွက် ပညာသင်ကြားနေတဲ့ ကျောင်းသူ ကျောင်းသားများအတွက် နစ်နာသလို နိုင်ငံတော်အတွက်လည်း နစ်နာပါတယ်။ ကျောင်းသားမိဘတွေအတွက်လည်း နစ်နာရပါတယ်။ အထူးသဖြင့် စာသင်ခန်းနဲ့ကင်းဝေးနေရတဲ့ ကျောင်းသူ ကျောင်းသားလေးများရဲ့ အဖိုးတန်အချိန်တွေဟာ အလဟဿဖြစ်ကုန်ကြရပါတယ်။

အခုတော့ မင်္ဂလာသတင်းကို ကြားသိလိုက်ရပါပြီ။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများကို ၂၀၂၁ ဇွန် ၁ ရက်ကစလို့ ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်တော့မှာဖြစ်ကြောင်းနဲ့ ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် ၂၀၂၁ မေ ၂၄ ရက်ကနေ ၃၁ ရက်အထိ သတ်မှတ်ထားကြောင်း ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တာကို တွေ့ရပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတိုင်းဟာ ပညာရေးကဏ္ဍကို အပြည့်အဝအားပေးဆောင်ရွက်နေတာကို

**ကျောင်းတွေပြန်လည်ဖွင့်လှစ်မယ်ဆိုတော့ ကျောင်းသားမိဘတွေ အထူးဝမ်းသာအားရဖြစ်မိတာ အမှန်ပါပဲ။ မိမိတို့ရဲ့၊ သားသမီးတွေရဲ့ ဘဝနောင်ရေးအတွက် ပညာအမွေကို ထိုက်ထိုက်တန်တန် ပေးချင်ကြပါတယ်။ ဒီနေ့ခေတ်ဟာ ပညာခေတ်ဖြစ်တာနဲ့အညီ စီးပွားရေး၊ လူမှုရေး ဘဝတွေ တိုးတက်အောင်မြင်ဖို့ ပညာတတ်မြောက်ထားကြဖို့ လိုအပ်ပါတယ်။ ပညာသင်ယူတဲ့အရွယ်မှာ ပညာကို တတ်မြောက်အောင် သင်ယူနိုင်ပါမှ ရှေ့ဆက်ရမယ့် ဘဝခရီးတစ်လျှောက်လုံးအတွက် ဘဝရပ်တည်ရေး၊ အောင်မြင်တိုးတက်ရေးအတွက် အာမခံချက်ရှိမယ်ဆိုတာ ခံယူထားကြပါတယ်။ ဒါကြောင့်လည်း မိဘတိုင်းက မိမိတို့သားသမီးတွေ ပညာတတ်မြောက်နိုင်ရေး၊ အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းကြပါ**

တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျောင်းအပ်နှံရာမှာ မည်သည့်အခကြေးငွေကိုမျှ လုံးဝ(လုံးဝ)ကောက်ခံမှုမရှိတဲ့အပြင် ကျောင်းအပ်နှံတဲ့ ကျောင်းသားအားလုံးကို ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ ဘောပင်နဲ့ ခဲတံအပါအဝင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် Mask နဲ့ Face Sheild တွေ အခမဲ့ထောက်ပံ့ပေးသွားမှာဖြစ်ကြောင်း သိရပါတယ်။

### ပညာအမွေ

ကျောင်းတွေပြန်လည်ဖွင့်လှစ်မယ်ဆိုတော့ ကျောင်းသားမိဘတွေ အထူး ဝမ်းသာအားရဖြစ်မိတာ အမှန်ပါပဲ။ မိမိတို့ရဲ့၊ သားသမီးတွေရဲ့ ဘဝနောင်ရေးအတွက် ပညာအမွေကို ထိုက်ထိုက်တန်တန် ပေးချင်ကြပါတယ်။ ဒီနေ့ခေတ်ဟာ ပညာခေတ်ဖြစ်တာနဲ့အညီ စီးပွားရေး၊ လူမှုရေး ဘဝတွေ တိုးတက်အောင်မြင်ဖို့ ပညာတတ်မြောက်ထားကြဖို့ လိုအပ်ပါတယ်။ ပညာသင်ယူတဲ့အရွယ်မှာ ပညာကို တတ်မြောက်အောင် သင်ယူနိုင်ပါမှ ရှေ့ဆက်ရမယ့် ဘဝခရီးတစ်လျှောက်လုံး အတွက် ဘဝရပ်တည်ရေး၊ အောင်မြင်တိုးတက်ရေးအတွက် အာမခံချက်ရှိမယ်ဆိုတာ ခံယူထားကြပါတယ်။ ဒါကြောင့်လည်း မိဘတိုင်းက မိမိတို့သားသမီးတွေ ပညာတတ်မြောက်နိုင်ရေး၊ အဆင့်မြင့်ပညာရပ်များ သင်ယူနိုင်ရေးအတွက် တတ်နိုင်သမျှ ကြိုးပမ်းကြပါတယ်။ တောမှာနေသူလည်း နေသူအလျောက်၊ မြို့ပြမှာနေသူလည်း နေသူအလျောက် မိမိတို့တတ်စွမ်းသမျှ သားသမီးပညာရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးကြပါတယ်။ မှန်ပါတယ်။ ရွှေ၊ ငွေ၊ ဥစ္စာ၊ ရတနာ စတဲ့ အမွေတွေဟာ ထိန်းတတ်ရင် ထိန်းနိုင်သလောက်၊ လုပ်တတ်ကိုင်တတ်ရင် လုပ်တတ်ကိုင်တတ်သလောက် သားသမီးတွေရဲ့ဘဝကို အထောက်အကူပြုမှာဖြစ်ပေမယ့် ဒါတွေကို ထိန်းသိမ်းဖို့၊ တိုးပွားအောင်လုပ်ဖို့ဆိုတာမှာလည်း အသိပညာဟာ လိုအပ်နေမှာဖြစ်ပါတယ်။ "ပညာ ရွှေအိုး လူမခိုး"လို့ ဆိုရိုးစကားတောင် ရှိတယ်မဟုတ်ပါလား။ သားသမီးတွေကို ပညာသင်ကြားဖို့ ပြောဆိုဆုံးမတဲ့အခါ ပညာမတတ်တဲ့အတွက် မိဘအမွေကိုသုံးဖြုန်းပြီး နောက်ဆုံး ခွက်လက်ဆွဲတောင်းစားသွားရတဲ့ ကုဋေရှစ်ဆယ် သူဌေးသား ပုံပြင်နဲ့ ဆုံးမခဲ့ကြပါတယ်။ စာရေးသူတို့ငယ်ငယ်ကတည်းက ဒီပုံပြင်နဲ့ ကြီးပြင်းခဲ့ကြရသူတွေပါ။ ဒါကြောင့် မိဘတိုင်းဟာ မိမိတို့ သားသမီးတွေကို ပညာအမွေပေးနိုင်အောင် ကြိုးစားနေကြတာလည်း ဖြစ်ပါတယ်။

နိုင်ငံတော်ကလည်း ကျောင်းနေရွယ်ကလေးအားလုံး ကျောင်းနေစေရမယ်ဆိုပြီး စနစ်တကျဆောင်ရွက်ပေးနေပါတယ်။ ဘယ်အစိုးရတက်တက် ကလေးငယ်တွေရဲ့ ပညာရေးကိုတော့ လျစ်လျူရှုမရပါဘူး။ အနာဂတ်မျိုးဆက်သစ် ကလေးသူငယ်တွေကို ပြုစုပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ လိမ္မာယဉ်ကျေးသူတွေဖြစ်ဖို့၊ မှန်ကန်သောအတွေးအခေါ်တွေရဖို့ ကလေးသူငယ်တွေကို ပြုစုရာမှာ စာသင်ကျောင်းတွေဟာ အခရာကျပါတယ်။ တိုးတက်တဲ့နိုင်ငံတိုင်းဟာ နိုင်ငံကို ပညာရေးနဲ့ တည်ဆောက်ကြတာဖြစ်ပါတယ်။ လူငယ်တွေဆိုတာ ရည်မှန်းချက်ရှိတယ်။ မျှော်လင့်ချက်ရှိတယ်။ အလားအလာတွေရှိတဲ့သူများလည်း ဖြစ်ကြပါတယ်။ လူငယ်တွေဆိုတာ အနာဂတ်မှာ လူကြီးဖြစ်လာမယ့်သူတွေပါ။ ထူးချွန်ထက်မြက်တဲ့ လူငယ်တွေဟာ အနာဂတ်နိုင်ငံအတွက် မျှော်လင့်အားထားရတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာမှာပါ။

### စိတ်မကောင်းစရာ

ကျောင်းတွေပြန်ဖွင့်တော့မယ်ဆိုတော့ လတ်တလော ဖြစ်ပေါ်နေတဲ့ အရေးအခင်း CDM မှာ ဆရာ ဆရာမတွေ ပါဝင်နေမှု၊ ဆူပူအကြမ်းဖက်မှုမှာ ပါဝင်နေသူတွေရဲ့ ခြိမ်းခြောက်မှုများက စိတ်မချမ်းမြေ့စရာအဖြစ် ကြားသိနေရပါတယ်။ အထူးသဖြင့် CDM လှုပ်ရှားမှုမှာ မပါဝင်တဲ့ ဆရာ ဆရာမတွေကို ခြိမ်းခြောက်နေမှုတွေဖြစ်ပါတယ်။ ကျောင်းတက်ရဲရင်တက်ကြည့် သတ်ပစ်မယ်ဆိုတဲ့အထိတောင် ကြားနေရပါတယ်။ စာရေးသူရဲ့ သမီးငယ်နဲ့ ရင်းနှီးသူ သူငယ်ချင်း ကျောင်းဆရာမတစ်ဦးဟာ မွန်ပြည်နယ် မော်လမြိုင်မြို့က ဖြစ်ပါတယ်။ သူဟာ ရာထူးတိုးနဲ့ စစ်ကိုင်းတိုင်းအတွင်းက ကျေးရွာတစ်ရွာမှာ တာဝန်ကျနေသူဖြစ်ပါတယ်။ ဆရာ ဆရာမတွေကို မေလ ၃ ရက်နေ့မှာ နောက်ဆုံးထားပြီး သတင်းပို့ကြရမယ်ဆိုတော့ သူမသွားနိုင်ပါဘူး။ ကျောင်းတွေပိတ်ထားချိန်ကာလဖြစ်တာကြောင့် မွေးရပ်မိဘတွေဆီ လာနေထိုင်တာဖြစ်ပေမယ့် တကယ်သွားရောက် သတင်းပို့ရမယ်ဆိုတဲ့အချိန်မှာ အဲဒီလိုသတင်းတွေကြားပြီး မသွားရဲတော့တာဖြစ်ပါတယ်။ သူက အလုပ်ကထုတ်ရင်လည်း ထုတ်ပါစေတော့။ လောလောဆယ်တော့ မသွားရဲဘူးဆိုပြီး ပြောပါတယ်။ ဒီဆရာမလေး ကြောက်မယ်ဆိုလည်း ကြောက်စရာပါ။ ကြားသိနေရတဲ့ သတင်းများအရ ပညာရေးမှူးရုံးတွေကို လက်လုပ်ဗုံးတွေနဲ့ အပစ်ခံနေရတာ၊ ဒီမတိုင်မီက ဆရာ ဆရာမတွေ သင်တန်းပို့ချရာမှာ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေရှိခဲ့တာ ကြားနေရတော့ ကိုယ့်ဒေသမဟုတ်တဲ့ တခြားတစ်နေရာကိုသွားပြီး နေရမှာ ကြောက်မယ်ဆိုလည်း ကြောက်စရာဖြစ်ပါတယ်။ ဒီဆရာမလေးအနေနဲ့ စဉ်းစားကြည့်ရင် သူဟာ CDM လှုပ်ရှားမှုကို စိတ်ဝင်စားခဲ့သူ မဟုတ်ပါဘူး။ ဒီကျောင်းဆရာမအလုပ်ကို ရဖို့အတွက် သင်ကြားခဲ့ရတဲ့ ပညာတွေ၊ တက်ရောက်ခဲ့ရတဲ့ သင်တန်းတွေ၊ သူ ပေးဆပ်ခဲ့ရတဲ့ အချိန်နဲ့ ပင်ပန်းမှုတွေဟာ နှမြောစရာဖြစ်ပါတယ်။ ပြီးတော့ မိဘကိုယ်တိုင်ကလည်း ကြွယ်တောင့်ကြွယ်ဝမဟုတ်တော့ ဒီအလုပ်ကို စွန့်ခဲ့ရမှာ နှမြောမှာ အမှန်ပါပဲ။ ဒီထက်ဆိုးတာက ကျောင်းဖွင့်ရဲရင် ဖွင့်ကြည့်၊ ကျောင်းတက်ရဲရင် တက်ကြည့်။ ကျောင်းကို ဗုံးခွဲမယ်ဆိုတဲ့ လှန့်လုံးခြောက်လုံးတွေနဲ့ ကျောင်းသားမိဘတွေ သူတို့ရဲ့သားသမီးတွေကို ကျောင်းမသွားရဲအောင် လုပ်ဆောင်နေကြတာပါပဲ။

### နစ်နာဆုံးရှုံး

တကယ်တော့ ပညာသင်ကြားရေးမှာ တစ်နှစ်နောက်ကျရင် ပညာသင်ကြားသူ လူငယ်အတွက် တစ်နှစ်နောက်ကျ၊ တစ်နှစ်အသက်ကြီးသွားတာပါပဲ။ ဒီလို အသက်ကြီးသွားရင် အလုပ်ခွင်ဝင်ရာမှာလည်း ဆုံးရှုံးနစ်နာမှုတွေ ရှိပါတယ်။ စာရေးသူဟာ ကျေးလက်တောရွာကဖြစ်ပြီး ငယ်စဉ်က ကျေးလက်ကျောင်းမှာ နေခဲ့ရပါတယ်။ ဒီအချိန်က စာရေးသူတို့ဒေသမှာ အစိုးရကျောင်းတွေမရှိလို့ ရွာကစုပြီး ဖွင့်ထားတဲ့ ကျောင်းမှာပဲ နေခဲ့ရပါတယ်။ စာရေးသူရဲ့ အစ်ကိုဟာ စာရေးသူနဲ့အတူ အဲဒီကျောင်းမှာ တက်ရောက်သင်ကြားခဲ့ရပြီး စာရေးသူနဲ့အတူပဲ လေးတန်းကို အောင်မြင်ခဲ့ပါတယ်။ အစ်ကိုဟာ စာရေးသူထက် ပညာသင်တာမှာ စောပေမယ့် အစိုးရကျောင်းမရှိတဲ့အတွက် မူလတန်းအဆင့်ကနေ အလယ်တန်းပညာဆက်လက်မသင်ကြားနိုင်တာ ဖြစ်ပါတယ်။ အစိုးရကျောင်းဖွင့်ခွင့်ရတဲ့နှစ်မှ လေးတန်းကို အတူတူဖြေဆိုပြီး အလယ်တန်းပညာကို အတူတူသင်ခဲ့ရပါတယ်။ အစ်ကိုဟာ စာရေးသူထက် အသက်သုံးနှစ်ကြီးတာမို့ သုံးနှစ်တာကာလကို ဖြုန်းတီးခံခဲ့ရတာဖြစ်ပါတယ်။ အခုလည်း ကျောင်းတစ်နှစ်ပိတ်လိုက်လို့ မူလတန်းအရွယ် လူငယ်တွေအတွက် တစ်နှစ်နစ်နာခဲ့ရပါပြီ။ ဒီထက် သူတို့လေးတွေ ကျောင်းမတက်ရလို့ အချိန်တွေ အလဟဿ ဖြစ်ကုန်ရပါတော့တယ်။

၁၉၅၇ ခုနှစ်လောက်က ဖြစ်ပါတယ်။ အောက်တိုဘာ ကျောင်းတစ်လပိတ်ရေး ဆန္ဒပြတောင်းဆိုမှုတွေကြောင့် အဲဒီတုန်းက ကျောင်းတွေကို အကန့်အသတ်မရှိ ပိတ်ခဲ့ပါတယ်။ အစိုးရကျောင်းတွေ ပိတ်ပေမယ့် မှတ်ပုံတင်ထားတဲ့ အလွတ်ပညာသင်ကျောင်းတွေတော့ မပိတ်ခဲ့ပါဘူး။ ကျောင်းပိတ်ရက် ရှည်လာတဲ့အတွက် စာရေးသူဟာ မိဘတွေရဲ့ စီစဉ်ပေးမှုအရ အလွတ်ပညာသင်ကျောင်းမှာ ဆက်လက်သင်ကြားခွင့်ရခဲ့ပါတယ်။ ကျောင်းပိတ်ရက်ရှည်တဲ့အတွက် စာရေးသူရဲ့ သူငယ်ချင်းတွေဟာ စာရေးသူထက် အတန်း တစ်နှစ်နောက်ကျကျန်ခဲ့ကြပါတယ်။

၂၀၀၅ ခုနှစ်လောက်ကဖြစ်မယ် ထင်ပါတယ်။ တက္ကသိုလ်ကျောင်းသားတွေ ဆန္ဒပြကြလို့ တက္ကသိုလ်စာမေးပွဲ စစ်မေးဆဲကာလမှာပဲ ကျောင်းတွေ ယာယီပိတ်ခဲ့ရပါတယ်။ အဲဒီမှာ စာရေးသူရဲ့ တူမငယ်နှစ်ယောက်အနက် တစ်ယောက်က နေ့ကျောင်းတက်၊ တစ်ယောက်က အဝေးသင်တက္ကသိုလ်တက်နေဆဲ ကာလပါ။ နောက်ဆုံးနှစ်တွေဖြစ်လို့ ဘဝအတွက် အရေးအကြီးဆုံးကာလလည်း ဖြစ်ပါတယ်။ အဝေးသင်တက္ကသိုလ်ကျောင်းသူကတော့ စာမေးပွဲပြီးအောင် ဖြေခွင့်ရခဲ့ပေမယ့် နေ့ကျောင်းသူကတော့ နောက်ဆုံးဘာသာရပ် ဖြေမယ့်နေ့မှာ ကျောင်းပိတ်လိုက်တာကြောင့် စာမေးပွဲမဖြေခဲ့ရရှာပါဘူး။ ဘွဲ့ရတော့ အဝေးသင်ကျောင်းသူက အရင်ရခဲ့ပါတယ်။ ဌာနတစ်ခုမှာ အလုပ်ခေါ်တော့ အဝေးသင်တက္ကသိုလ်ကျောင်းသူက ဘွဲ့ရပြီးမို့ ဖြေဆိုခွင့်ရ၊ အလုပ်လည်း ရသွားခဲ့ပေမယ့် နေ့ကျောင်းသူခမျာ ဘွဲ့မရသေးတာနဲ့ ကျန်ခဲ့ရပါတယ်။ ကျောင်းတွေပိတ်လိုက်ရတာကြောင့် လူငယ်တွေရဲ့ ဘဝတက်လမ်းတွေ ဆုံးရှုံးထိခိုက်ခဲ့ရတာပါ။ အခုလည်း စာရေးသူမှာ တက္ကသိုလ်ကျောင်းသူ မြေးနှစ်ယောက် ရှိပါတယ်။ စာမေးပွဲစစ်မေးချိန် ကာလမှာပဲ ကိုဗစ်-၁၉ ကြောင့် ကျောင်းပိတ်လိုက်တော့ စာမေးပွဲတန်းလန်းနဲ့ ဟိုမရောက် ဒီမရောက် ဖြစ်နေပါတော့တယ်။ ကျောင်းတွေပိတ်ထားတဲ့အတွက် မိဘတွေမှာလည်း ထိခိုက်၊ ကျောင်းသား ကျောင်းသူတွေမှာလည်း နစ်နာမှုတွေရှိခဲ့တာ အမှန်ပါပဲ။

*စာမျက်နှာ ၂၅ သို့*

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ဓားပြမှုနှင့် ခြိမ်းခြောက်မှုတို့ကို ကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မတ် ၁၂ ရက် ညနေ ၃ နာရီခန့်တွင် သိန်းအေး(ခ)ကျွဲကြီး(ဘ)ဦးတင်ရ၊ စိုးသူအောင်(ဘ)ဦးမြသောင်း၊ ဝေယံကိုကို(ခ)ဝေယံ(ဘ)ဦးစိုးဝင်း၊ ကျော်သိန်း(ဘ)ဦးမောင်စိုး၊ အိုက်ပီး(ခ) ဇော်မင်းထွန်း(ဘ)ဦးအုန်းတင်၊ စိုင်းသူရ(ခ)ရှိုင်းသူရ(ဘ)ဦးဌေးကြွယ်၊ ကိုရဲ(စိစစ်ဆဲ)၊ ဆံရှည်(စိစစ်ဆဲ)၊ စောမိုးလွင်(စိစစ်ဆဲ)၊ ကျော်သူရ(စိစစ်ဆဲ)၊ လှစိန်(ခ)အဗ္ဗဒူဝတ် (ဘ)ဦးစိန်းအေးနှင့် မျိုးမြင့်အောင်(စိစစ်ဆဲ)တို့သည် ဒဂုံမြို့နယ်နေ ဦးခင်မောင်ဌေး၏ အငှားယာဉ်ဖြင့် တိုက်မိခဲ့သဖြင့် ပြင်ဆင်ပေးမည်ဟုဆိုကာ လမ်းတွင် ဦးခင်မောင်ဌေး ဦးခေါင်းအား အဝတ်စည်း၍ ရိုက်နှက်ခေါ်ဆောင်သွားခဲ့ပြီး ပြန်လွှတ်လိုပါက ငွေကျပ်သိန်း ၂၅၀ ပေးရမည်ဖြစ်ကြောင်း ခြိမ်းခြောက်တောင်းယူခဲ့ခြင်းဖြင့် ဓားပြမှုကို ကျူးလွန်ခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ – ၃၉၅ အရ ၎င်းတို့အား မေ ၁၁ ရက်တွင် “ အလုပ်နှင့် ထောင်ဒဏ် (၂၀)နှစ်” စီ အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၈) ရပ်ကွက်၌ ဧပြီ ၁၅ ရက်က သန်းလှိုင်(ဘ) ဦးသန်းစိန်ဖိုးသည် ရာအိမ်မှူးတာဝန် ဆောင်ရွက်နေသူ ဦးသောင်းဝင်းအား “သတ်ပစ်မယ်၊ မီးရှို့မယ် ” ဟု ပြောဆိုကာ နေအိမ်ရှေ့တွင် ခဲတံဆီများ ပက်ဖျန်းခြင်းဖြင့် ပြစ်မှုမကင်းသည့် ခြောက်လှန့်မှုကို ပြုခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး(Martial Law)စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ပုဒ်မ –၅၀၆(ဒုတိယပိုင်း) အရ ၎င်းအား မေ ၁၁ ရက်တွင် “ အလုပ်နှင့် ထောင်ဒဏ် (၇)နှစ်” အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် အဆောက်အအုံနှင့် စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၂**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၁၁ ရက် နံနက် ၁၁ နာရီခန့်တွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် မရင်းကြီးကျေးရွာနေ စိုးမင်းကျော် (၃၆ နှစ်) (ဘ) ဦးစောမောင် နေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား နေအိမ်အတွင်းမှ လက်လုပ်တူမီးသေနတ်နှစ်လက်နှင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ရှိ ဟိုနားရပ်ကွက်နေ ဟိန်းအောင်ဆက်(၂၀ နှစ်)နှင့် ဈေးရပ်ကွက်နေ ရဲသုဝေလင်း (ခ)ရာသာဝေလု(၁၈ နှစ်)တို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ပြောကြားချက်အရ ဟိုနားရပ်ကွက် အမှတ်(ဟ–၁၇/ ၅၄၅)ရှိ ဆရာစော၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား မတွေ့ရှိရဘဲ မီးဖိုချောင် မျက်နှာကြက်ပေါ်မှ M–22 သေနတ်နှစ်လက်၊ ၎င်းကျည်အိမ်နှစ်ခုနှင့် သံဗီရိုအတွင်းမှ ကြွပ်ကြွပ်အိတ်အနက်ရောင်ဖြင့် ထည့်ထားသည့် ကြိုးဆွဲလက်ပစ်ဗုံးလေးလုံးကိုလည်းကောင်း၊ ခြံဝင်းအတွင်းရှိ အိမ်သာအနီးမှ M–22 သေနတ်သုံးလက်၊ ၎င်းကျည်အိမ်သုံးခု၊ ၇ ဒသမ ၆၂ ကျည် ၃၁၅ တောင့်ကိုလည်းကောင်း၊အိမ်သာကျင်းဟောင်းအတွင်းမှ အဝါရောင်ပီနံအိတ်ဖြင့် ထည့်ထားသော ကြိုးဆွဲလက်ပစ်ဗုံး ၁၂ လုံးတို့ကို လည်းကောင်း၊ ဟသ်ာတမြို့နယ် ယုန်သလင်းအခြေခံပညာအထက်တန်းကျောင်းရှေ့၌ မျိုးမင်းပိုင်(ခ) ငမျိုး (ဘ) ဦးဝင်းတင်၊ ငြိမ်းချမ်း(ဘ)ဦးထွန်းမြင့်တို့ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများနှင့် လည်းကောင်း၊ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်း (၈၂၀) ရပ်ကွက် မဥ္ဇူသက္က ၁၄ လမ်း အမှတ်(ဒ/၄၇၀)၌ မြတ်ထူး(ခ) ကိုဇွဲ(ဘ) ဦးဝင်းတင်၊ တေဇာဟိန်း(ခ)ခန့်ညား(ဘ) ဦးမျိုးချစ်၊ အေးချမ်းမင်း(ဘ)ဦးသန်းဇော်နှင့် မင်းသူရထွန်း(ဘ) ဦးအေးဇော်ထွန်းတို့အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ည ၁၁ နာရီတွင် ဧရာဝတီတိုင်းဒေသကြီးပုသိမ်မြို့နယ် ချောင်းသာမြို့ရှိ(၃)ရပ်ကွက် ဒေါနတောင်လမ်းဘောလုံးကွင်းအနီး၌ အိမ်မဲမြို့နယ် တာကောကျေးရွာနေ ကျော်ဇင်လတ်(၃၆ နှစ် )(ဘ) ဦးအုန်းညွန့် မောင်းနှင်ပြီး အိမ်မဲမြို့ အထက်ပိုင်း ၁၁ လမ်းနေ တင်ကိုကို(၁၉ နှစ်)(ဘ)ဦးသန်းထွေး လိုက်ပါစီးနင်းလာသော ဆိုင်ကယ်ကို စစ်ဆေးရန် တားဆီးစဉ် ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ ငွေရောင်ပစ္စတိုသေနတ်တစ်လက်နှင့် ၉ မမကျည် ၁၂ တောင့်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ထိန်းသိမ်းစစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။



မူဆယ်မြို့၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် M– 22 သေနတ်များနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိစဉ်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို့ဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူအား ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၂၄ မှ*

အခုကတော့ တည်ဆဲအစိုးရကို ဆန့်ကျင်ချင်တာနဲ့ ကျောင်းသားလူငယ်တွေကို ကျောင်းမတက်ရေး လှုံ့ဆော်နေကြတဲ့အပြင် ဆရာဆရာမတွေကိုလည်း ကျောင်းမတက်ရေး ခြိမ်းခြောက်နေကြတာကိုတွေ့နေရပါတယ်။ ဒီလိုလုပ်နေကြတာဟာ လူငယ်တွေရဲ့အနာဂတ်ကို ဖျက်ဆီးနေတာပဲဖြစ်ပါတယ်။ နိုင်ငံရဲ့အနာဂတ်ကို ဖျက်ဆီးရာလည်း ကျပါတယ်။ ကျောင်းသားလူငယ်တွေဟာ အင်္ဂလိပ်တွေအုပ်ချုပ်ခဲ့တဲ့ ကိုလိုနီခေတ်မှာတောင် ပညာကို ရအောင်သင်ယူခဲ့ကြသူတွေ ဖြစ်ပါတယ်။ ကိုလိုနီပညာရေးစနစ်အောက်မှာ ပညာကိုသင်ယူပြီး ကိုလိုနီစနစ်ကို တော်လှန်ခဲ့ကြတာတွေ၊ ကိုလိုနီပညာရေးကို သင်ကြားခဲ့ပြီး နိုင်ငံခေါင်းဆောင်ဖြစ်လာသူတွေ၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်မှာ အောင်မြင်သူတွေပါပဲ။ ကျောင်းသားလူငယ်တွေအတွက် စာသင်နှစ် တစ်နှစ်နောက်ကျရင် တစ်နှစ်အတွက် အကျိုးယုတ်စေတာ အမှန်ပါပဲ။ ထို့အတူ နိုင်ငံအတွက်လည်း နစ်နာတာပါပဲ။ ထူးချွန်ထက်မြက်တဲ့ အတတ်ပညာရှင်၊ အသိပညာရှင်တွေ မွေးထုတ်ရာမှာလည်း တစ်နှစ် နောက်ကျခဲ့ရတာပဲ ဖြစ်ပါတယ်။

**ကိုယ်ချင်းစာနာကြပါ**

ငယ်ရွယ်နုနယ်တဲ့ ကျောင်းသားလူငယ်တွေရဲ့ အနာဂတ်ဘဝအတွက်၊ နိုင်ငံတော်ရဲ့အနာဂတ်အတွက် ပညာရေးကို မဖျက်ဆီးပစ်ကြဖို့ လိုပါတယ်။ ဒီလို ဖျက်ဆီးဖို့ကြိုးစားသူများကိုလည်း ဝိုင်းဝန်းတားဆီးဖို့ လိုမှာဖြစ်ပါတယ်။ “မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်၊ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ” ဆိုတဲ့ ဆရာ ဆရာမများရဲ့ ကျင့်ဝတ်နဲ့အညီ ဆရာ ဆရာမများကလည်း မိမိတို့ရဲ့ တပည့်သားသမီးတွေရဲ့ နောင်ရေးကိုကြည့်ပြီး ပညာရေးမှာ အားဖြည့်ပါဝင်ကြဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။


ကိုဗစ်–၁၉ ကြောင့် ကျောင်းသားလူငယ်လေးတွေဟာ ကျောင်းစာသင်ခန်းနဲ့ ဝေးနေခဲ့ရတာ ၂၀၂၀ မတ်လကတည်းက ဖြစ်ပါတယ်။ အဖြူ အစိမ်း ကျောင်းဝတ်စုံလေးတွေနဲ့ ကြည်နူးတက်ကြွစွာ စာသင်နေကြတဲ့ ကလေးတွေရဲ့ စာအံသံ၊ စာဖတ်သံတွေ ဆိတ်သုဉ်းခဲ့ရတာ တစ်နှစ်ကျော်ခဲ့ပါပြီ။ တစ်နှစ်ကျော် ကျောင်းပိတ်ထားခဲ့ရလို့ ကျောင်းသားကျောင်းသူတွေရဲ့ ပညာရေး တစ်နှစ်နောက်ကျခဲ့ရပါပြီ။ ဘွဲ့ရ၊ အလုပ်ခွင်ဝင်ရမယ့် လူငယ်တွေအတွက်လည်း တစ်နှစ် နောက်ကျခဲ့ရပါပြီ။ ကျောင်းတွေ ပြန်မဖွင့်နိုင်ရင်၊ ကျောင်းသားလူငယ်တွေ ကျောင်းမတက်ကြရင် ကျောင်းသားလူငယ်လေးတွေရဲ့ အနာဂတ်ဟာ မသေချာ မရေရာမှုတွေနဲ့ ရင်ဆိုင်ကြရမှာဖြစ်ပါတယ်။ သည်လိုဖြစ်သွားမယ့် ကျောင်းသူ ကျောင်းသားတွေရဲ့ ဘဝကို ကိုယ်ချင်းစာပေးကြစေလိုပါတယ်။ သားသမီးတွေအပေါ် မျှော်လင့်ချက်တွေ ထားရှိကြတဲ့ မိဘများရဲ့ဘဝကိုလည်း ကိုယ်ချင်းစာ နားလည်ပေးကြစေလိုပါတယ်။

**မပျက်မကွက် ကျောင်းအပ်နှံ**

ပန်းကလေးတွေ ပွင့်အာနိုင်ဖို့ အဖူးအငုံလေးတွေ ဖြစ်နေကြပါပြီ။ ပွင့်အာနိုင်ဖို့ ရေလောင်းပေါင်းသင်ပေးဖို့လည်း လိုပါတယ်။ ကလေးငယ်တွေရဲ့ အနာဂတ်လှပဖို့ ကျောင်းတွေဖွင့်လှစ်နိုင်ရေး၊ ကျောင်းသားလူငယ်တွေအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျောင်းမတက်နဲ့ ကျောင်းထွက်ဆိုတဲ့စကားဟာ ကျောင်းသား ကျောင်းသူတွေအတွက် အကျိုးယုတ်စေတဲ့ လှုံ့ဆော်ချက်တွေသာ ဖြစ်ပါတယ်။ ကျောင်းသားမိဘတွေရော၊ ကျောင်းသား ကျောင်းသူတွေပါ ဒီစကားတွေကို နားမယောင်ဖို့ လိုအပ်ပါတယ်။ စာသင်ခန်းတွေထဲမှာ ကျောင်းသား ကျောင်းသူလေးတွေရဲ့ လန်းဆန်းတက်ကြွတဲ့ အပြုံးမျက်နှာလေးတွေကို မြင်တွေ့နိုင်ဖို့ ကျောင်းအပ်နှံရေးကာလမှာ ကျောင်းသားမိဘတွေအနေနဲ့ သားသမီးများရဲ့ ဘဝနောင်ရေးအတွက် မပျက်မကွက် ကျောင်းအပ်နှံ သွားကြဖို့ပါပဲ။ ဒါမှလည်း သားသမီးတွေကို ချစ်ရာရောက်မှာပါ။ ။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကွင်း၊ ၁ ကွင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကွင်း၊ ၁ ကွင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကွင်း၊ ၁ ကွင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကွင်း ၁ ကွင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်များနှင့် ပတ်သက်၍ ပေးဆောင်ရမည့်ရက်နှင့်ပျက်ကွက်ပါက ကျသင့်မည့် ဒဏ်ကြေးများဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်လျက်ရှိသော ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်များနှင့်စပ်လျဉ်း၍ ပေးဆောင်ရမည့်ရက်နှင့် ပေးဆောင်ရန်ပျက်ကွက်ပါက ကျသင့်မည့် ဒဏ်ကြေးများအား သိရှိနိုင်ပါရန် အသိပေးနှိုးဆော်ခြင်း ဖြစ်ပါသည်။

၂။ ဝင်ငွေခွန်သည် တိုက်ရိုက်ခွန် အမျိုးအစားဖြစ်ပြီး ဝင်ငွေခွန်ဥပဒေအရ နှစ်တစ်နှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့် အခွန်ကို သုံးလတစ်ကြိမ် ပေးသွင်းရမည်ဖြစ်ရာ သုံးလပြည့်မြောက်သည့်နေ့မှ ၁၀ ရက်အတွင်း ပေးဆောင် ရပါမည်။ အခြေပစ္စည်းမှ မြတ်စွန်းငွေဖြစ်ပါက အခြေပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ် ကျသင့်သည့်အခွန်ကို ခန့်မှန်းတွက်ချက်ပေးသွင်းရပါမည်။ သတ်မှတ်ရက် အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်သည် သွယ်ဝိုက်ခွန်အမျိုးအစားဖြစ်ပြီး ကုန်စည်ထုတ်လုပ်ရောင်းချခြင်း၊ ကုန်စည်တင်သွင်းခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းများအတွက် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်မည် ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၄။ အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းခြင်း၊ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ အထူးကုန်စည်ခွန် ကျသင့်သည့် ကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းများအတွက် အထူးကုန်စည်ခွန် ကျသင့်မည် ဖြစ်ပါသည်။ အထူးကုန်စည်ခွန်ဥပဒေအရ လစဉ်အထူးကုန်စည်ခွန်ကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးဆောင်ရပါမည်။ သတ်မှတ်ရက်အတွင်း အခွန်ပေးသွင်းခြင်းမရှိပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပေးဆောင်ခြင်းမရှိသည့် အခွန်၏ ၁၀ ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် ဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ နောက်ဆက်တွဲဇယား (၁) ပါ စာချုပ်စာတမ်းများကို ချုပ်ဆိုပါက ပြည်တွင်းတွင် ချုပ်ဆိုသော စာချုပ်စာတမ်းများကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေနှင့်အညီ စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ စာချုပ်ချုပ်ဆိုချိန်တွင်ဖြစ်စေ တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရပါမည်။ ပြည်ပတွင်ချုပ်ဆိုပါက မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာ လက်ခံရရှိပြီးနောက် (၃) လ အတွင်း တံဆိပ်ခေါင်းခွန် ထမ်းဆောင်ရမည် ဖြစ်ပါသည်။ ထိုသို့ ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်များ ထမ်းဆောင်ထားခြင်းမရှိသည့် စာချုပ်စာတမ်းသည် သက်သေခံချက်တင်သွင်းခွင့်၊ မှတ်ပုံတင်ခွင့်၊ အရေးယူဆောင်ရွက်ခွင့် စသည့် အခွင့်အရေးများ ဆုံးရှုံးမည်ဖြစ်ပြီး၊ အဆိုပါ အခွင့်အရေးများ ပြန်လည်ရရှိနိုင်ရေးအတွက် ထိုက်သင့် တံဆိပ်ခေါင်းခွန် ပြည့်မီရန် လိုအပ် သော တံဆိပ်ခေါင်းခွန်တန်ဖိုးကို ပေးသွင်းခြင်း၊ ပြည့်မီရန် လိုအပ်သော တံဆိပ်ခေါင်းခွန်၏ (၃) ဆ အား ဒဏ်ကြေးအဖြစ် ပေးဆောင်ခြင်းများ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ဧထာပါနာ လီမိတက်**
**SATHAPANA LIMITED**

### ဘုတ်အဖွဲ့ဝင် ဒါရိုက်တာတစ်ဦး နှုတ်ထွက်ခြင်း နှင့် ဘုတ်အဖွဲ့ဝင်ဒါရိုက်တာတစ်ဦး ခန့်အပ်တာဝန်ပေးခြင်း

SATHAPANA Limited ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် ( "ကုမ္ပဏီ" နှင့် ၎င်း၏ လုပ်ငန်းခွဲမျိုးတို့နှင့်အတူ "MARUHAN Investment Asia Pte.,Ltd" ) မှ ရှယ်ယာရှင်များအား (၁) ရက်၊ ဧပြီလ၊ ၂၀၂၁ ခုနှစ် မှစ၍ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင် ပြောင်းလဲမှုများကို လေးစားစွာ တင်ပြအပ်ပါသည်။

**အကြောင်းအရာ။ ။ (၁) Mr. Suzuki Masaru ၏ ဘုတ်အဖွဲ့ဝင် ဒါရိုက်တာရာထူးမှ နှုတ်ထွက်ခြင်း။**

Mr. Suzuki Masaru သည် ဒါရိုက်တာဘုတ်အဖွဲ့နှင့် စာရင်းစစ်ကော်မတီ အဖွဲ့ဝင်တစ်ဦးအဖြစ်တာဝန် ထမ်းဆောင်ပြီး (၁) ရက်၊ ဧပြီလ၊ ၂၀၂၁ ခုနှစ် မှစ၍ ကုမ္ပဏီ၏ဘုတ်အဖွဲ့မှ နှုတ်ထွက်လိုက်ပါသည်။ ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်များမှလည်း ကုမ္ပဏီ၏ အောင်မြင်မှုအခန်းကဏ္ဍအတွက် အရေးပါသော ကြိုးစားလုပ်ဆောင်ခဲ့မှုများအတွက် ကျေးဇူးတင် ဂုဏ်ပြုအပ်ပါသည်။

**(၂) Mr. Tsuchiya Kazuhiko အား ဒါရိုက်တာဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း။**

Mr. Suzuki Masaru ၏ ဘုတ်အဖွဲ့ ဒါရိုက်တာရာထူး နှင့် စာရင်းစစ်ကော်မတီဝင်အဖြစ်မှ ရာထူးမှ နှုတ်ထွက်ခြင်းကြောင့် Mr. Tsuchiya Kazuhiko အားလစ်လပ်နေသော ဘုတ်အဖွဲ့ဝင်ဒါရိုက်တာ တာဝန်နှင့်အတူ စာရင်းစစ် ကော်မတီဥက္ကဌအဖြစ် (၁) ရက်၊ ဧပြီလ၊ ၂၀၂၁ ခုနှစ် မှစ၍ ခန့်အပ်လိုက်ပါသည်။

**(၃) Mr. Ando Hidenori အား ဒါရိုက်တာဘုတ်အဖွဲ့ဝင် တစ်ဦးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်း။**

Mr. Ando Hidenori အား ဘုတ်အဖွဲ့ဝင်ဒါရိုက်တာ တာဝန်နှင့်အတူ စာရင်းစစ်ကော်မတီဝင်အဖြစ် (၁) ရက်၊ ဧပြီလ၊ ၂၀၂၁ ခုနှစ် မှစ၍ ခန့်အပ်လိုက်ပါသည်။

**ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။**

| | |
|---|---|
| Mr. Ken Han (Managing Director) | Mr. Kim Vada (Director) |
| Dr. Chang Woo Han (Director) | Mr. Hun Monivann (Director) |
| Mr. Yu Han (Director) | Mr. Kazuhiko Tsuchiya (Director) |
| Mr. Seang Serey (Director) | Mr. Ando Hidenori (Director) |

ဘုတ်အဖွဲ့၏ အမိန့်ဖြင့်
Mr. Seang Serey
အမှုဆောင်အရာရှိချုပ် ( CEO )
၁၁ ရက်၊ မေလ၊ ၂၀၂၁ ခုနှစ်

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/9729 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၀၊ မြေကွက်အမှတ် -၁၊ ၁ဒသမ၂၀၀ ဧက၊ မြေကွက်တည်နေရာအမှတ်- ၁၄၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ဒေါ်ရွှေတင် အမည်ပေါက် မြေပိုင်မြေ(မစိုက်ပျိုးမြေ)အား အမည်ပေါက် ထံမှ ဦးစိုးမင်းသန့်၊ ဒေါ်စန်းစန်းဌေး(ခ)ဒေါ်စန်းစန်းသိမ်းတို့က ဧရိယာ ၁ဒသမ၂၀၀ ဧကအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်း (၂၈/၂၅ပေx၆၅၀) ကို အရောင်းအဝယ် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီး ကမာရွတ်မြို့နယ် တရားရုံးတွင် အရောင်းအဝယ် ကတိစာချုပ်အား မှတ်ပုံတင် စာချုပ်ချုပ်ပေးစေလိုမှု စွဲဆိုခဲ့ရာ ကမာရွတ်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ်-၄/၂၀၂၀ (၁-၇-၂၀၂၀) စီရင်ချက်နှင့် ဒီကရီအရ ဦးစိုးမင်းသန့် ၁၂/ကမရ(နိုင်)၀၁၂၃၄၁၊ ဒေါ်စန်းစန်းဌေး(ခ)ဒေါ်စန်းစန်းသိမ်း ၁၂/ကမရ(နိုင်)၀၀၈၆၅၂တို့က အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီး တရားမဇာရီမှု အမှတ်-၃/၂၀၂၀ (၄-၉-၂၀၂၀)ကိုတင်ပြ၍ တရားရှုံးဖြစ်သည့် ဒေါ်ရွှေတင်ကိုယ်စား ဘီလစ်ဒေါ်ခင်မော် ၁၂/ကမရ(နိုင်)၀၃၆၀၁၁က တရားရုံးအမိန့်များ၊ ကမာရွတ်မြို့နယ်တရားရုံး၏ (၄-၉-၂၀၂၀)ရက်ပါ ဘီလစ်ခန့်စာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

---

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

စစ်တွေမြို့နယ်၊ တောကန်ကျေးရွာနေ ဦးအောင်ကျော်သန်း၏သမီး မဖြိုးဖြိုးခိုင် ၁၁/စတန(နိုင်)၁၂၂၁၄နှင့် မငွေငွေလှိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မဖြိုးဖြိုးခိုင်(ခ)မငွေငွေလှိုင်**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2D/1146 Toyota Harrier M/U 15 S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းယု ၁၂/လမတ(နိုင်)၁၀၅၅၅၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ ရွှေသံလွင်၊မြေကွက်အမှတ်(၃၃+၃၄)၊ဧရိယာ(၄ဒသမ၀၅၃)ဧက၊မြေကွက်တည်နေရာအမှတ်(၃၃+၃၄)၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး၊ ဆိပ်ကမ်းသာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်း၊ ရွှေဥက္ကံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ အာရှအထွေထွေလျှပ်စစ်ဟိုးဒင်းကုမ္ပဏီလီမိတက်(Asia General Electric Holding Company Limited) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် (၂၈၄၂/၂၀၁၄-၂၀၁၅)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည် ပေါက် အာရှအထွေထွေလျှပ်စစ်ဟိုးဒင်းကုမ္ပဏီလီမိတက် (Asia General Electric Holding Company Limited)အမည်မှ အာရှ အထွေထွေဟိုးဒင်းကုမ္ပဏီလီမိတက် (Asia General Holding Company Limited)အမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် ကုမ္ပဏီ ကိုယ်စားတာဝန်ပေးအပ်ခံရသူ ဒေါ်ငြိမ်းမို့မို့ ၁၄/လပတ(နိုင်)၁၂၆၁၀၇ မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်အမှတ် ၂၈၄၂/၂၀၁၄-၂၀၁၅အရ အာရှအထွေထွေဟိုးဒင်းကုမ္ပဏီလီမိတက်အဖြစ် (၃-၉-၂၀၁၄)ရက်တွင် မှတ်ပုံတင်ခွင့်ပြုသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ယင်းဦးစီးဌာန၏ (၂၀-၇-၂၀၁၇)ရက်စွဲဖြင့် အာရှအထွေထွေလျှပ်စစ်ဟိုး ဒင်းကုမ္ပဏီလီမိတက် (Asia General Electric Holding Company Limited)မှ အာရှအထွေထွေ ဟိုးဒင်းကုမ္ပဏီလီမိတက်(Asia General Holding Company Limited)အမည်သို့ (၂၇-၆-၂၀၁၇)ရက်တွင် အမည်ပြောင်းလဲခွင့်ပြုကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ အကြောင်းကြားစာမိတ္တူ၊ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများ နှစ်(၆၀)ဂရန်မူရင်းနှင့် ကုမ္ပဏီကိုယ်စား ဒေါ်ငြိမ်းမို့မို့အား တာဝန်ပေးအပ်ကြောင်း (၂၇-၈-၂၀၁၉)ရက်စွဲပါ အထူးအထွေထွေ အစည်းအဝေးမှတ်တမ်းနှင့် မြေစာရင်းမှတ်ချက်ရှိ (၂၀၁၅)ခုနှစ်တွင် ကုမ္ပဏီကိုယ်စား ဦးသိန်းစိုးဦးမှ အရောင်းအဝယ်မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်စပ်လျဉ်းပြီး ၎င်းမြေပုံမူရင်းသည် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်းခြင်း လုံးဝမရှိပါကြောင်းနှင့် စာချုပ်စာတမ်းမူရင်းနှင့် ဂရန်မူရင်းများ ကုမ္ပဏီ၏လက်ဝယ်တွင် ပိုင်ဆိုင်လျက်ရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာနှင့်အတူ (၃၀-၈-၂၀၁၉)ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့အားတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**အမည်မှန်**

ကျောက်တန်းမြို့၊ စံချိန်မီမြို့သစ်နေ ဦးမြင့်ဌေး ၁၂/ကတန(နိုင်)၀၁၃၃၉၈ ၏သမီး မဝင်းမို့မို့ထွန်း၏ အမည်မှန်မှာ မမေမြတ်မွန် ဖြစ်ပါကြောင်း။ **မမေမြတ်မွန်**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ ရွှေသံလွင်၊ မြေကွက်အမှတ်(၂+၃)၊ ဧရိယာ(၂ဒသမ၉၈၄)ဧက၊ မြေကွက်တည်နေရာအမှတ်(၂+၃)၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး၊ ဆိပ်ကမ်းသာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်း၊ ရွှေဥက္ကံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ အာရှအထွေထွေလျှပ်စစ်ဟိုးဒင်းကုမ္ပဏီလီမိတက်(Asia General Electric Holding Company Limited) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် (၂၈၄၂/၂၀၁၄-၂၀၁၅)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် အာရှအထွေထွေလျှပ်စစ်ဟိုးဒင်းကုမ္ပဏီလီမိတက် (Asia General Electric Holding Company Limited)အမည်မှ အာရှ အထွေထွေဟိုးဒင်းကုမ္ပဏီလီမိတက် (Asia General Holding Company Limited)အမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် ကုမ္ပဏီ ကိုယ်စားတာဝန်ပေးအပ်ခံရသူ ဒေါ်ငြိမ်းမို့မို့ ၁၄/လပတ(နိုင်)၁၂၆၁၀၇ မှ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်အမှတ် ၂၈၄၂/၂၀၁၄-၂၀၁၅အရ အာရှအထွေထွေဟိုးဒင်းကုမ္ပဏီလီမိတက်အဖြစ် (၃-၉-၂၀၁၄) ရက်တွင် မှတ်ပုံတင်ခွင့်ပြုသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ယင်းဦးစီးဌာန၏ (၂၀-၇-၂၀၁၇)ရက်စွဲဖြင့် အာရှအထွေထွေလျှပ်စစ်ဟိုး ဒင်းကုမ္ပဏီလီမိတက် (Asia General Electric Holding Company Limited)မှ အာရှအထွေထွေ ဟိုးဒင်းကုမ္ပဏီလီမိတက်(Asia General Holding Company Limited)အမည်သို့ (၂၇-၆-၂၀၁၇)ရက်တွင် အမည်ပြောင်းလဲခွင့်ပြုကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ အကြောင်းကြားစာမိတ္တူ၊ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများ နှစ်(၆၀)ဂရန်မူရင်းနှင့် ကုမ္ပဏီကိုယ်စား ဒေါ်ငြိမ်းမို့မို့အား တာဝန်ပေးအပ်ကြောင်း (၂၇-၈-၂၀၁၉)ရက်စွဲပါ အထူးအထွေထွေ အစည်းအဝေးမှတ်တမ်းနှင့် မြေစာရင်းမှတ်ချက်ရှိ (၂၀၁၅)ခုနှစ်တွင် ကုမ္ပဏီကိုယ်စား ဦးသိန်းစိုးဦးမှ အရောင်းအဝယ်မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်စပ်လျဉ်းပြီး ၎င်းမြေပုံမူရင်းသည် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားကြောင်းနှင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်းခြင်း လုံးဝမရှိပါကြောင်းနှင့် စာချုပ်စာတမ်းမူရင်းနှင့် ဂရန်မူရင်းများ ကုမ္ပဏီ၏လက်ဝယ်တွင် ပိုင်ဆိုင်လျက်ရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာနှင့်အတူ (၃၀-၈-၂၀၁၉)ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့အားတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီရပ်ကွက်၊ မြေကွက်အမှတ်(ပ-၁၃၅၀)၊ အကျယ်အဝန်း ပေ(၈၀x၈၀)၊ ဧရိယာ (၀ဒသမ၁၄၆)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ လုပ်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဒေါ်ကြည်ကြည်အေး ၁/မကန(နိုင်)၀၁၄၈၇၉မှ ဒေါ်ယုံဆန်(ခ)ကျူရင်စိန် ၁၃/ကခန(နိုင်)၀၀၈၈၄၀ထံသို့ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၇၅၀၇/၂၀၁၁)(၆-၉-၂၀၁၁)ရက်စွဲဖြင့် လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်သူ့ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၈၈၉)**
**ဖုန်း-၀၉-၇၉၉၁၂၃၀၀**

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်ရပ်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အမှတ် (ပ-၂၃၈၁၉)၊ ဒေါ်တင်ဝင်း ၉/ပသက(နိုင်)၀၄၃၀၉၅ (ဘ) ဦးလှမောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်ကို ဒေါ်နန်း ကျော့ခိုင် ၉/တတဥ(နိုင်)၀၀၀၃၃၉ (ဘ) ဦးကျော်မင်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၀/၁၁-၉-၂၀၁၄) တင်ပြ၍ ဦးဝေဖြိုးအောင် ၁၂/ဒဂတ(နိုင်)၀၃၆၇၆၂နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
### ကလေးခရိုင်တရားရုံး
### ၂၀၂၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၂

| | | |
|---|---|---|
| ဒေါ်နွမ်ကြည် | နှင့် | ၁။ ဦးအာလ်ခန်ခုပ် |
| | | ၂။ ဦးလွမ်ထောင်း |
| | | ၃။ ဒေါ်သွက်မန် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

ဒေါ်သွက်မန်(ဘ)ဦးလျန်ဒက်၊ တောင်သူ၊ အမှတ် (၄၉)၊ နယ်မြေ(၄)၊ ကြို့သုံးပင်ရပ်ကွက်၊ ကလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ လျှောက်ထားသူက တရားမကျင့်ထုံးဥပဒေ အမိန့်-၂၁၊ နည်း-၅၈အရ ဝရမ်းခွာပေးရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာပါအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၁ ခုနှစ် ဇွန် ၁၀ရက် (၁၃၈၃ ခုနှစ် နယုန်လဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးတော်သို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် မေ ၁၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ ရွှေသံလွင်၊ မြေကွက်အမှတ်(၁+၃၅)၊ ဧရိယာ(၄ဒသမ၈၈၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၁+၃၅)၊ ရန်ကုန်-ပုသိမ်လမ်းမကြီးဘေး၊ ဆိပ်ကမ်းသာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်း၊ ရွှေဥက္ကံကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်၊ အာရှအထွေထွေလျှပ်စစ်ဟိုးဒင်းကုမ္ပဏီလီမိတက်(Asia General Electric Holding Company Limited) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် (၂၈၄၂/၂၀၁၄-၂၀၁၅)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် အာရှအထွေထွေလျှပ်စစ်ဟိုးဒင်းကုမ္ပဏီလီမိတက် (Asia General Electric Holding Company Limited)အမည်မှ အာရှ အထွေထွေဟိုးဒင်းကုမ္ပဏီလီမိတက် (Asia General Holding Company Limited) အမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် ကုမ္ပဏီ ကိုယ်စားတာဝန်ပေးအပ်ခံရသူ ဒေါ်ငြိမ်းမို့မို့ ၁၄/လပတ(နိုင်)၁၂၆၁၀၇ မှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ မှတ်ပုံတင်အမှတ် ၂၈၄၂/၂၀၁၄-၂၀၁၅အရ အာရှအထွေထွေဟိုးဒင်းကုမ္ပဏီလီမိတက်အဖြစ် (၃-၉-၂၀၁၄)ရက်တွင် မှတ်ပုံတင်ခွင့်ပြုသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ယင်းဦးစီးဌာန၏ (၂၀-၇-၂၀၁၇)ရက်စွဲဖြင့် အာရှအထွေထွေလျှပ်စစ်ဟိုး ဒင်းကုမ္ပဏီလီမိတက် (Asia General Electric Holding Company Limited)မှ အာရှအထွေထွေ ဟိုးဒင်းကုမ္ပဏီလီမိတက်(Asia General Holding Company Limited)အမည်သို့ (၂၇-၆-၂၀၁၇)ရက်တွင် အမည်ပြောင်းလဲခွင့်ပြုကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနသို့ အကြောင်းကြားစာမိတ္တူ၊ ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းများ နှစ်(၆၀)ဂရန်မူရင်းနှင့် ကုမ္ပဏီကိုယ်စား ဒေါ်ငြိမ်းမို့မို့အား တာဝန်ပေးအပ်ကြောင်း (၂၇-၈-၂၀၁၉)ရက်စွဲပါ အထူးအထွေထွေ အစည်းအဝေးမှတ်တမ်းနှင့် မြေစာရင်းမှတ်ချက်ရှိ (၂၀၁၅)ခုနှစ်တွင် ကုမ္ပဏီကိုယ်စား ဦးသိန်းစိုးဦးမှ အရောင်းအဝယ်မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်စပ်လျဉ်းပြီး ၎င်းမြေပုံမူရင်းသည် သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားကြောင်းနှင့် အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လွှဲပြောင်းခြင်း လုံးဝမရှိပါကြောင်းနှင့် စာချုပ်စာတမ်းမူရင်းနှင့်ဂရန်မူရင်းများ ကုမ္ပဏီ၏လက်ဝယ်တွင် ပိုင်ဆိုင်လျက်ရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာနှင့်အတူ (၃၀-၈-၂၀၁၉)ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့အားတင်ပြ၍ အမည်ပြောင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**စာအုပ် စာပေ လူ့မိတ်ဆွေ**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး ဦးစီးအရာရှိအရည်အချင်းစစ်ဆေးမည့်ရက်ကြေညာခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးချုပ်တွင် လစ်လပ်လျက်ရှိသော **ဦးစီးအရာရှိ ရာထူး-လစာနှုန်းကျပ် ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀** ရာထူး(၂)နေရာအတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသော အောက်ဖော်ပြပါလျှောက်လွှာရှင် (၄၅)ဦးအား ဖော်ပြပါနေ့ရက်တွင် စာမေးပွဲဖြေဆိုရန်အကြောင်းကြားသည်-

| စဉ် | အမည် | အဖအမည် |
|---|---|---|
| ၁ | ဒေါ်ဖြူဖြူသော် | ဦးကျော်မင်း |
| ၂ | ဦးမျိုးလှိုင်မြင့်ထွန်း | ဦးစိန်ငြိမ်းထွန်း |
| ၃ | ဒေါ်ခိုင်ယဉ်မွန်သန့် | ဦးစိန်လင်း |
| ၄ | ဒေါ်မေနှင်းသူ | ဦးကျော်သူရ |
| ၅ | ဒေါ်မွန်မြတ်သူစိုး | ဦးသန်းထိုက်စိုး |
| ၆ | ဦးမြတ်သူရ | ဦးဌေးကြွယ် |
| ၇ | ဦးကျော်ရဲအောင် | ဦးရွှေဘ |
| ၈ | ဒေါ်ဟေမာန်ဝင်းအောင် | ဦးဝင်းအောင် |
| ၉ | ဒေါ်အိရွှေစင် | ဦးမြင့်သန်း |
| ၁၀ | ဦးသက်နိုင်ဖြိုး | ဦးမောင်မောင်ဝင်း |
| ၁၁ | ဒေါ်သက်သက်အောင် | ဦးတင့်ကျော် |
| ၁၂ | ဒေါ်ဇင်ဖြိုးအောင် | ဦးကြည်အောင် |
| ၁၃ | ဒေါ်မို့မို့အောင် | ဦးကျော်ခိုင် |
| ၁၄ | ဒေါ်ဇင်မာထွန်း | ဦးကျော်ကျော်မင်း |
| ၁၅ | ဒေါ်လွင်ယမင်းသန့် | ဦးသန့်ဇင်ဦး |
| ၁၆ | နန်းခမ်းဝါ | ဦးသိန်းချစ် |
| ၁၇ | ဦးနေလှိုင်မင်း | ဦးခင်ညိမ်း |
| ၁၈ | ဒေါ်ဇင်ဇင်မြင့်မော် | ဦးမြင့်မောင် |
| ၁၉ | ဒေါ်နွယ်နီကျော် | ဦးအောင်ညွန့် |
| ၂၀ | ဒေါ်ယဉ်မျိုးသူ | ဦးတင်ထွန်း |
| ၂၁ | ဒေါ်ရွှန်းလဲ့လင်း | ဦးထွန်းနိုင် |
| ၂၂ | ဦးစိုးမိုးဇော် | ဦးခင်မောင်ဇော် |
| ၂၃ | ဒေါ်ဆုဝဒ္ဒီထွန်း | ဦးခင်မြင့် |
| ၂၄ | ဦးကျော်စိုးလင်း | ဦးကံညွန့် |
| ၂၅ | ဦးစည်သူစိုး | ဦးတင်ဦး |
| ၂၆ | ဦးသက်နိုင်ထွန်း | ဦးတင်ဦး |
| ၂၇ | ဒေါ်အေးမြတ်သူ | ဦးသန်းဆွေ |
| ၂၈ | ဦးဖြိုးစည်သူ | ဦးထွန်းရွှေ |
| ၂၉ | ဦးလင်းသူမောင် | ဦးတင်ဝင်း |
| ၃၀ | ဒေါ်ယုယဝေလွင် | ဦးမြင့်လွင် |
| ၃၁ | ဒေါ်မိုးစံပယ်ဖြူ | ဦးနိုင်လင်း |
| ၃၂ | ဒေါ်အေးအေးမွန် | ဦးမင်းနိုင် |
| ၃၃ | ဒေါ်ဒူးရ်ဂါးဒေဝီ(ခ)ဒေါ်ဒူးရ်ဂါး | ဦးတံကာဗဟာဒူး |
| ၃၄ | ဒေါ်မေလေးငယ် | ဦးလှမောင် |
| ၃၅ | ဦးပြည့်ဝမောင် | ဦးညွန့်မောင် |
| ၃၆ | ဒေါ်မွှေးမွှေးသင်း | ဦးလင်းကြည် |
| ၃၇ | ဒေါ်စောအေး | ဦးထွန်းအောင်သိန်း |
| ၃၈ | ဒေါ်ဥမ္မာစိုး | ဦးသိန်းဆောင် |
| ၃၉ | ဦးဇော်ဝင်းမြင့် | ဦးသန်းဝင်း |
| ၄၀ | ဒေါ်မြဇာနည်အောင် | ဦးကျော်အောင် |
| ၄၁ | ဒေါ်ပြည့်ဖြိုးစံ | ဦးကြည်အောင် |
| ၄၂ | ဒေါ်သိန်းသန်းဝင်း | ဦးညွန့်အောင် |
| ၄၃ | ဒေါ်နှင်းဝတ်ရည် | ဦးသန်းမြင့် |
| ၄၄ | ဦးဖုထက် | ဦးအိုက်လောင်း |
| ၄၅ | ဒေါ်ကြည်ဇာစိုး | ဦးဇော်သောင်းလွင် |

၁-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနသို့ သတင်းပို့ရမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲတွင် လူ့အခွင့်အရေးဘာသာရပ်၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ စသည့် ဘာသာရပ်များကို ၁-၆-၂၀၂၁ ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ဖြေဆိုရမည်ဖြစ်သည်။

၁-၆-၂၀၂၁ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွန်ပျူတာလက်တွေ့စစ်ဆေးမည်ဖြစ်သည်။

၂-၆-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့)နှင့် ၃-၆-၂၀၂၁ရက် (ကြာသပတေးနေ့) တို့တွင် လူတွေ့စာမေးပွဲဖြေဆိုရမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၄၆၈၁မှ ၆၅၄၆၈၄၊ Ext:၈၀၁၊ ၈၃၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

---

## ငွေချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
### ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၅၁၂

၁။ AUN PHAIK KYU(ခ)ဒေါ်ခင်ခင်မြင့် **နှင့်** လင်မကျင်(ခ)မကျင်
၂။ အန်ပိတ်အင်(ခ)ဦးတင်စိုး

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)၊ ခိုင်သဇင်လမ်းနှင့် စံပယ်လမ်းထောင့်၊ အမှတ် (၄၃၆)နေ တရားပြိုင် လင်မကျင်(ခ)မကျင်(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို AUN PHAIK KYU (ခ)ဒေါ်ခင်ခင်မြင့်ပါ-၂က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၁ခုနှစ် ဇွန် ၁၀ရက် (၁၃၈၃ ခုနှစ် နယုန်လဆန်း ၁ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရေး ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် မေ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၁၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
### မော်လမြိုင်ခရိုင်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် -၃၆

ကွယ်လွန်သူ ဒေါ်ခင်နွဲ့ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှုတွင် အမှတ် (၃၀)၊ ဇေယျာမြိုင် (၁)လမ်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့၌ နေထိုင်ခဲ့သော ဒေါ်ခင်နွဲ့ ကျန်ခဲ့သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ကွယ်လွန်သူ ဒေါ်ခင်နွဲ့၏ညီမဖြစ်သူ ဒေါ်မြနွဲ့က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၁ ခုနှစ် မေ ၂၆ရက် (၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ခင်နွဲ့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားစပ်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၁ ခုနှစ် မေ ၂၆ရက် (၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်မြနွဲ့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချမှတ်လိုက်မည်ဖြစ်သည်။

၂၀၂၁ ခုနှစ် မေ ၁၂ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ဇော်မင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မော်လမြိုင်ခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

